
# စစ်အေးတိုက်ပွဲနှင့် နောက်ဆက်တွဲ





ယခုသင်ခန်းစာပြီးဆုံးပါက

- စစ်အေးတိုက်ပွဲ နှင့် ပတ်သက်သည်များကို ရှင်းပြတတ်လာမည်၊
- အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်အကြား ခြားနားချက်များကို ဖော်ပြနိုင်လာမည်၊
- စစ်အေးတိုက်ပွဲတွင် ပါဝင်ခဲ့သည့် အဓိက နိုင်ငံများကို မြေပုံပေါ်တွင် ထောက်ပြလာနိုင်မည်၊ ထိုနိုင်ငံများ အကြောင်း အကျယ်တဝံ့ ရှင်းပြလာနိုင်မည်၊
- စစ်အေးတိုက်ပွဲ၏ လက်နက်များအဖြစ် ဖွံ့ဖြိုးတိုးတက်မ၍ အကူအညီနှင့် အထောက်အထားများမည် ကဲ့သို့ အသုံးပြုခဲ့ရမ၍ အကြောင်း ဆွေးနွေးတတ်လာမည်၊
- စစ်အေးတိုက်ပွဲနှင့် ပတ်သက်ပြီး ကမ္ဘာလုံးဆိုင်ရာ နောက်ဆက်တွဲ အကျိုးဆက် အနည်းဆုံး (၃)ခု–ကို ဆွေးနွေး တတ်လာမည်၊

## ၁.၁ စစ်အေးတိုက်ပွဲ – အဓိပ္ပာယ်ဖွင့်ဆိုချက်

**ဦးနှောက်သွေးခြင်း**

**အဓိကစကားလုံးများ**

မဟာမိတ် (alliance)။ ဝါဒဖြန့်ချက် (propaganda)။ လက်နက် (arms)။ ပြိုင်ဘက် (rival)။ သီအိုရီ (theory)။ ထိန်းချုပ်သည် (regulate)။ ဖြန့်ဝေခြင်း (distribution)။ ခြုံငုံသော် (collectively)


၁၊ နိုင်ငံများ အသုံးပြုအများဆုံး ပဋိပက္ခဖြေရှင်းနည်းများမှာ အဘယ်နည်း၊

၂၊ စစ်အေးတိုက်ပွဲအကြောင်း သင် မည်သည်များ သိထားသနည်း၊

၃၊ စူပါပါဝါ၏ အဓိပ္ပာယ်မှာ အဘယ်နည်း၊

စစ်အေးတိုက်ပွဲဟူသည် ၁၉၄၅–၁၉၈၉ ကာလအတွင်း ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်နှင့် ၎င်း၏ မဟာမိတ် နိုင်ငံများကြား ပြိုင်ဆိုင်မှုများ။ တင်းမာမှုများနှင့် ပဋိပက္ခများကို အကြောင်းပြု၍ ဖြစ်ပွားခြင်း ဖြစ် သည်၊ အရှေ့အနောက် ဖြစ်ပွားသော ပဋိပက္ခသည် ဖြစ်မလာခဲ့ပေ၊ ရာနှုန်းပြည့် စစ်ပွဲကြီးတစ်ခုအသွင် စူပါပါဝါ နိုင်ငံတစ်ခုချင်းစီက အခြားနိုင်ငံများနှင့် မဟာမိတ်များအဖြစ် အသီးသီး ဖွဲ့စည်းခဲ့ကြသည်၊

## သီအိုရီအရ စနစ်နှစ်ခု



### ကွန်မြူနစ်ဇင်မ်

၁၉ ရာစု ဂျာမန်အတွေးအခေါ်ပညာရှင် ကားလ်မက်စ်က လူမှုအဖွဲ့အစည်းအတွင်း ကြီးမားသောမညီမျှမှု ဖြစ်ပေါ်နေမှုကိုတွေ့မြင်ခဲ့သည်၊ သူလေ့လာမှတ်သား ဂရုပြုမိခဲ့သည်က အလုပ်လုပ်သောလူတန်းစားနှင့် ဆင်းရဲသားများသည် ၎င်းတို့၏ ဘဝများကိုတိုးတက်အောင်လုပ်ရန် အလွန်ခက်ခဲနေခြင်းဆိုသည့် အချက်ပင်ဖြစ်သည်၊ တစ်ချိန်တည်းတွင် ချမ်းသာသောသူများကို ကြည့်ရသည်မှာ အ လွယ်တကူ ပိုချမ်းသာကြအောင်နှင့် အင်အားကြီးအောင်လည်း လုပ်ရန်လွယ်ကူ သည်ဟုဆိုသည်၊ သူ့အနေဖြင့် ကွန်မြူနစ်ဇင်ဟု နောက်ပိုင်းတွင်ခေါ်တွင်ခဲ့သည့် စီးပွားရေးနှင့် လူမှုရေးစနစ်သစ်အတွက် သီအိုရီတစ်ခုကိုတိုးတက်ဖြစ်ပေါ်စေခဲ့သည်၊ မာ့ခ်သီအိုရီတွင် အစိုးရ(သို့)နိုင်ငံတော်သည် လူ့အဖွဲ့အစည်းရှိလူများ အားလုံးကိုတူ ညီသောဥစ္စာဓနဝေငှပေးနိုင်မည့်စီးပွားရေးစည်းမျဉ်းဥပဒေကိုပြဋ္ဌာန်းသတ်မှတ်ပေးသည်၊နိုင်ငံတော်နှင့် ပြည်သူများအနေဖြင့် ဥစ္စာကိုပိုင်ဆိုင်ရမည်၊ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံသားများ လုံလောက်သောပညာရေး။ ကျန်းမာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် တာဝန်ဝတ္တရား ရှိသည်၊

### ကက်ပီတယ်လစ်ဇင်မ်

အရင်းရှင်စနစ်များတွင် အစိုးရကစီးပွားရေးကို ထိန်းချုပ်မှုမရှိပေ၊ တစ်သီးပုဂ္ဂလက ဥစ္စာဓနနှင့် ဝန်ဆောင်မှု ပေးခြင်းများကို အားပေးသည်၊ စီးပွားရေးဆိုင်ရာပြုမူလုပ်ရှားမှုများကို "ဈေးကွက်" ဟုခေါ်သော ပုဂ္ဂလိကကဏ္ဍာ ဆုံးဖြတ် ပေးသည်၊ ဈေးနှုန်း။ ကုန်ပစ္စည်းရောင်းချမှုနှင့် ဝန်ဆောင်မှုများကို ယင်းတို့အား ထုတ်လုပ်သူနှင့် အသုံးပြုသူတို့က ဆုံးဖြတ်ပေး သည်၊ ၎င်းကို တစ်ခါတရံ လွတ်လပ်သော ဈေးကွက်စနစ် (free market system) ဟု ခေါ်သည်၊ ကျန်းမာရေး။ ပညာရေးနှင့် အလုပ်အကိုင် အခြေအနေများသည် အစိုးရ၏ တာဝန်ဝတ္တရား ဖြစ်နိုင်ဖွယ် ရှိသလို မဖြစ်နိုင်ဖွယ်လည်း ရှိသည်၊

**ဆိုဗီယက်ပြည်ထောင်စု** – ၁၉၂၀ မှ ၁၉၈၉ အတွင်း ဂရိတ်ရုရှားကို ခေါ်တွင်သော အမည်

**ဆွေးနွေးခြင်း**

**စွမ်းရည်**
ချင့်ချိန်ခြင်း

–မည်သည့် သီအိုရီကို ပိုမို နှစ်သက်ပါသလဲ၊ အကြောင်းပြချက်ပေး၍ ဖြေဆိုပါ။

# လက်တွေ့အရ စနစ်နှစ်ခု

–စနစ်နှစ်ခုစလုံးနှင့် ပတ်သက်၍ သင်ဘာသိပါသလဲ၊

–လက်တွေ့ဘဝတွင် ကွန်မြူနစ်စနစ်နှင့်အရင်းရှင်စနစ်၏ အားနည်းချက်အချို့မှာ အဘယ်နည်း၊

## ကြိုတင်လေ့လာခြင်း

**အဓိကစကားလုံးများ**

ညံ့သောစီမံခန့်ခွဲမှု (mismanagement)။ တစ်ဦးချင်း အခွင့်အရေးရကာ လွတ်လပ်စွာ ပါဝင်နိုင်သည့် လူ့အဖွဲ့အစည်း (civil society)။ လက်ဝါးကြီးအုပ်ခြင်း (monopoly)။ အလွန်အရေးကြီးသည် (vital)။ အကျင့်ပျက်ခြစားခြင်း (corruption)။ ဈေးညှိခြင်း (price-fixing)



**လီနင် (ဆိုဗီယက်)**

အထက်ဖော်ပြပါစနစ်နှစ်ခုကို လက်တွေ့တွင်ကျင့်သုံးရာ သီအိုရီသဘောတရားနှင့် အတော်အတန်ခြား နားမှုရှိကြောင်းတွေ့ ရှိလာရသည်၊ ၂၀ ရာစုအတွင်း နိုင်ငံအများစု ကျင့်သုံးခဲ့သော ကွန်မြူနစ်စနစ်မှာ ပြည်သူအား လုံးအတွက် မျှတသော ဥစ္စာဓနဝေငှဖြန့်ဝေပေးခြင်း အမြဲတမ်းလုပ်ဆောင်ပေးနိုင်မှုရလဒ် မထွက်ခဲ့ပေ၊ အစိုးရ ၏ အကျင့်ပျက်ခြစားမှုနှင့် အစိုးရပိုင်စီးပွားရေး လုပ်ငန်းငယ်လေးများ၏ စီမံအုပ် ချုပ်မှု ညံ့ဖျင်းခြင်းများက ဆိုးရွားသောစီးပွားရေးရလဒ်အဖြေကို ဦးတည်စေခဲ့သည်၊ သို့သော် ခြားနားမှုရှိသော နိုင်ငံများတွင် ယင်းကွန်မြူနစ်စနစ် မတူညီသည့် စီးပွားရေးမူဝါဒများနှင့် အတော်အတန် ဖွံ့ဖြိုးတိုးတက်မရလဒ်များ ထွက်ခဲ့သည်၊ ဥပမာအားဖြင့် ရုရှားတွင် အစိုးရက အလွန် ကြမ်းတမ်းသော လယ်ယာစိုက်ပျိုးရေး မူဝါဒများကို ချမှတ်အသုံးပြုစေခဲ့သည်၊ ယင်းကြောင်း အဆုံးစွန် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းကို ဖြစ်စေခဲ့သည်၊ ထို့ပြင်နှစ်ပေါင်း ၂၀–၃၀ အတွင်း တိုင်းပြည်တွင်လည်း စစ်တပ်ကြီးစိုးသောစူပါပါဝါနိုင်ငံတစ်ခု ဖြစ်လာခဲ့သည်၊

သို့ပေမယ့် တရုတ်နိုင်ငံတွင်အလားတူ မူဝါဒများကြောင့်ကြီးမားသော ငတ်မွတ်ခေါင်းပါးမှု နှင့် ပြင်းပြင်းထန်ထန်တိုးတက်ဖွံ့ဖြိုးမှုများတစ်ပြိုင်နက်တည်းဖြစ်ပေါ်စေခဲ့သည်။ ကွန်မြူနစ်စနစ် အောက်တွင်နိုင်ငံကကုန်ပစ္စည်းအများစု၏ ထုတ်လုပ်မှုအပေါ် လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသည်။ ယင်းကဲ့သို့ လက်ဝါးကြီးအုပ်ချုပ်မှုကြောင့် အပြိုင်အဆိုင်မရှိဘဲ ဖြစ်စဉ်အများအပြားတွင် အရည်အသွေး မမှီသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ စသည့် ရလဒ်များ ထွက်လာခဲ့သည်။ ကွန်မြူနစ်စနစ်ကျင့်သုံးသော နိုင်ငံများတွင်အစိုးရက လူမှုအဖွဲ့အစည်းကို ထိန်းချုပ်ထားသည်။ ဖြစ်ရပ်အချို့တွင် လွတ်လပ်မှုများအပေါ် ကန့်သတ်ချိုးနှိမ်ထားသည်။ သို့သော် ကွန်မြူနစ်အစိုးရများသည် ကျန်းမာရေးနှင့် ပညာရေး အဆင့်အတန်း တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့သလို အလုပ်လက်မဲ့အခြေအနေကိုလည်း လျော့ကျအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အရင်းရှင်စနစ် ကျင့်သုံးသော နိုင်ငံများတွင် အစိုးရက စီးပွားရေးအပေါ် ထိန်းချုပ်မှု သိပ်မရှိပေ။ သို့သော် တစ်ခါတရံ လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုနှင့် ဈေးနှုန်းတသတ်မတ်တည်းထားမှု စသည့်မမျှတသောစီးပွားရေး၏အမူအကျင့် ရလဒ်များထွက်စေသည်။ယင်းအနေအထားတွင် ပြိုင် ဆိုင်မှု လျော့နည်းခြင်းနှင့် ဈေးနှုန်းကြီးမြင့်ခြင်းဒဏ်ကိုဦးတည်စေသည်။ ဆင်းရဲ ချမ်းသာကွာဟမှု ကြီးထွား စေပြီး မျှော်လင့်ချက် အနည်းငယ်သာ ရှိသော ပြောင်းလဲမှုနှင့် ဆင်းရဲမွဲတေမှု အနေအထားကို တိုးမြှင့်ပေးသလိုဖြစ်စေသည်။ လူနည်းစုကသာ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အဆင့်မြင့် ပညာသင်ကြားနိုင်ရန် တတ်နိုင်ကြသည်။



**အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်**

လက်မဲ့အနေအထားမှာလည်း အလွန်မြင့်တက်လာနိုင်သည်။ သို့တိုင် စီးပွားရေးအခြေအနေကောင်း မွန်ခြင်းနှင့် နိုင်ငံရေးတွင် ပူးပေါင်းပါဝင်မှုအတွက် အခွင့်အရေးများတဖြည်းဖြည်း ရရှိလာစေခဲ့သည်။

## အဖွဲ့လိုက်လေ့ကျင့်ခန်း

ဇယားတွင် ဖော်ပြထားသော အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်တွင် ပြီးပြည့်စုံစေရန် အောက်ပါ စကားစုများကို အသုံးပြုပါ။

(၁) ပုဂ္ဂလိက ဉစ္စာခန ပိုင်ဆိုင်မှု
(၂) တစ်ပါတီစနစ် အုပ်ချုပ်မှု
(၃) နိုင်ငံရေးပါတီအများအပြား
(၄) စီးပွားရေးတွင် အစိုးရ၏ အခန်းကဏ္ဍ လျော့ချနိုင်ခြင်း
(၅) ပညာရေးနှင့် ကျန်းမာရေး ကုန်ကျစရိတ်များအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ တာဝန်ဝတ္တရား
(၆) အစုအဖွဲ့ပိုင် ဉစ္စာခန
(၇) ကျန်းမာရေး၊ ပညာရေး ကုန်ကျစရိတ်များတွင် အစိုးရထောက်ပံ့မှု

| အရင်းရှင်စနစ် | ကွန်မြူနစ်စနစ် |
|---|---|
| ပုဂ္ဂလိက ဉစ္စာခန ပိုင်ဆိုင်မှု | အစုအဖွဲ့ပိုင် ဉစ္စာခန ပိုင်ဆိုင်မှု |

## ဖတ်ရှုနားလည်ခြင်း

(၁) ကွန်မြူနစ်စနစ်အောက်တွင် ဉစ္စာခ ဝေငှဖြန့်ဖြူးမှု ညံ့ဖျင်းခြင်းရသည့် အကြောင်းရင်း နှစ်ခု ပေးပါ။
(၂) လက်ဝါးကြီးအုပ် အုပ်ချုပ်မှုသည် ပြဿနာတစ်ခု အဘယ့်ကြောင့် ဖြစ်ရသနည်း။
(၃) ကွန်မြူနစ်နိုင်ငံများတွင် အစိုးရက လူမှုအဖွဲ့အစည်းကို ထိန်းချုပ်ရန် မည်ကဲ့သို့ ကြိုးပမ်း ခဲ့ကြသနည်း။

**ဆွေးနွေးခြင်း**

**စွမ်းရည်**
ချင့်ချိန်ခြင်း

လက်ဝါကြီးအုပ်စနစ် ပိုကောင်းအောင် မည်သို့ လုပ်ဆောင်နိုင်သနည်း။
ကွန်မြူ နစ်ဇင်မ်ကို မည်သို့ ကျင့်သုံးလျှင် ပိုကောင်းမည်နည်း။

| |
|---|
| **ပြန်လှန်လေ့ကျင့်ခြင်း** |
| **စွမ်းရည်** |
| အချက်အလက်များစုစည်းခြင်း |

စာမဖတ်ခင် ကြိုတင်လေ့လာခြင်း၌ သင်ပြုစုထားသော စာရင်းတွင် ထပ်ဖြည့်စရာများ ရှိပါသလား။

## ၁. ၂ စစ်အေးတိုက်ပွဲ၏ မူလအစများ

| အဓိကစကားလုံးများ |
|---|
| ဘုရင်အုပ်ချုပ်ခြင်း (monarchy)၊ ပြည်တွင်းစစ် (civil war)၊ အထောက်အပံ့ပြုသူ (ally)၊ သိမ်းပိုက်အောင်မြင်သည် (occupied)၊ စိုးမိုးခြင်း (dominance)၊ ဖိအား (tension) |

စစ်အေးတိုက်ပွဲ၏ မူလအစများသည် ဒုတိယကမ္ဘာစစ်မတိုင်ခင် ကာလသို့ နောက်ကြောင်းပြန်သွားသည်။ ၁၉၁၇ခုနှစ်ရုရှားတော်လှန်ရေးကြောင့်ဘုရင်စနစ်အဆုံးသတ်ခဲ့ပြီး ကွန်မြူနစ်စနစ်အပေါ်အခြေခံသော အစိုးရသစ်တစ်ရပ် အုပ်ချုပ်မှုဖြင့်စတင်ခဲ့သည်။ သို့သော် တော်လှန်ရေးဖြစ်ပွားပြီး မကြာမီမှာပင် ရုရှားတွင် ကွန်မြူနစ်စနစ်နှင့် ယင်းနစ်ကို ဆန့်ကျင်သူများကြား အာဏာလု တိုက်ပွဲများ ဖြစ်ပွားရာမှ ပြည်တွင်းစစ် ဖြစ်ပွားသော ကာလတစ်ခုကို ဖြတ်သန်းခဲ့ကြရသည်။ ပြည်တွင်းစစ်ပွဲတွင် ဂရိတ်ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ကွန်မြူနစ်စနစ်အား ဆန့်ကျင်သူများကို ထောက်ခံအားပေးခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်များ သေဆုံးမှုသည် အခြားနိုင်ငံများ (သေဆုံးသူ သန်း ၂၀ ကျော်)တွင် သေဆုံးသူများထက် ပိုမိုများပြားခဲ့သည်။ ဆိုဗီယက်ပြည်သားများကယခုကဲ့သို့ ဆုံးရှုံးမှုအများအပြား ကြုံတွေ့ရမှုအပေါ် အနောက်မဟာမိတ်(အမေရိကန်၊ ဗြိတိန်၊ ပြင်သစ် စသည်)နိုင်ငံများ၏ ထောက်ခံအားပေးမှု မရခြင်းကြောင့်ဟု အပြစ်ဖို့ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အနောက်အုပ်စုက ဆိုဗီယက်တို့အနေဖြင့် ဥရောပတစ်လွှား ကွန်မြူနစ်စနစ် ကြီးထွားပျံ့နှံ့ရန် ဆန္ဒရှိနေခဲ့ကြသည်ဟု ယုံကြည်ထားခဲ့ကြသည်။



**ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်များဖြစ်သော ချာချီ(ဗြိတိန်)၊ ရုစ်ဘဲ့တ်(အမေရိကန်)၊ စတာလင်(ရုရှား) စစ်အပြီးတွင် ပြိုင်ဘက်များဖြစ်လာခဲ့သည်။**

အမှန်တကယ်တွင်လည်းဆို ဗီယက်ပြည်ထောင်စုသည်ဒုတိယကမ္ဘာစစ်အတွင်းနှင့် စစ်ပွဲပြီးပြီး ချင်းဥရောပအရှေ့ပိုင်းနိုင်ငံအများအပြားကို သိမ်းပိုက်ထားနိုင်ခဲ့သည်။ ဆိုဗီယက်တို့အ နေဖြင့်ယင်းသိမ်းပိုက်ထားသော နိုင်ငံများတွင်လွတ်လပ် သော ရွေးကောက်ပွဲများကျင်းပပေးမည်ဟုကတိ ပေးခဲ့သော်လည်းလက်တွေ့တွင် မည် သည့်အခါ မှဖြစ်မလာခဲ့ပေ။အနောက်အုပ်စုအတွက်နောက်ထပ်စိုး ရိမ်စရာတစ်ခုမှာ တရုတ်နိုင်ငံတွင်မော် စီတုန်းခေါင်းဆောင်သောတရုတ် ကွန်မြူ နစ်စစ်တပ် က အနောက်အုပ် စုအထောက်အပံ့ပေးထားသည့် ချန်ကေရှိတ် စစ်တပ်ကို ၁၉၄၉ ခုနှစ် တွင်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင်အင်အားကြီးမားသောကွန်မြူ နစ် တရုတ်နိုင်ငံမှာ အရင်းရှင်စနစ်လွှမ်းမိုးထားမှုနှင့် အနောက်အုပ်စုအပေါ်

စိန်ခေါ်မှုတစ်ရပ် ဖြစ်လာစေခဲ့သည်။ စစ်အေးတိုက်ပွဲကို ဦးတည်စေခဲ့သော အဓိကအချက်အချို့လည်း ရှိနေရာတွင်

- မတူညီ သော အစိုးရပုံစံများနှင့် စီးပွားရေးအပေါ် ယုံကြည်မှု၊ အပြန်အလှန် ယုံကြည်မှု ကင်းမဲ့ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး နယ်မြေပိုင်နက် ချဲ့ယူလိုမှုအပေါ် စိတ်ကူးစိတ်သန်းက အဓိက အကြောင်းအရာ ဖြစ်စေခဲ့သည်။
- လာမည့် ဆယ်စုနှစ်လေးခုအတွက်ဆိုလျှင် နိုင်ငံတကာ နိုင်ငံရေးနယ်ပယ်တွင် မတူညီသော စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးနစ်စများကြားတင်းမာမှုများနှင့် ပဋိပက္ခများသည် အဓိကလွှမ်းမိုးမှု ဖြစ်လာမည်။
- အနောက်အုပ်စုအပေါ် ဆိုဗီယက်တို့၏ ယုံကြည်မှု ကင်းမဲ့စေခဲ့ရသည့် သမိုင်းဖြစ်ရပ်တစ်ခုအမည်ကို ပြောပြပါ။

(၂)ဆိုဗီယက်တို့အပေါ်တွင်လည်း အနောက်အုပ်စုက ယုံကြည်မှုကင်းမဲ့စေရသည့် သမိုင်းဖြစ်ရပ်နှစ်ခု၏ အမည်ကိုလည်း ဖော်ပြပါ။

## လေ့ကျင့်ခန်း

ကော်လံ(က)မှ စာကြောင်းအစပိုင်းများကို ကော်လံ(ခ)မှ စာကြောင်းအဆုံးပိုင်းများနှင့်ဆက်ကြည့်ပါ။


| ကော်လံ (က) | ကော်လံ (ခ) |
|---|---|
| ဥရောပအရှေ့ပိုင်းနိုင်ငံအများစုသည် | ရုရှားရှိ ကွန်မြူနစ်ဆန့်ကျင်သူများကို ကူညီခဲ့ကြ-သည်။ |
| ဒုတိယကမ္ဘာစစ်အပြီးတွင်ဆိုဗီယက်ပြည်ထောင်စုထိန်းချုပ်ခြင်းခံခဲ့ရသည်။ | မော်စီတုံး နိုင်ခဲ့သည်။ |
| ချန်ကေရှိတ်ကို | ကွန်မြူနစ်ဝါဒ ပြန့်ပွားမည်ကို စိုးရိမ်ခဲ့ကြသည်။ |
| အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် | ဒုတိယကမ္ဘာစစ်တွင် ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်တို့မှ |
| အမေရိကန်နှင့် ဗြိတိသျှတို့သည် | ဒုတိယကမ္ဘာစစ်အတွင်း ရုရှားသေဆုံးမှုနှုန်းပိုများသည်။ |
| အနောက်မဟာမိတ်များသည် | လုံလောက်သော အကူအညီ မရဟု ရုရှား ခံစားခဲ့ရသည်။ |

## ဖတ်ရှုနားလည်ခြင်း

၁။ ဆိုဗီယက်များ အနောက်နိုင်ငံများကို မယုံကြည်စေတော့သည် သမိုင်းဖြစ်ရပ်နှစ်ခုကို ဖော်ပြပါ။

၂။ အနောက်နိုင်ငံများ ဆိုဗီက်အပေါ် ယုံကြည်မှု ပျက်ပြားစေခဲ့သည့် သမိုင်းဖြစ်ရပ်နှစ်ခုကိုဖော် ပြပါ။

## ၁. ၃ လက်နက်ပြိုင်ဆိုင်မှုစစ်ပွဲ



၁၉၄၅-၁၉၈၉ ခုနှစ်အတွင်း နည်းပညာသည် အလျင်အမြန်တိုးတက်အဆင့်မြင့်လာခဲ့ပြီးစစ်အေးတိုက်ပွဲမှာလည်းနည်းပညာ၏ ရလဒ်အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့သည်။ စစ်ပွဲ ဆက်နွယ်နည်းပညာကြောင့် အစိုးရအထောက်အပံ့၊ သုတေ သနနှင့် စိတ်ဝင်စားမှုအများအပြား လက်ခံရရှိစေခဲ့သည်။ ကွန် ပျူတာနှင့် အာကာသနည်းပညာမှာ လက်နက်များ ထုတ် လုပ်မှု ဒီဇိုင်းအတွက် တိုးတက်မှု ဖြစ်ခဲ့သည်။

### ခေါင်းချင်းရိုက်တွေးတောခြင်း

**'စစ်ပွဲဆက်နွယ်နည်းပညာရပ်'**၏ ဥပမာအချို့ကို ဖော်ပြပါ။

| |
|---|
| နျူကလီးယားလက်နက်များ<br>အမေရိကန်ပြည်ထောင်စုသည် ၁၉၄၅ ခုနှစ်တွင် ပထမဆုံး နျူလက်နက်ကို စမ်းသပ်ခဲ့သည်။ ယင်းနောက်တွင် ပစိဖိတ်ဒေသတွင်း ဖြစ်ပွားနေသော ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်ရန် ကူညီသည့် အနေဖြင့် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီးမြို့များပေါ် သို့ နျူကလီးယားဗုံး ၂ ကြိမ် ကြဲချခဲ့သည်။ ယင်း အနုမြူဗုံး ၂လုံးကြောင့် လူပေါင်း ၂၀၀၀၀၀ ကျော် သေဆုံးပြီး လူထောင်ပေါင်းများစွာမှာလည်း ဒဏ်ရာအနာတရ ဖြစ်ခဲ့ရသည့်အပြင် ရေဒီယိုသတ္တုကြွနှင့် ဆက်နွယ်သော ရောဂါများ ခံစားခဲ့ရသည်။ ယနေ့ခေတ်တွင် နျူကလီးယားထိပ်ဖူးတစ်ခု၏ ပြင်းအားမှာ ဟီရိုရှီးမားမြို့ ကြဲချခဲ့သော နျူဗုံးထက် ပြင်းအား (၁၀)ဆကျော်သည့်အပြင် လူပေါင်း ၁ သန်းကျော် သေဆုံးစေနိုင်သည့် စွမ်းရည် ရှိနေပြီ ဖြစ်သည်။ |



## ဖတ်ရှုနားလည်နိုင်စွမ်း

**ဂရပ်အတွက် မေးခွန်းများ**

**(၁)** ၁၉၆၈ ပြည့်နှစ်က မည်သည့်နိုင်ငံသည် နျူထိပ်ဖူးအများဆုံး ပိုင်ဆိုင်ခဲ့သနည်း။
**(၂)** ၁၉၇၅ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုတွင် နျူထိပ်ဖူး မည်မျှ ပိုင်ဆိုင်ခဲ့သနည်း။
**(၃)** မည်သည့်နှစ်တွင် ဆိုဗီယက်ပြည်ထောင်စုသည် အမေရိကန်၏ နျူကလီးယားထိပ်ဖူး ပိုင်ဆိုင်မှု အရွယ်အစားကို ကျော်လွန်သွားခဲ့သနည်း။
**(၄)** ၁၉၈၀ ပြည့်နှစ်က အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုကြား နျူကလီးယားတပ်ဖွဲ့ အရွယ်အစား ခြားနားချက်မှာ အဘယ်နည်း။
**(၅)** တစ်နိုင်ငံချင်းစီသည် အမြင့်ဆုံးအချိန်ကာလတွင် နျူထိပ်ဖူး မည်မျှထိ ပိုင်ဆိုင်ခဲ့ကြသနည်း။
**(၆)** ၁၉၅၅ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်ကြား ပြောင်းလဲမှုအခြေအနေကို ဖော်ပြပါ။

နျူကလီးယားထိပ်ဖူး ရှိသော နိုင်ငံများ ၁၉၈၉

| | | | |
|---|---|---|---|
| အမေရိကန် (၁၉၄၅) | ၂၂၀၀၀ | အိန္ဒိယ (၁၉၇၄) | ၃၀ |
| ဂရိတ်ဗြိတိန် (၁၉၅၃) | ၃၀၀ | ဆိုဗီယက်ပြည်ထောင်စု (၁၉၄၉) | ၃၅၀၀၀ |
| အစ္စရေး (၁၉၆၇) | ၁၀၀ | ပြင်သစ် (၁၉၆၄) | ၄၀၀ |
| တရုတ် (၁၉၆၄) | ၄၅၀ | တောင်အာဖရိက | ၆ |

**မှတ်ချက်။** ***။ ကွင်းထဲ ထည့်ထားသော ခုနှစ်များမှာ သက်ဆိုင်ရာနိုင်ငံများ နူကလီးယားဗုံး ပထမဆုံးအကြိမ် ရရှိသော ခုနှစ် ဖြစ်သည်။***

**ဇယားနှင့် ဂရပ်အတွက် မေးခွန်းများ**

**(၁)** ၁၉၈၉ ခုနှစ်တွင် မည်သည့် အာရှနိုင်ငံသည် နျူကလီးယားလက်နက်အများဆုံး ပိုင်ဆိုင်ခဲ့သနည်း။ ဘယ်လောက်များများ ပိုင်ဆိုင်ခဲ့သနည်း။

**(၂)** ဂရပ်နှင့် ဇယားကို အသုံးပြုပြီး ၁၉၆၀ နှင့် ၁၉၈၉ ခုနှစ်ကြား ပြောင်းလဲမှုများကို ဖော်ပြသော ဝါကျတစ်ခု (သို့) နှစ်ခုကို ရေးပါ။

| ဆွေးနွေးခြင်း |
| --- |
| စွမ်းရည်<br>ချင့်ချိန်ခြင်း |

၁၉၇၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတွင် ကမ္ဘာကြီးကိုအကြိမ်ကြိမ်ဖျက် ဆီးပစ်နိုင်သော နျူလက်နက်များ အလုံ အလောက် ပိုင်ဆိုင်ထားကြပြီ ဖြစ်သည်။ သို့သော် နှစ်နိုင်ငံလုံးက နျူလက်နက်များပို၍ပို၍ပိုင်ဆိုင်ရန် ဆက်ကြိုးပမ်းနေကြသည်မှာ အဘယ့်ကြောင့်နည်း။

## ၁. ၄ အပိုင်းအခြားနှင့် ကမ္ဘာကြီး

### အဖွဲ့လိုက်လေ့ကျင့်ခန်း

တစ်ဖက်စာမျက်နှာတွင် ကမ္ဘာ့မြေပုံ ရှိသည်။ ကမ္ဘာ့မြေပုံပေါ်တွင်

**၁။** အောက်ပါ နိုင်ငံများကို အနီရောင် ခြယ်ပါ။

ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်၊ မြောက်ကိုရီးယား၊ ကျူးဘား၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘူဂေးရီးယား၊ အယ်လ်ဘာနီးယား

**၂။** အောက်ပါနိုင်ငံများကို အပြာရောင် ခြယ်ပါ။

အမေရိကန်၊ ဂရိတ်ဗြိတိန်၊ ကနေဒါ၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကျန် ဥရောပနိုင်ငံများ


**၃။** ကျန် ကမ္ဘာ့အစိတ်အပိုင်းများကို အခြားအရောင်တစ်ရောင်ဖြင့် ခြယ်ပါ။

**၄။** မိမိမြေပုံကို 'စစ်အေးတိုက်ပွဲဖြစ်နေစဉ် ကမ္ဘာ'ဟု အမည်ပေးပါ။

**၅။** (က) နံပါတ် ၁ နှင့် ၂ မှ နိုင်ငံများနှင့်ပတ်သက်၍ မည်သည်ကို သတိထားမိသနည်း။

(ခ) နံပါတ် ၃ မှ နိုင်ငံများနှင့် ပတ်သက်၍လည်း မည်သည်ကို သတိထားမိသနည်း။

**သဲလွန်စ။ ။ ဤနိုင်ငံများ မည်သည့်နေရာတွင် တည်ရှိသနည်း။ ၎င်းတို့၏ စီးပွားရေးမှာ မည်သို့ရှိသနည်း။ ၎င်းတို့၏ သမိုင်းကြောင်းမှာ အဘယ်နည်း။**



**ဖွံ့ဖြိုးတိုးတက်မှု။ ။ လူသားချင်းစာနာမှုလော၊ နိုင်ငံရေးလော။**

| **အဓိကစကားလုံးများ** | |
|---|---|
| အပျက်အစီး (ruins)၊ | ပြင်းပြင်းထန်ထန် (severely) |
| မတည်ငြိမ်မှု (instability)၊ | နိုင်ငံရေး၌ ဘက်တူသော (aligned) |

## အဖွဲ့လိုက်လေ့ကျင့်ခန်း

သင်သည် ဒုတိယကမ္ဘာစစ်အပြီးတွင် တက်လာသော အမေရိကန်သမ္မတ တစ်ယောက် ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ဥရောပအရှေ့ပိုင်းနိုင်ငံ အများအပြားကို သိမ်းပိုက်ပြီးနှင့်ပြီ။ တရုတ်တွင်လည်း ကွန်မြူနစ်အုပ်ချုပ်ရေး အင်အားကြီးလာသည်။ ကမ္ဘာပေါ်တွင် ကွန်မြူနစ်စနစ် ပျံ့နှံ့မည်ကို သင် အထူးစိုးရိမ်နေသည်။ ကွန်မြူနစ်စနစ်က အနောက်ကမ္ဘာနှင့် လက်ဝါးကြီးအုပ်စနစ်အပေါ် ခြိမ်းခြောက်လာမည်ကို သင် စိုးရိမ်နေသည်။

**၁။** သင်သည် ကွန်မြူနစ်စနစ် ပျံ့ပွားရေးကို ရပ်တန့်ရမည့် ကမ္ဘာ့အင်အားကြီးနိုင်ငံမှ အစိုးရတစ်ရပ် ဖြစ်သည်။ စစ်ကြောင့် ပျက်စီးသွားသော နိုင်ငံများပေါ် သင်၏ စစ်ပြီးနိုင်ငံရေးမှာ မည်သို့ ဖြစ်နိုင်သနည်း။ အဖွဲ့လိုက် ဆွေးနွေးပြီး မူဝါဒများကို ချမှတ်ပါ။

ဒုတိယကမ္ဘာစစ်အပြီး(၁၉၄၅)တွင် ကမ္ဘာတစ်ဝှမ်း၌ နိုင်ငံအများစုသည် စစ်ကြောင့်နှင့် စီးပွားရေး ချွတ်ခြုံကျမှုတို့ကြောင့် ပျက်စီးကျန်ရစ်ခဲ့ကြသည်။ စစ်ပြီးနောက် အမေရိကန်သည် စစ်ရှုံးသွားသော

ဂျာမနီနှင့် ဂျပန်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးရန် စတင်တာဝန်ယူခဲ့သည်။ ဂျပန်နှင့် ဂျာမနီကို ပြန်လည်တည်ဆောက်ရခြင်းမှာ ကွန်မြူနစ်စနစ် မပျံ့ပွားအောင် စွမ်းဆောင်မည့် နိုင်ငံရေးအစီအမံတစ်ခုလည်း ဖြစ်သည်။ အမေရိကန်ကို ထောက်ခံသော ဂျပန်နှင့် ဥရောပသည် အနောက်တို့၏ ခိုင်မာသော မဟာမိတ် ဖြစ်လာမည်ဟု အမေရိကန်များက ယုံကြည်ကြသည်။ကမ္ဘာ အခြားအစိတ်အပိုင်းကလည်း ကိုလိုနီအုပ်ချုပ်ရေးမှ လွတ်လပ်ရေးရအောင် ကြိုးပမ်းလျက် ရှိသည်။ ထိုအခြင်းအရာများကြောင့် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး မတည်ငြိမ်မှုများ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့သည်။

၂။ လွတ်လပ်ရေးရရန် ကြိုးပမ်းနေသည့် နိုင်ငံများ တည်ငြိမ်မှု ရှိစေရန် မည်သည့် နိုင်ငံတကာဆက်ဆံရေးမူဝါဒများ သင် ချမှတ်နိုင်သနည်း။ မှတ်သားထားရမည်မှာ သင်၏ ရည်မှန်းချက်သည် ကွန်မြူနစ်စနစ် ပြန့်ပွားမှုကို ရပ်တန့်စေရန် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လက်ဝါးကြီးအုပ်စနစ်ကို ထိခိုက်မှုတစ်စုံတရာ မရှိစေရန် ဂရုပြုပါ။ ဤနိုင်ငံများအပေါ် သင်၏ မူဝါဒများမှာ မည်သို့ ဖြစ်နိုင်သနည်း။ ဦးစွာ ကက်ပီတယ်လစ်စနစ်ကို ခြိမ်းခြောက်လာနိုင်သည့် အရာများကို ခေါင်းချင်းရိုက် ဆွေးနွေးရေးချပါ။

## အသစ်စက်စက် လွတ်လပ်ရေးရသည့် နိုင်ငံများအတွက် 'အကူအညီ'

မတည်မငြိမ် ဖြစ်နေသော ကမ္ဘာ့ပတ်ဝန်းကျင်အတွက် နိုင်ငံခြားအကူအညီဖြစ်သည့် 'ဖွံ့ဖြိုးတိုးတက်ရေး အကူအညီ'သည် နိုင်ငံတကာဆက်ဆံရေးအတွက် အရေးပါသော ကဏ္ဍဖြစ်လာခဲ့သည်။ စစ်အေးစစ်ပွဲသည် နိုင်ငံခြားအကူအညီ ဆုံးဖြတ်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာသည်။ စူပါပါဝါများသည် အသစ်စက်စက် လွတ်လပ်ရေး ရသော နိုင်ငံများနှင့် မိတ်ဖွဲ့ရန် နိုင်ငံခြားအကူအညီများကို အသုံးချလာကြသည်။ လွတ်လပ်ရေးရသော နိုင်ငံသစ်အများစုတွင် ပြည်တွင်းစစ်များ ဖြစ်ပွားနေခြင်းကြောင့် လက်နက်များကို အလိုရှိကြသည်။ နိုင်ငံခြားအကူအညီမှာ ရံဖန်ရံခါတွင် စစ်ဘက်ဆိုင်ရာ အကူအညီများ ဖြစ်နေတတ်သည်။မကြာ မီတွင်အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုသည် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက နိုင်ငံများသို့ လက်နက်အကူအညီသာမက ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများလည်း ပေးပို့ခဲ့ကြသည်။ စစ်အေးစစ်ပွဲအစောအတွင်းတွင် "တတိယကမ္ဘာ"ဟု တင်စားခေါ်ဝေါ်သော ဤကမ္ဘာရှိ နိုင်ငံများ၏ စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်မှု လုံးဝ မရှိသလောက်ပင်။ ဤနိုင်ငံအများစုသည် ကိုလိုနီလက်အောက်ခံ ဖြစ်ခဲ့ကြသည်ချည်းပင် ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်သည် ဤနိုင်ငံများအပေါ် လွှမ်းမိုးမှု ရှိရန် ပြိုင်ဆိုင်ခဲ့ကြသည်။ စစ်အေးစစ်ပွဲများစွာ ဖြစ်ပွားခဲ့သည်။

## ဖတ်ရှုနားလည်နိုင်စွမ်း

**၁။** ၁၉၅၀ နှင့် ၁၉၆၀ ခုနှစ်များ၌ နိုင်ငံအများအပြားသည် အဘယ့်ကြောင့် ငွေကြေးထောက်ပံ့မှုများ လိုအပ်ခဲ့သနည်း။

**၂။** "တတိယကမ္ဘာတွင် စူပါပါဝါများသည် မိတ်သစ်များရရန် မည်သို့ မျှော်လင့်ခဲ့ကြသနည်း။

**၃။** လွတ်လပ်ရေးရထားသော နိုင်ငံအသစ်များ ကွန်မြူနစ်ဖြစ်လိုလျှင် မည်သူ့ထံမှ အကူအညီ ယူရန် ဖြစ်နိုင်ခြေ ပိုများသနည်း။

## ကိုယ်စားလှယ်များကြား ဖြစ်သောစစ်ပွဲ

**အဓိကစကားလုံးများ**
အကြံဉာဏ်ပေးသူ (advisor)၊ ကိုယ်စားလှယ် (proxy)၊ တွန်းအားပေးသည် (fuel)၊
အပိုင်းများခွဲခြင်း (partition)၊ ပြိုင်ဘက် (rivalry)

ကိုယ်စားလှယ်စစ်ပွဲ (proxy war) များတွင် စူပါပါဝါနိုင်ငံများသည်အိမ်နီးချင်းနိုင်ငံများနှင့်အတူ စစ်ဖြစ်နေသော နိုင်ငံများအား စစ်ဘက်အကူအညီများထောက်ပံ့ခဲ့သည်။စူပါပါဝါနိုင်ငံများက ပြိုင်ဘက် စူပါပါဝါနိုင်ငံများ၏ လွှမ်းမိုးမှုကို ရပ်တန့်ပစ်ရန် မျှော်လင့်ခဲ့ကြသည်။ တစ်ခါတရံ စစ်ဘက်အထောက်အပံ့သည် ပြည်တွင်းစစ်တွင် ပါဝင်ခဲ့သော နိုင်ငံမှ တိုက်ခိုက်ရေးအုပ်စုများအတွက် အထောက်အပံ့ ဖြစ်ခဲ့သည်။ အာရှတွင်လည်း စူပါပါဝါတို့သည် ပြိုင်ဘက် အိန္ဒိယနှင့် ပါကစ္စတန်ကြား ပြိုင်ဆိုင်မှုအတွက် အထောက်အပံ့ပေးခဲ့သည်။ ကိုရီးယားစစ်ပွဲတွင် အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်အချို့တို့သည် တရုတ်နှင့် ဆိုဗီယက်တို့ ထောက်ခံမှုပေးထားသော မြောက်ကိုရီးယားတို့အား တိုက်ခိုက်ခဲ့ကြသည်။ အာဖရိကရှိ အန်ဂိုလာ၊ ကွန်ဂို၊ မိုဇမ်ဘီနှင့် အီသီရိုးပီးယားတွင်လည်း ဆိုဗီယက်နှင့် အမေရိကန်တို့၏ အထောက်အပံ့များက ပြည်တွင်း စစ်ပွဲများကို ပို၍ အရှိန်မြင့်စေခဲ့သည်။ ကျူးဘား၊ နီကာရာဂွါ၊ အယ်လ်ဆာဗေးဒိုး၊ ချီလီနှင့် ဂွာတီမာလာတို့မှာ လက်တင်အမေရိကတွင် စစ်အေးတိုက်ပွဲ၏ စစ်မြေပြင်များအဖြစ် ကျန်ရစ်ခဲ့သည်။ စစ်ပွဲအမျိုးအစားနှစ်ခုတွင် အင်အားကြီး စူပါပါဝါနိုင်ငံတစ်ခုသည် အခြား အင်အားကြီး စူပါပါဝါနိုင်ငံထောက်ပံ့ပေးထားသည်။ ပြည်တွင်းစစ်တပ်ကိုဆန့်ကျင်တိုက်ခိုက်သည်။ ယင်းတို့ တိုက်ပွဲနှစ်ခုမှာ ဗီယက်နမ်စစ်ပွဲနှင့် အာဖဂန်စစ်ပွဲတို့ ဖြစ်သည်။

### ဖတ်ရှုနားလည်နိုင်စွမ်း

**၁။** စူပါပါဝါများ ထောက်ပံ့ပေးထားသော ဆန့်ကျင်ဘက်အုပ်စုများကြား အပြန်အလှန်ပြည်တွင်းစစ်ပွဲများ တိုက်ခိုက်ခဲ့ကြသည့် ကမ္ဘာပေါ်ရှိ ဒေသကြီး သုံးခု၏အမည်ပေးပါ။
**၂။** ၄င်းဒေသများ၏ တည်နေရာကို မြေပုံပေါ်တွင် ထောက်ပြပါ။

### အကြောင်းအရာလေ့လာခြင်း

**ဗီယက်နမ်စစ်ပွဲ**

၁၈၈၅ ခုနှစ်မှ ၁၈၅၄ ခုနှစ် ဗီယက်နမ် မျိုးချစ်တပ်များ ပြင်သစ်တို့အားတိုက်ထုတ်နိုင်ခဲ့ သည် အထိ ဗီယက်နမ်သည် ပြင်သစ်ကိုလိုနီ၏ အစိတ်အပိုင်း ဖြစ်ခဲ့သည်။ ဗီယကမ်နမ်မျိုးချစ် တပ်ဖွဲ့၏ ခေါင်းဆောင်ဟိုချီမင်းသည်ဒုတိယကမ္ဘာစစ်အတွင်းဂျပန်တို့အားဆန့်ကျင်တိုက်ခိုက်ခဲ့ပြီး အမေရိကန်၏ မဟာမိတ်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ဟိုသည် ဆိုရှယ်လစ်စတိုင် အစိုးရကို ပို၍ ကြိုက်နှစ် သက်သည်။ ထို့ကြောင့် ပြင်သစ်ထံမှ လွတ်လပ်ရေးရရန် ကြိုးပမ်းရုန်းကန်နေရမှုအပေါ် ထောက်ခံရေး အမေရိကန်တို့က ငြင်းဆိုခဲ့ပြီးပြင်သစ်ကို အကူအညီပေးခဲ့သည်။ကွန်မြူနစ်တရုတ်ကလည်း ဗီယက်နမ်မြောက်ပိုင်းသားများကို အထောက်အပံ့ပေးခဲ့သည်။ ၁၉၅၄ ခုနှစ်ပြင်သစ်တပ်များ ဗီယက်နမ်မှ

ဆုတ်ခွာသွားပြီးနောက် ကုလသမဂ္ဂက ဗီယက်နမ်အတွက် အမျိုးသား ရွေးကောက်ပွဲများ ကျင်းပပေးရန် ပထမဆုံး သဘောတူခဲ့သည်။ သို့သော် ၄င်းတို့က ယင်းအစီအစဉ်ကို ပြောင်းလဲခဲ့ပြီး ဗီယက်နမ်နိုင်ငံအား ကွန်မြူနစ် မြောက်ပိုင်းနှင့် အရင်းရှင်စနစ် ကျင့်သုံးသောတောင်ပိုင်း ဗီယက်နမ်အဖြစ် ခွဲခြား၍ ဖွဲ့စည်းပေးခဲ့သည်။ မကြာခင်မှာပင် တောင်နှင့်မြောက်တို့သည် ပြည်တွင်းစစ်ပွဲတွင် ပါဝင်ခဲ့ကြသည်။ အမေရိကန်နိုင်ငံက ကွန်မြူနစ်ဝါးမြိုသွားမည့် ဗီယက်နမ် ကျန်အာရှသို့ပါ ယင်းစနစ်ကူးစက်ကျရောက်လာနိုင်မှုအပေါ် စိုးရိမ်ခဲ့သည်။ အမေရိကန်အနေဖြင့် တောင်ဗီယက်နမ်အစိုးရအားစစ်ဘက် ပစ္စည်းကိရိယာများ၊စစ်ဘက်အကြံပေးပုဂ္ဂိုလ်နှင့်အတူအထောက် အပံ့အကူအညီများ စတင်ခဲ့သည်။ မူလက ဟိုချီမင်းအနေဖြင့် ဆိုဗီယက်ပြည်ထောင်စု (သို့) တရုတ်တို့နှင့် မဟာမိတ်မဟုတ်ခဲ့သော်လည်း ပြည်တွင်းစစ်ပွဲတွင် အမေရိကန်ပါဝင်လာမှုကြောင့် ယင်းကွန်မြူနစ်အင်အားကြီးနှစ်နိုင်ငံထံမှ ကြီးမားသော အထောက်အပံ့ ပါဝင်လာစေခဲ့သည်။ ၁၉၆၈ ပြည့်နှစ်နှောင်းပိုင်းတွင် အမေရိကန်တို့၏ စစ်ဘက်အင်အား ကြီးမားမှုသည် အင်အားနည်းပြီး ပျောက်ကျားစစ်ပွဲ ဆင်နွှဲသော မြောက်ပိုင်းဗီယက်နမ် တပ်များကို ထိရောက်စွာ မဟန့်တားနိုင်ခဲ့ပေ။ အမေရိကန်ပြည်သူများကလည်း နိုင်ငံခြားမြေပေါ်တွင် နိုင်ငံခြားစစ်ပွဲ ဆင်နွှဲနေမှုအပေါ် ထောက်ခံမှု မပေးကြတော့ပေ။ ၁၉၆၀ ပြည့်နှစ် အဆုံးပိုင်းနှင့် ၁၉၇၀ ပြည့်နှစ် အစပိုင်းကာလအတွင်း ဗီယက်နမ်စစ်ပွဲ အဆုံးသတ်ရန် ထောင်ပေါင်းများစွာသော သူများက ကမ္ဘာတစ်ဝန်း ဆန္ဒပြ ဆန့်ကျင်ကန့်ကွက်မှုများ ပြုလုပ်ခဲ့ကြသည်။ နောက်ဆုံးတွင် အမေရိကန်တို့နှင့် မြောက်ပိုင်း ဗီယက်နမ်တို့ကြား ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိခဲ့ပြီး နောက်ဆုံး ကျန်ရစ်သော အမေရိကန်စစ်ဘက်အရာရှိသည် ၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်မှ ဆုတ်ခွာခဲ့သည်။ စစ်ပွဲ၏ ရလဒ်အဖြစ် ဗီယက်နမ်လူမျိုး ၃ သန်းကျော် သေဆုံးပြီး ကမ္ဘောဒီယားလူမျိုး တစ်သိန်းကျော်အပါအဝင် အမေရိကန် စစ်သား ၅၈၀၀၀ ကျဆုံးခဲ့သည်။ ဗီယက်နမ်ကျေးလက်ဒေသအများအပြား ပုံးကြဲမှုဏ်ကြောင့် အနိဌာရုံ ဖြစ်ခဲ့ရပြီး မြို့များလည်း ပျက်စီးခဲ့ရသည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံတို မှ ပြည်သူ သန်းနှင့် ချီပြီးဒုက္ခသည်များအဖြစ် ရောက်ရှိခဲ့ကြသည်။ ယင်းဖြစ်ရပ်သည် ကမ္ဘာပေါ်ရှိ အင်အားအကြီးမားဆုံး စူပါပါဝါနိုင်ငံအတွက် အရှက်ရဖွယ်ရာ ရှုံးနိမ့်မှုတစ်ခု ဖြစ်ခဲ့သည်။ နှစ်အနည်းငယ်ကြာပြီးနောက် အာရှ၏ အခြားအစိတ်အပိုင်းတွင်လည်း အခြားသော စူပါပါဝါနိုင်ငံတစ်ခုက အလားတူ အမှားမျိုး လုပ်ဆောင်ခဲ့သည်။



*Ho Chi Minh, Vietnamese independence leader*



*US soldiers in Vietnam were told they were fighting communism*



## ဖတ်ရှုနားလည်နိုင်စွမ်း

**၁။** ဗီယက်နမ်နိုင်ငံ မည်သည့်အရပ်တွင် ရှိသနည်း။
**၂။** ဒုတိယကမ္ဘာစစ်အတွင်းတွင် ဟိုချီမင်း မည်သူ့ကို တိုက်ခိုက်ခဲ့သနည်း။
**၃။** ဟိုချီမင်းကို ဆန့်ကျင်ပြီး အမေရိကန်က အဘယ့်ကြောင့် ပြင်သစ်ကို ထောက်ပံ့ခဲ့သနည်း။
**၄။** မြောက်ဗီယကမ်နမ်ကို အမေရိကန်များ အဘယ့်ကြောင့် ကြောက်ရွံ့ခဲ့ကြသနည်း။
**၅။** ဗီယက်နမ်စစ်ပွဲအတွင်း မည်သည့်နိုင်ငံများက မြောက်ဗီယက်နမ်ကို ထောက်ပံ့ခဲ့ကြသနည်း။
**၆။** စာပိုဒ်ရှိ နောက်ဆုံးစာကြောင်းတွင် ပါဝင်သော ပဋိပက္ခ ဆိုသည်မှာ မည်သည်ကို ရည်ညွှန်းသနည်း။

## လေ့ကျင့်ခန်း

ဗီယက်နမ်စစ်ပွဲမှာ ပါဝင်သူများနှင့် စစ်ပွဲပတ်ဝန်းကျင်က ပဋိပက္ခများနှင့် ၎င်း၏ လုပ်ဆောင်ချက်များကို ယှဉ်တွဲပေးပါ။

**အမေရိကန် -** အမေရိကန်နှင့် ယှဉ်တွဲပြီး ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ကို တိုက်ခိုက်ခဲ့သည်။

**မြောက်ဗီယက်နမ်(သို့)ဗီယက်ကွန်း-** ပြင်သစ်ထံမှ လွတ်လပ်ရေးရရန်အတွက်ဗီယက်နမ်မျိုးချစ်များနှင့် ဟိုချီမင်း ရှုန်းကန်နေရမှုကို ထောက်ပံ့ရန် ငြင်းဆိုခဲ့သည်။

**ဟိုချီမင်း -** ၁၉၆၀ပြည့်နှစ်ကမြောက်ဗီယက်နမ်စစ်တပ်ကို ထောက်ပံ့ပေးခဲ့သည်။

**ကွန်မြူနစ် တရုတ်နိုင်ငံ -** ဗီယက်နမ်တွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပပေးရန် ကတိကို ချိုးဖောက်ပြီး နိုင်ငံကို တောင်နှင့်မြောက်ဟူ၍ နှစ်ခြမ်းကွဲသွားစေခဲ့သည်။


**ဗီယက်နမ်မျိုးချစ်များ -** ၁၉၅၄ ခုနှစ်တွင် ပြင်သစ်ကိုလိုနီများကို အနိုင်ယူနိုင်ခဲ့သည်။

**အမေရိကန်ပြည်သူများ -** ပြည်တွင်းစစ်အတွင်း ပြောက်ကျားတိုက်ပွဲနည်း လမ်းများကို အသုံးပြုခဲ့သည်။

**ကုလသမဂ္ဂ -** ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် ဗီယက်နမ်စစ်ပွဲကို မထောက်ပံ့တော့ပေ။

## အဖွဲ့လိုက်လေ့ကျင့်ခန်း

ဖော်ပြထားသော အချိန်ကာလမျဉ်းပေါ်တွင် ဗီယက်နမ်စစ်ပွဲအတွက် အဓိကနေ့ရက်များနှင့် အဖြစ်အပျက်များကို ဖြည့်ပါ။




၁၉၄၅
ဗီယက်နမ်သို့ တပ်များ အမေရိကန် စေလွှတ်

## အကြောင်းအရာလေ့လာခြင်း

**အာဖဂန်နစ္စတန်**

**အဓိကစကားလုံးများ**

အာဏာသိမ်းခြင်း(coup)၊
သူပုန်များ(rebels)၊
ထိခိုက်သေကြေဒဏ်ရာရရှိမှု(casualties)၊
အခက်အခဲ (strain)
အာဏာမှ ဖယ်ရှားပစ်သည် (overthrow)၊
နိမ့်ကျသော(inferior)

၁၉၈၀ ပြည့်နှစ်တွင် အာဖဂန်နစ္စတန်သည် ဆိုဗီယက်ပြည်ထောင်စု၏ ‘ဗီယက်နမ်’ ဖြစ်လာသည်။ အာဖဂန်နစ္စတန်သည် ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ တောင်ဘက်ပိုင်း နယ်စည်းမျဉ်းပေါ်တွင် တည်ရှိသည်။ ၁၉၇၈ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းမှု ဖြစ်ပွားသောအခါ ဆိုဗီယက် (ရုရှား) က အားရဝမ်းသာ ကူညီထောက်ပံ့ခဲ့သည်။ အာဖဂန်ပြည်တွင်းစစ်သည် ဆိုဗီယက်ကျောထောက်နောက်ခံပြုထားသော အစိုးရနှင့် အမေရိကန်အစိုးရ၏ ထိန်းချုပ်မှု လျော့နည်းခဲ့ခြင်းကြောင့် ဆိုဗီယက်စစ်တပ်က ၁၉၇၉ ခုနှစ်တွင် အာဖဂန်နစ္စတန်သို့ ဝင်ရောက်ခဲ့သည်။ ဆယ်နှစ်တာအထိ ဆိုဗီယက်တပ်များက မူဂျာဟ္ဒီင်ဟု လူသိများသော အာဖဂန်သူပုန်များကို တိုက်ခိုက်ခဲ့ရသည်။ မူဂျာဟ္ဒီင်တို့သည် အမေရိကန်ထံမှ စစ်ရေးအထောက်အပံ့နှင့် လေ့ကျင့်ပေးမှုပမာဏ အများအပြား တိုးမြှင့်ရရှိခဲ့သည်။ ယင်းသူပုန်အများစုအနေဖြင့် နောက်ပိုင်းတွင် အာဏာရရှိရန် ဖြစ်လာပြီး အမေရိကန်တို့၏ ရန်သူများ ဖြစ်လာခဲ့သည်။ ဆိုဗီယက်တို့ ထိခိုက်သေဆုံးမှု မြင့်တက်လာမှုကြောင့် ရုရှားလူမျိုးတို့နှင့် အတူ စစ်ပွဲမှာလည်း လူကြိုက်များမှု မရှိတော့ပေ။ ၁၉၈၈ ခုနှစ်တွင် စစ်ပွဲမှာ ရုရှားစီးပွားရေးအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာစေခဲ့ပြီး ဆိုဗီယက်တို့အနေဖြင့် အာဖဂန်မှ ဆုတ်ခွာရန် သဘောတူခဲ့ကြသည်။

ဆိုဗီယက်တို့ ဆုတ်ခွာသွားခဲ့ပြီးနောက် ပြည်တွင်းစစ်ပွဲမှာ အာဖဂန်တွင် နောက်ထပ် အနည်းဆုံး (၇)နှစ်တာ ကြာသည်အထိ ဆက်လက်ဖြစ်ပွားခဲ့သည်။ စစ်ပွဲကြောင့် ဆိုဗီယက်စစ်သား ၁၅၀၀၀

ကျော်နှင့် အာဖဂန်နိုင်ငံသား (၁) သန်း သေဆုံးခဲ့သည်။ ပဋိပက္ခအတွင်း ဒုက္ခသည် (၃)သန်းကျော် တိုင်းပြည်မှ စွန့်ခွာသွားခဲ့ကြပြီး အများအပြားက နေရပ်သို့ ဘယ်သောအခါမှ ပြန်မလာတော့ပေ။ ဤအကြိမ်တွင်လည်း စူပါပါဝါနိုင်ငံတစ်ခုသည် အင်အားသေးသော ပြိုင်ဘက်ဟု ဆိုရသည့် နိုင်ငံတစ်ခု၏ ကသိကအောက်ဖြစ်ဖွယ် အနိုင်ယူမှုကို ခံစားခဲ့ရသည်။ ယင်းမှာ စစ်ပွဲတစ်ခုဖြစ်ခဲ့ပြီး စစ်အေးတိုက်ပွဲ၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ခဲ့သည်။






*Afghan fighters fought the Soviets with US aid*

## ဖတ်ရှုနားလည်ခြင်း

**၁။** အာဖဂန်နစ္စတန်ဆိုတာ ဘယ်မှာ ရှိသလဲ။

**၂။** ကွန်မြူနစ် အာဖဂန်အစိုးရသစ်ကို ဘယ်သူထောက်ပံ့ပေးခဲ့သလဲ။

**၃။** မှန်သလား၊ မှားသလား။ အမေရိကန်သည် အာဖဂန်နစ္စတန်ရှိ ကွန်မြူနစ်အစိုးရကို ကန့်ကွက်ခဲ့သည်။

**၄။** အဘယ့်ကြောင့် ဆိုဗီယက်တို့ အာဖဂန်သို့ ဝင်ရောက်ခဲ့ကြသနည်း။

**၅။** အဘယ့်ကြောင့် အာဖဂန်သူပုန်များကို အမေရိကန်က ထောက်ပံ့ပေးခဲ့သနည်း။

**၆။** ဆိုဗီယက်ပြည်ထောင်စု စစ်ပွဲကို အနိုင်ရခဲ့သလား။ ရှင်းပြပါ။

## အဖွဲ့လိုက်လေ့ကျင့်ခန်း

### Flow Diagram

သမိုင်းဖြစ်ရပ်များ၏ တိုးတက်မှုကို ပြသရန် အခြားနည်းလမ်းမှာ Flow Diagram ကို အသုံးပြုခြင်း ဖြစ်သည်။ 'Flow Diagram' ဖြည့်ရန် အောက်ပါဖြစ်ရပ်များကို အသုံးပြုပါ။

**၁။** ဒုက္ခသည် သန်းနှင့်ချီ၍ရွှေ့ ပြည်တွင်းစစ်ပွဲမှ ထွက်ပြေးခဲ့ကြသည်။


**၂။** ကွန်မြူနစ် အာဖဂန်အစိုးရကို အထောက်အပံ့ပေးရန် ဆိုဗီယက်တို့က ကမ်းလှမ်းကြသည်။

**၃။** ဆုတ်ခွာရန် ဆိုဗီယက်တို့ သဘောတူသည်။

**၄။** အတိုက်အခံ သူပုန်များကို အမေရိကန်တို့ အထောက်အပံ့ တိုးမြှင့်ပေးသည်။

**၅။** အာဖဂန် ကွန်မြူနစ်များ အာဏာရရှိသည်။

၆။ ဆိုဗီယက်စစ်တပ် ဝင်ရောက်လာသည်။
၇။ စစ်တပ်အာဏာသိမ်းသည်။
၈။ ၇ နှစ်ကျော်အထိ ပြည်တွင်းစစ် ဆက်ဖြစ်နေသည်။
ဆိုဗီယက်တပ်ဖွဲ့များ ထိခိုက်သေကြေမှု အများအပြား ကြုံတွေ့ခံစားရသည်။




**၁၉၇၈ ------- ၁၉၇၉ ဆိုဗီယက်စစ်တပ် ဝင်လာ -------- ၁၉၈၈**

## ဆွေးနွေးခြင်း

**အဘယ့်ကြောင့် အမေရိကန်တို့ ဗီယက်နမ်တွင် ရှုံးနိမ့်ခဲ့ရသနည်း။**

အမေရိကန်သည် ၄င်း ကျောထောက်နောက်ခံ ပြုပေးထားသော တောင်ဗီယက်နမ်အစိုးရကို ငွေကြေး အမြောက်အမြား၊ စစ်ဘက်ကိရိယာပစ္စည်းများအပြင် စစ်သားများပါ အကူအညီ ပေးခဲ့သည်။ ဆိုဗီယက်တို့သည် မူဂျာဟ္ဒိင်တို့ထက် အစစအရာရာ အင်အားကြီးမားလွန်းနေသော်လည်း အဘယ့်ကြောင့် ရှုံးနိမ့်ခဲ့ရသနည်း။

# 1.5 From Bi-Polar to Uni-Polar

**အဓိက စကားလုံးများ**

- သီအိုရီများကိုဖော်ထုတ်သူ (theorist)
- အားအင်လျော့နည်းသည် (wear down)
- ပြည်ထောင်စုကြီး (union)
- အတည်တကျ မရှိခြင်း (unrest)
- အလွန်ပြင်းထန်သော (intense)
- ပြင်းထန်သောအာဏာများကိုအသုံးပြု၍ထိန်းချုပ်ခြင်း (authoritarian)
- ပြိုလဲပျက်စီးခြင်း (collapse)

### ဆိုဗီယက်ပြည်ထောင်စု ပြိုလဲခြင်း



*Gorbachev was the last leader of the Soviet Union and helped to open Soviet society*

တစ်ချိန်က စူပါပါဝါဖြစ်ခဲ့သော ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားရခြင်း အကြောင်းရင်းများစွာ ရှိသည်။ စစ်အေးစစ်ပွဲ စူပါပါဝါနှစ်ခု၏ ပြင်းထန်သော ပြိုင်ဆိုင်မှု၊ ပဋိပက္ခဖြစ်မှုများနှင့် စီးပွားရေးပိုင်း၊ ခေါင်းဆောင်ပိုင်း ပြဿနာများနှင့် ပေါင်းလိုက်သောအခါ နောက်ဆုံးတွင် ထိုပြိုင်ဆိုင်မှုများ အားအင်လျော့နည်းလာကာ ဆိုဗီယက် ကျရှုံးသွားသည်။ပြိုင်ဘက်ဖြစ်သော အမေရိကန်ကို အမှီလိုက်ရန်၊ တိုက်ခိုက်ရန်သာ နှစ်ပေါင်း ၄၅ နှစ်ကျော်ကြာ ကြိုးပမ်းနေခြင်းကြောင့် ဆိုဗီယက်ပြည်ထောင်စု၏ စီးပွားရေးလုပ်ငန်းဆောင်တာများ နောက်ကျကျန်ရစ်ခဲ့သည်။

အဆုံးတွင် ဆိုဗီယက်များသည် လက်နက်များ၊နည်းပညာ၊ဝါဒဖြန့်ချိရေးနှင့်စစ်ပွဲအတွက် ဆက်လက် ငွေကြေးအကုန်အကျ မခံနိုင်တော့ချေ။အခြားအရေးကြီးသော အချက်တစ်ချက်မှာ ဆိုဗီယက်ပြည်ထောင်စုကို နိုင်ငံပေါင်း၊ မျိုးနွယ်စုပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး သမိုင်းကြောင်းတစ်လျှောက် ၎င်းတို့ကြား အချင်းချင်း **ယှဉ်ပြိုင်မှု၊ ပဋိပက္ခများ** အမြဲရှိနေခဲ့ခြင်းကြောင့် ဖြစ်သည်။ ပြင်းထန်သောအာဏာဖြင့် ထိန်းချုပ်မှုသာ 'ပြည်ထောင်စုကြီး' စုစုစည်းစည်း တည်မြဲနိုင်မည် ဖြစ်သည်။ **နိုင်ငံတကာပဋိပက္ခ (စစ်အေးစစ်ပွဲ)**၏ ရိုက်ခတ်မှုကြောင့် ဆိုဗီယက်ဗဟိုအစိုးရ၏အာဏာ သည် တဖြည်းဖြည်း အားအင်လျော့နည်းလာသည်။ ထိုသို့ အားအင်လျော့နည်းနေသည့် အခြေအနေကြောင့် **'ပြည်ထောင်စုကြီး'**ရှိ ကျေနပ်မှုမရှိသော လူထုမှာ ခေါင်းထောင်ဖို့ အခွင့်အရေးရကာ အပြောင်းအလဲလုပ်ရန် တောင်းဆိုလာနိုင်ကြသည်။ ၁၉၈၉ ခုနှစ်တွင် အရှေ့ဂျာမနီ နှင့် အနောက်ဂျာမနီ ကွဲနေသည်ဟူသော အမှတ်သင်္ကေတဖြစ်သည့် ဘာလင်တံတိုင်းကြီး ပြိုလဲခဲ့သည်။ တံတိုင်းကြီးပြိုကျပြီး သည်နှင့်တပြိုင်နက် ဆိုဗီယက်ဝင် နိုင်ငံငယ်အများအပြား လွတ်လပ်ရေး ရခဲ့သည်။ မကြာမီ ဆိုဗီယက် ပြည်ထောင်စုကြီးသည် တရားဝင်ပြီးဆုံးသွားပြီး အရင်းရှင်စီးပွားရေးစနစ် (ကွန်မြူနစ်စနစ်) နေရာတွင် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် (ကက်ပီတယ်လစ်ဇင်) အစားထိုးဝင်ရောက်လာခဲ့သည်။

## လေ့ကျင့်ခန်း

အောက်ပါစာပိုဒ်ရှိကွက်လပ်များကိုဖြည့်၍ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲအောင် အကြောင်းဖန်လာသည့် ဖြစ်ရပ်များကို အစီအစဉ်တကျ ရှင်းပြပါ။ ကွက်လပ်များဖြည့်ရန် ပေးထားသော စကားစုများကို အသုံးပြုပါ။

(က)အစိုးရနှင့် စီးပွားရေးစနစ် ပြောင်းလဲပေးရန်
(ခ)လူနေမှုအဆင့်အတန်း ကျဆင်းလာ
(ဂ)တော်လှန်ပုန်ကန်
(ဃ)စီးပွားရေးကျဆင်း

(င)စစ်အေးတိုက်ပွဲ
(စ)နိုင်ငံရေးနှင့်လူမှုရေးမတည်ငြိမ်ခြင်း
--------သည် ငွေကြေးနှင့် သယံဇာတ အကုန်အကျများပြီး ---- လာသည်။ စီးပွားရေး အားနည်းလာသောအခါ ------ လာသည်။ လူနေမှုအဆင့်အတန်း ကျဆင်းဆိုးရွားလာသည်နှင့်အတူ လူထုလည်း ပျော်ရွှင်မှု မရှိတော့ပေ။ ထို့ကြောင့် ----- ဖြစ်လာသည်။ နိုင်ငံရေးနှင့် လူမှုရေး မငြိမ်မသက်မှုများ ရှိနေခြင်းကြောင့် လူထုသည် နောက်ဆုံးတွင် ----- ကာ ---- ကို တောင်းဆိုခဲ့သည်။

## A New World Order

## ကြိုတင်လေ့လာခြင်း



၁။ ဤနေရာတွင် 'ကမ္ဘာသစ်အစီအမံ'၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

၂။ ဆိုဗီယက်ပြည်ထောင်စုပြိုလဲသွားခြင်းသာ ကမ္ဘာ့အခြားဒေသများသို့ မည်သို့ အရေးပါသနည်း။

၃။ စာကိုဖတ်၍ ဤမေးခွန်းများကို ကြိုးစားဖြေပါ။

| **အဓိကစကားလုံးများ** |
| --- |
| မစစ်ဆေး၊ မထိန်းချုပ်ဘဲ (unchecked)၊ |
| ရွှေ့သည် (shift) |
| အင်အားကြီးသူများ ဦးဆောင်ခြင်း (hegemony) |

နိုင်ငံတကာဆက်ဆံရေးသည် စူပါပါဝါနိုင်ငံနှစ်နိုင်ငံနှင့် ၄င်းတို့၏ မိတ်ဖက်နိုင်ငံများကြား အာဏာရရှိရေး ကြိုးပမ်းနေမှုအပေါ်တွင် နှစ်ပေါင်း ၄၅ နှစ်ကျော်ခန့် အခြေခံနေခဲ့သည်။ စစ်အေးစစ်ပွဲကာလတွင် လွှသတွင်း ပဋိပက္ခနှင့် စစ်ပွဲများစွာ ဖြစ်ပွားခဲ့သည်။ သို့သော် ပြိုင်ဘက် စူပါပါဝါ နှစ်နိုင်ငံ တည်ရှိနေခြင်းကြောင့် အလွန်ကြောက်ရွံ့ရသော 'တတိယကမ္ဘာ'စစ်မှာ ဘယ်သောအခါမှ မဖြစ်လာခဲ့ပေ။ စူပါပါဝါနှစ်နိုင်ငံအချင်းချင်း နူကလီးယားစစ်ပွဲဖြစ်မည်ဟု တိုက်ရိုက်စိန်ခေါ်လာမည်ကို လူတိုင်း ကြောက်ရွံ့နေသောကြောင့် 'အာဏာညီမျှမှု' တည်ရှိနေခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားသည့်အချိန် အာဏာညီမျှမှုပုံစံ ပြောင်းသွားသည်။ ယခုအခါ စူပါပါဝါ တစ်ခုတည်းသာ ကျန်ရှိတော့သည်။ 'new world order' ပေါ်ပေါက်လာသည်။ အမေရိကန် တစ်နိုင်ငံတည်းက အကြီးမားဆုံးအင်အားကို ဆုပ်ကိုင်ထားကာ အကျယ်ပြန့်ဆုံး လွှမ်းမိုးနေခဲ့သည်။ အင်အားနှစ်ခုကြား နျူကလီးယားစစ်ပွဲ ဖြစ်ပေါ်မည်ကို စိုးရွံ့ခြင်း ပြီးဆုံးသွားသည်။ သို့သော် နိုင်ငံတစ်နိုင်ငံတည်းက ပြိုင်ဘက်မရှိ အင်အားသုံးကာ လွှမ်းမိုးနေမည့်အရေး ပူပန်လာရသည်။ ယခုအခါ တစ်ခုတည်းသော စူပါပါဝါက အပြည့်အဝ ချုပ်ကိုင်နေပြီ။ အင်အားကြီးသည့် အမေရိကန်က ဦးဆောင်သည့် ခေတ်ကာလ

စတင်ခဲ့သည်။ ဤသို့ သွားနေခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို စိန်ခေါ်မှုအသစ်များ သယ်ဆောင်လာနိုင်သည်။

| ဆွေးနွေးခြင်း |
| --- |
| **စွမ်းရည်**<br>**ချင့်ချိန်ခြင်း** |

**၁။** စူပါပါဝါနှစ်ခုအကြား ဘယ်သောအခါမှ စစ်ပွဲ မဖြစ်ခဲ့ရခြင်းမှာ အဘယ့်ကြောင့်နည်း။
**၂။** စစ်အေးစစ်ပွဲအတွင်း ကမ္ဘာကြီးသည် မည်ကဲ့သို့ ဟန်ချက်ညီညီ ဖြစ်ခဲ့သနည်း။
**၃။** စစ်အေးစစ်ပွဲ ပြီးဆုံးသွားခြင်း၏ ကောင်းကျိုးအချို့ကို ဖော်ပြပါ။
**၄။** ဆိုးကျိုးအချို့မှာ အဘယ်နည်း။
**၅။** 'New World Order' နှင့်ပတ်သက်သည့် စိုးရိမ်မှုကြီးများမှာ အဘယ်နည်း။ အကြောင်းပြချက်အချို့ ရေးချပြီး ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ရှင်းလင်းပြပါ။

**ဂလိုဘယ်လိုင်ဇေးရှင်း**

**အဓိကစကားလုံးများ**

| ဆက်လက်တည်ရှိသည် (prevail)၊ ပြိုင်ဘက်များ (competitors) |
| --- |

စစ်အေးစစ်ပွဲပြီးဆုံးသွားခြင်း၏အဓိပ္ပာယ်မှာ စူပါပါဝါနှစ်ခု မည်သူကမ္ဘာကို လွှမ်းမိုးမည်ဆိုသည်ကို ယှဉ်ပြိုင်နေခြင်း ရပ်တံ့သွားရုံသာမက အနိုင်ရသူ ဆက်လက်တည်ရှိနေမည်ဆိုသော သဘောသဘာဝလည်း ဖြစ်သည်။ ညနတ တသမိ သမိနမ တွင် ကက်ပီတယ်လစ်ဇင်မ်ကို နိုင်ငံအားလုံးက စီးပွားရေးစံပြစနစ် ဖြစ်လာသည်။ ကမ္ဘာ့စီးပွားရေးစနစ် ပြန့်ပွားစေသည့်အကြောင်းရင်းထဲတွင် ဂလိုဘယ်လိုင်ဇေးရှင်း (Globalization) လည်း ပါဝင်သည်။ ဂလိုဘယ်လိုင်ဇင်းကြောင့် နိုင်ငံအများအပြားမိမိတို့၏ ပြည်တွင်းစီးပွားရေးအား အကာအကွယ်ပြုထားသည့် ကုန်သန်းရောင်းဝယ်ရေး အတားအဆီးများ ပျောက်ကွယ်သွားကြသည်။ ဂလိုဘယ်စီးပွားရေးသို့ ဝင်လိုသော နိုင်ငံများသည် မိမိတို့နိုင်ငံ စီးပွားရေးကို ပြန်လည်ပြုပြင်ရေးများ ပြုလုပ်ရန် လိုအပ်သည်။ လူမျိုးရေးခွဲခြားခြင်း မရှိဘဲ ပြိုင်ဘက်အားလုံးကို ဈေးကွက်ဖွင့်ပေးရမည်။ ဂလိုဘယ်စီးပွားရေးတွင် ပါဝင်လာခြင်းဖြင့် မည်သည့်ကုန်ပစ္စည်းများ ထုတ်လုပ်နေသည်၊ မည်သို့ထုတ်လုပ်၍ မည်သို့ ရောင်းဝယ်နေကြသည် စသည်တို့ကို သိခွင့်ရနိုင်သည့် **'လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်'** ပေါ်ထွန်းလာသည်။

## ဂလိုဘယ်လိုင်ဇေးရှင်းနှင့် ပတ်သက်သည့် အကောင်းမြင်အယူအဆတချို့

**နိုင်ငံအားလုံး တူညီသောစည်းမျဉ်း စည်းကမ်းဖြင့်ပါဝင်ယှဉ်ပြိုင်ရခြင်း ဖြစ်ပြီး တူညီသော အကျိုးများခံစားရသည်။**

**ဂလိုဘယ်လိုင်ဇေးရှင်းကြောင့် ကမ္ဘာကြီးသည် ရောင်းဝယ်ဖေါက်ကားရာနေရာကြီးတစ်ခု ဖြစ်လာ သည်။**

**ယှဉ်ပြိုင်ခြင်းဖြင့် အကောင်းဆုံးသော ပစ္စည်းများကို အသင့်တော်ဆုံး ဈေးနှုန်းများဖြင့် ထုတ်လုပ်လာ နိုင်မည်။**

လက်တွေ့တွင် ဂလိုဘယ်လိုင်ဇေးရှင်းသည် ၎င်းအားကျင့်သုံးထောက်ခံသူများ မျှော်လင့်ထားသလို ထုတ်ကုန်အရည်အသွေးများကို အမြဲတစေ ထုတ်လုပ်ပေးနိုင်ခြင်း မရှိချေ။ ဂလိုဘယ်လိုင်ဇေးရှင်းသည် နိုင်ငံအမျိုးမျိုးတွင် ကွဲပြားသောပုံစံဖြင့် အကျိုးသက်ရောက်မှု ရှိသည်။ ဂလိုဘယ်လိုင်ဇေးရှင်းအပေါ် ထားရှိသော သဘောထားအမြင်များမှာလည်း အများအပြား ရှိသည်။

## ဂလိုဘယ်လိုင်ဇေးရှင်းနှင့် ပတ်သက်သည့် အမှန်တရားအချို့

**ဆင်းရဲချမ်းသာ ကွာဟမှုရှိသော နိုင်ငံများတွင် ထိုကွာဟမှုကြီးမှာ ဆက်လက်ကြီးထွား လာနေသည်။**

တူညီသောထုတ်ကုန်များကိုသာ ကြော်ငြာခြင်းနှင့် စားသုံးနေခြင်းကြောင့် ကိုယ်ပိုင်ယဉ်ကျေးမှုများ ပျောက်ဆုံးကုန်သည်။

ပြည်တွင်းစက်မှုဇုန်လေးများသည် နိုင်ငံများပူးပေါင်းရင်းနှီးထား သောဧရာမကုမ္ပဏီကြီးများကို အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ခြင်း မရှိချေ။

| ဆွေးနွေးခြင်း |
|---|
| စွမ်းရည် |
| ကောက်ချက်ချခြင်း |

ဂလိုဘယ်လိုင်ဇေးရှင်းအပေါ် အကောင်းမြင်သော သဘောထားများအနက် မည်သည်က ဘဝ၏ မည်သည့်အစိတ်အပိုင်းကို အလေးပေးဖော်ညွှန်းသနည်း။ အမှန်တရားတွင်လည်း ဘဝ၏မည်သည့်အစိတ်အပိုင်းများကို ဦးစားပေးထားသနည်း။

## ကူးသန်းရောင်းဝယ်ရေး အတားအဆီးများ

ထုံးစံအားဖြင့် အစိုးရအများစုသည် ၎င်းတို့၏စီးပွားရေးကို ကာကွယ်လေ့ရှိပြီး ပြည်ပမှ တင်သွင်းလာသော ကုန်ပစ္စည်းများ ပြည်တွင်းထုတ်ကုန်များထက် ပိုမိုဈေးကြီးအောင် စီမံလေ့ရှိသည်။ သွင်းကုန်အားလုံးအတွက် ပေးဆောင်ရသည့် အစိုးရအခွန်များ (import duties) ကောက်ခံခြင်းဖြင့် ထိုသို့ ဆောင်ရွက်လျက် ရှိသည်။

| အဖွဲ့လိုက်လေ့ကျင့်ခန်း |
| --- |
| **စွမ်းရည်** - ရရှိလာသော အချက်အလက်များကို အသုံးချခြင်း |

**၁။** သင်၏ဘဝတွင် မြင်တွေ့ရသော ဂလိုဘယ်လိုင်ဇေးရှင်းအကြောင်း ဥပမာများ ပေးပါ။
**၂။** ဂလိုဘယ်လိုင်ဇေးရှင်း အကောင်းမြင်သဘောထားများနှင့် တိုက်ဆိုင်မှု ရှိပါသလား

| အဖွဲ့လိုက်လေ့ကျင့်ခန်း |
| --- |
| စွမ်းရည် - ငြင်းခုံခြင်း |

**အမြင်များ**

အောက်တွင် ပေးထားသော ဂလိုဘယ်လိုင်ဇေးရှင်းနှင့် ပတ်သက်သည့် စကားများကို ကြည့်ရှု၍ မည်သည့်စကားများက ဂလိုဘယ်လိုင်ဇေးရှင်းကို ထောက်ခံ၍ မည်သည်များက ကန့်ကွက်သည်ကို ခွဲခြားပါ။

လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှု သည် သာမန်လူအပေါ် အကျိုးအမြတ်များစွာပေးသည်ကို သမိုင်းမှတ်တမ်းများတွင် ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။ ကူးသန်းရောင်းဝယ်ရေးအတားအဆီးများကို လျှော့ချပေးပြီး မိမိတို့၏ ဈေးကွက်စီးပွားရေးကို ဖွင့်ပေးသော နိုင်ငံများသည် လူနေမှုစီးပွားရေးစနစ် ပိုမိုမြင့်မားခြင်းအကျိုးကို ခံစားကြရသည်။ စားသုံးသူများသည် မိမိတို့ ယခင်က ပေးနေရသော ဈေးနှုန်းများထက် လျော့နည်းပြီး အရည်အသွေးမြင့်မားသော ထုတ်ကုန်မျိုးစုံကို စိတ်ကြိုက်ရွေးချယ်ခွင့် ရလာသည်။ **(ကာတိုဌာန၊ ကုန်သွယ်ရေးစင်တာ၊ ပေါ်လစီပညာရပ်များ)**

“. . . . စစ်အေးစစ်ပွဲနောက်ပိုင်း အားလုံးအတွက် လွတ်လပ်မှုနှင့် ကောင်းကျိုးချမ်းသာများ ယူဆောင်လာပေးမည့် ‘ကမ္ဘာ့စနစ်သစ်’ကို ဖြစ်ပေါ်လာစေမည်ဟု မျှော်လင့်ထားရသော ဂလိုဘယ်လိုင်ဇေးရှင်း။ လက်တွေ့တွင် ဂလိုဘယ်လိုင်ဇေးရှင်းသည်နိုင်ငံအများစုအတွက်အလုပ်သမား ခေါင်းပုံဖြတ်ခြင်းနှင့် စီးပွားရေး မတည်ငြိမ်ခြင်းများကိုသာ ယူဆောင်လာခဲ့သည်။ **(ပီးယားစိန်း)**

ယှဉ်ပြိုင်ခြင်းအားဖြင့် ဈေးကွက်တွင် အပိုအလိုမရှိ အကျိုးဖြစ်ထွန်းနိုင်ပြီး လုပ်အားလည်း မျှဝေပြီးသား ဖြစ်လိမ့်မည်။ လုပ်အားမျှဝေခြင်းဆိုသည်မှာ လူနှင့် စီးပွားရေး သူ့ရွေးချယ်မှုနှင့်သူ အဆီအငေါ် တည့်သွားခြင်းကို ဆိုလိုသည်။ ဂလိုဘယ်ဈေးကွက်များကြောင့် လူများသည် ကမ္ဘာတစ်ဝန်းရှိ ပိုမိုကျယ်ပြောကြီးမားသော ဈေးကွက်များသို့ ဝင်ဆံ့ခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်သည်။ လူများသည် လွတ်လပ်ခြင်း၊ နည်းပညာ၊ ဈေးသက်သာသော သွင်းကုန်ပစ္စည်းများနှင့် ပိုမိုကျယ်ပြန့်သော ထုတ်ကုန်ဈေးကွက်များတွင် ပါဝင်လာနိုင်သည်။**(နိုင်ငံတကာငွေကြေးဆိုင်ရာ အထောက်အပံ့)**

တတိယကမ္ဘာ (Third World) နိုင်ငံများမှ လူများ၊ စက်မှုနိုင်ငံများမှ အစွန့်ပယ်ခံများနှင့် လူဆင်းရဲများသည် စီးပွားရေး ဂလိုဘယ်လိုင်ဇေးရှင်း၏ ဆိုးကျိုးမှားကို ပြင်းပြင်းထန်ထန် ခံရသည့်အပြင် IMF၊ ကမ္ဘာ့ဘဏ်၊ WTO နှင့် ၎င်းတို့----အစိုးရများ စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နိုင်ထက်စီးနင်းပြုမှုများကိုလည်း ခံကြရသည်။**(ကမ္ဘာ့လူမှုရေး ဖိုရမ်၊ ၂၀၀၂)**

‘၁၉၈၅ ခုနှစ်တွင် သာမန်အမေရိကန်လူမျိုးတစ်ယောက်သည် သာမန်ဂျာမန်တစ်ဦးထက် ၃၀%၊ သာမန် ဂျပန်တစ်ဦးထက် ၄၀%၊ ယူနိုက်တစ်ကင်ဒမ်း သာမန်နိုင်ငံသားထက် ၅၀%ခန့်၊ သာမန်အီသီရိုးပီးယလူမျိုးတစ်ဦးထက် ၅၅၀၀% ပိုဝင်ငွေရှိသည်။ ဤကဲ့သို့သော ကွာဟမှုများ ဤနှုန်းအတိုင်း ဆက်သွားနေလျှင် နှစ်ပေါင်း ၁၅၀ အတွင်း နှစ်ဆတက်သွားကြောင်း အထက်ပါ ကိန်းဂဏန်းများက ပုံဖော်ပြသသွားသည်။ **(ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း လေ့လာတွေ့ရှိချက်၊ ၁၉၉၉)**

စစ်အေးစစ်ပွဲစနစ်တွင် အခြားနိုင်ငံများ မပါဝင်ခဲ့ပေ။ အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စု စူပါပါဝါနှစ်ခုကြားတွင်သာ မျှမျှတတ တည်ရှိနေခြင်း ဖြစ်သည်။ ဂလိုဘယ်လိုင်ဇေးရှင်းစနစ်တွင်မူ အမေရိကန်သည် တစ်ဦးတည်းသော လွှမ်းမိုးသူစူပါပါဝါဖြစ်ပြီး အခြားနိုင်ငံအားလုံး အမေရိကန်အောက် တစ်နေရာမဟုတ် တစ်နေရာ နိမ့်ကျနေသည်။**(သောမတ်စ် ဖရီးမန်း)**

‘ဂလိုဘယ်လိုင်ဇေးရှင်းအကျိုးအမြတ်များသည်ဟူသည်မှာ သမမျှတစွာ ပြန့်နှံ့ခဲ့ခြင်း မရှိချေ။ ဂလိုဘယ်လိုင်ဇေးရှင်း ဝန်ထုပ်ဝန်ပိုးများသည် မိမိတို့ကိုယ်ကို ကာကွယ်နိုင်စွမ်း အနည်းဆုံးသူများပေါ်တွင် အများဆုံး ကျရောက်လျက် ရှိသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ လူပေါင်းများစွာသည် ဂလိုဘယ်လိုင်ဇေးရှင်းတွင် ပါဝင်ခွင့်မရဘဲ ဂလိုဘယ်လိုင်ဇေးရှင်း၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ထိုလူများသည် မိမိတို့ကိုယ်မိမိ ဈေးကွက်၏ အရှင်သခင်များအဖြစ် ခံစားရမည့်အစား အခိုင်းစေများသဖွယ် ခံစားနေကြရသည်။**(ကိုဖီအာနန်-အတွင်းရေးမှူး၊ ကုလသမဂ္ဂ)**

## ဆွေးနွေးခြင်း

**(စွမ်းရည်) -** ရှိလာ သော အချက်အလက်များကို အသုံးချခြင်း

၁။ မြန်မာနိုင်ငံကို ဂလိုဘယ်လိုင်ဇေးရှင်း မည်သို့ သက်ရောက်မှု ရှိခဲ့သနည်း။
၂။ အနာဂတ်တွင် မည်သို့ အကျိုးသက်ရောက်လာနိုင်သနည်း။

## အဖွဲ့လိုက်လေ့ကျင့်ခြင်း

**(စွမ်းရည်) -** နှိုင်းယှဉ်ခြင်း

ဂလိုဘယ်လိုင်ဇေးရှင်းနှင့် ပတ်သက်၍ မည်သည်ကကောင်းပြီး မည်သည် က ဆိုးသည်ကို အဖွဲ့လိုက် ဆွေးနွေးပါ။ ထို့နောက် သင်စဉ်းစားမိသမျှ ဂလိုဘယ်လိုင်ဇေးရှင်း၏ အားသာချက် အားနည်းချက်များကို အောက်ပါ ဇယားတွင် ဖြည့်ပါ။

| ဂလိုဘယ်လိုင်ဇေးရှင်း၏ အားသာချက် | ဂလိုဘယ်လိုင်ဇေးရှင်း၏ အားနည်းချက် |
|---|---|
| | |

## အဖွဲ့လိုက်လေ့ကျင့်ခြင်း

**(စွမ်းရည်) -** သုတေသနပြုခြင်း၊ တင်ဆက်ခြင်း

### အဖွဲ့(၁)

စစ်အေးစစ်ပွဲမှ 'အာဏာညီမျှခြင်း'အကြောင်း တင်ဆက်ရန် (presentation) ပြင်ဆင်ပါ။ စူပါပါဝါများ၊ ၎င်းတို့၏ မဟာမိတ်များ၊ ------၊ ကိုယ်စားလှယ်စစ်ပွဲ နှင့် အခြား အချက်အလက်များကို ထည့်သွင်းပါ။ ဤအခန်းမှ အချက်အလက်များ၊ ဖတ်စရာအပိုများ သို့မဟုတ် ပြင်ပစာအုပ်များမှ အချက်အလက်များကို အသုံးချပါ။

### အဖွဲ့(၂)


'ကမ္ဘာ့စနစ်သစ်'အကြောင်း တင်ဆက်ရန် ပြင်ဆင်ပါ။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားခြင်းသည် ကမ္ဘာပေါ်ရှိ အာဏာထိန်းညှိရေးကို မည်သို့အပြောင်းအလဲ ဖြစ်စေသနည်း။ မည်ကဲ့သို့သော အပြောင်းအလဲများ ဖြစ်ပေါ်လာသနည်း။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲများအကြောင်း ပြောပါ။ ပြင်ပ (ဖတ်စရာ အပိုများ၊ စာကြည့်တိုက်မှ စာအုပ်စာတမ်းများ) မှလည်း အချက်အလက်များ ရှာဖွေနိုင်သည်။

## ၂။ အရှေ့အလယ်ပိုင်း

ယခုအခန်းတွင် အရှေ့အလယ်ပိုင်းရှိ မကြာခင်က ဖြစ်ပွားခဲ့သော ပဋိပက္ခများကို စူးစမ်းလေ့လာကြမည်။ ယင်းပဋိပက္ခများတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ကမ္ဘာတစ်ဝန်း နိုင်ငံအများအပြား၏ စစ်ဘက် ပါဝင်ပတ်သက်မှု စသည်တို့ ပါဝင်နေကြောင်း မြင်တွေ့ရသည်။ ပဋိပက္ခနှစ်ခုမှာ

**၁။ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ**

**၂။ အီရတ်ကဲကြမ္မာ တို့ ဖြစ်ကြသည်။**



**ယခုသင်ခန်းစာ အဆုံးတွင် သင်တန်းသားများအနေဖြင့်**

-အရှေ့အလယ်ပိုင်းရှိ ပဋိပက္ခတွင် ပါဝင်သော အဓိကနိုင်ငံများ၏ အမည်များနှင့် ၎င်းတို့၏ တည်နေရာကို သိရှိလာမည်။

-ဥရောပကိုလိုနီစနစ်သည် ပဋိပက္ခများကို ဖန်တီးရာ၌ မည်ကဲ့သို့ အားပေးရာ ရောက်ကြောင်း ရှင်းပြတတ်လာမည်။

-အစ္စရေး-ပါလက်စတိုင်း နှစ်ဆက်စလုံး ပဋိပက္ခကို ဆွေးနွေးတတ်လာမည်။
-ဒေသတွင်းရှိ ပထဝီရေးရာ အခန်းကဏ္ဍနှင့် သဘာဝအရင်းအမြစ်များကို ဖော်ပြတတ်လာမည်။
-ကုလသမဂ္ဂအနေဖြင့် ဒေသတွင်း ပဋိပက္ခကို မည်ကဲ့သို့ တုံ့ပြန်ခဲ့သည်ဆိုသည့်အကြောင်း ဆွေးနွေးတတ်လာမည်။
-မကြာသေးမီ အီရတ်သမိုင်းကာလအတွင်း အရေးကြီးသော အဖြစ်အပျက်များကို ဖော်ထုတ်တတ်လာမည်။
-အီရတ်တွင်စစ်ပွဲနှစ်ပွဲကို ဦးတည်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း အဖြစ်အပျက်များကိုဖော်ထုတ်တတ်လာမည်။

## ၂. ၁ မိတ်ဆက်

### ကိုလိုနီစနစ်၏ အမွေအနှစ်

**ပူးပေါင်းအဖြေရှာခြင်း**

**၁။** စစ်ပွဲတွင် ပါဝင်သော နိုင်ငံများအတွက် အကြောင်းပြချက်အချို့မှာ အဘယ်နည်း။
**၂။** အရှေ့အလယ်ပိုင်း မည်သည့်အရပ်တွင် ရှိသနည်း။
**၃။** အရှေ့အလယ်ပိုင်းအကြောင်း သင် မည်သည်များ သိထားသနည်း။

အော့တမန်အင်ပါယာ (Ottoman Empire)သည် နှစ်ပေါင်း ၆၀၀ ကျော် (၁၃၀၀-၁၉၂၂ )ထိ ယနေ့ခေတ် ကျွန်ုပ်တို့ သိထားကြသော ဗဟိုအာရှ၊ အရှေ့အလယ်ပိုင်း၊ ဥရောပအရှေ့ပိုင်းနှင့် မြောက်အာဖရိကဒေသအများစုကို အုပ်ချုပ်ခဲ့သည်။ အော့တမန်များသည် မွတ်စလင်များဖြစ်ပြီး ၎င်းတို့၏မြို့တော် မှာ အစ္စတန်ဘူလ် ဖြစ်သည်။ ၂၀ ရာစုအစတွင် အော့တမန်တို့၏ စွမ်းအား လျော့နည်းလာခဲ့သည်။ အင်အားတောင့်တင်းသော ဥရောပနိုင်ငံများက အရှေ့အလယ်ပိုင်းဒေသကို ထိန်းချုပ်နိုင်ရန် အော့တမန်တို့ကို ခြိမ်းခြောက်လာခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း အော့တမန်တို့မှာ စစ်ပွဲရှုံးခဲ့သော ဂျာမနီတို့ဘက်က ဖြစ်ခဲ့သည်။ စစ်ပွဲရလဒ်အဖြစ် အရှေ့အလယ်ပိုင်းဒေသအများစုမှာ ပိုင်းခြားခံလိုက်ရပြီး စစ်အောင်နိုင်သူ (အထူးသဖြင့် ပြင်သစ်နှင့် ဗြိတိန်) တို့က လွှဲပြောင်းတာဝန်ယူခဲ့သည်။ ပို၍အရေးကြီးသည်က စစ်ပွဲတွင် အာရပ်အများအပြားက အော့တမန်တို့အား ပြင်သစ်တို့ တိုက်ခိုက်ရာတွင် ထောက်ပံ့ကူညီပေးခဲ့သည်။ ယင်းကဲ့သို့ အကူအညီပေးခဲ့မှုကြောင့် အပြန်အလှန်အားဖြင့် အာရပ်တို့အား လွတ်လပ်ရေး ပေးမည်ဟု ဗြိတိန်က ကတိပေးခဲ့သည်။ သို့သော် ယင်းသဘောတူညီချက်မှာမည်သည့်အခါမှ ဂုဏ်ပြုမခံခဲ့ရပေ။ ကျွန်ုပ်တို့သိသော အရှေ့အလယ်ပိုင်းနိုင်ငံအများစုမှာ စစ်အောင်နိုင်သူ ဥရောပ အင်အားကြီးနိုင်ငံများ၏ ဖန်တီးမှုကို ခံခဲ့ရသည်။ ပြင်သစ်က ဆီးရီးယားနှင့် လက်ဘနွန်ကို ထိန်းချုပ်ထားခဲ့သည်။ ဂရိတ်ဗြိတိန် (Great Britain) က ပါလက်စတိုင်း အီရတ်နိုင်ငံတော်သစ်နှင့် ဂျော်ဒန်နိုင်ငံကျော်ပြီး --------ထိန်းချုပ်ထားခဲ့သည်။ ကျန် အာရေဗီယန်းကျွန်းဆွယ်မှာ ဗြိတိန်ထိန်းချုပ်မှုအောက် တိုက်ရိုက်မကျခဲ့သော်လည်း ဗြိတိန်နှင့် ဆက်နွှယ်ခဲ့ရသည်။

**နိုင်ငံဖန်တီးသူများ**

ဒုတိယကမ္ဘာစစ်အဆုံးတွင် အရှေ့အလယ်ပိုင်းရှိ သန်းနှင့်ချီသော အာရပ်တို့၏ အနာဂတ်သည် ဥရောပခေါင်းဆောင်များ၏ ဆုံးဖြတ်ပေးမှုလက်အောက် ကျရောက်ခဲ့သည်။ နယ်စပ်စည်းမျဉ်းများကို ပြောင်းလဲပြီး သီးသန့်နေရာဒေသများအဖြစ် ပြုလုပ်ခဲ့သည်။ မျိုးဆက်များ အတူတကွ နေထိုင်လာခဲ့ပြီးနောက် လူမျိုးနွယ်စုနှင့် လူမျိုးစုအုပ်စုများမှာ ဥရောပနိုင်ငံရေးကို အခြေခံထားမှုအပေါ် သီးခြားစီ ပိုင်းဖြတ်ခံခဲ့ရသည်။

## မြေပုံလေ့ကျင့်ခန်း

**မြေပုံပေါ်တွင် အော့တမန်အင်ပါယာ၏ အစိတ်အပိုင်းဖြစ်ခဲ့သော ယနေ့လက်ရှိ နိုင်ငံအားလုံးကို ရှာဖွေပါ။**




## ဖတ်ရှုနားလည်ခြင်း

**၁။** မည်သည့်အချိန်က အော့တမန်အင်ပါယာ ပြိုကွဲသွားခဲ့သနည်း။ အဘယ့်ကြောင့် ပြိုကွဲခဲ့ရသနည်း။

**၂။** ပထမကမ္ဘာစစ်အပြီး အရှေ့အလယ်ပိုင်းဒေသအများစုကို မည်သည့်ဥရောပနိုင်ငံများက ထိန်းချုပ်ခဲ့သနည်း။

**၃။** အရှေ့အလယ်ပိုင်းနိုင်ငံတော်သစ်ကို မည်သူက နယ်နိမိတ်သစ်များ သတ်မှတ်ခဲ့သနည်း။

**၄။** နယ်မြေပိုင်နက်သစ်များ ဆုံးဖြတ်ပေးရာတွင် ဒေသခံများ မည်သို့ ပါဝင်ခဲ့ကြသနည်း။

## ဆွေးနွေးခြင်း


**(စွမ်းရည်) -** ကောက်ချက် ချခြင်း၊ အချက်အလက် အသုံးချခြင်း

**၁။**ဒုတိယကမ္ဘာစစ်ပြီးနောက် အရှေ့အလယ်ပိုင်း ပုံရိပ်သစ်အကြောင်း အာရပ်များမည်ကဲ့သို့ ခံစားခဲ့ရသည်ဟု သင်ထင်ပါသနည်း။

**၂။**မတူညီသော ကမ္ဘာ့အစိတ်အပိုင်းတစ်နေရာက အလားတူအခြေအနေတစ်ရပ်ကို ဥပမာအဖြစ်ဖော်ပြပါ။

## မြေပုံလေ့ကျင့်ခန်း

**အောက်ပါမြေပုံပေါ်တွင် ပထမကမ္ဘာစစ်ပြီးနောက် ပြင်သစ်နှင့် ဂရိတ်ဗြိတိန်တို့ ထိန်းချုပ်ထားခဲ့သော နိုင်ငံများကို တည်နေရာကို ရှာဖွေပါ။**



France and Britain in the Middle East after WWII

## ၂.၂ ကိုလိုနီစနစ်ကို တုံ့ပြန်မှု

**အဓိကစကားလုံးများ**

တည်ရှိခြင်း (presence)
နောင်တကြောင့် အမျက်ထွက်ခြင်း (resentment)
အလွန်အကြူး (radical)
သည်းခံသည် (tolerate)
ကတိသစ္စာချိုးဖောက်သည် (betrayal)
အစွန်းရောက်ဝါ ဒီ(fundamentalism)
အမျိုးသားရေးဝါဒီ (nationalism)

မည်သူတစ်ဦးတစ်ယောက်ကမှ ၄င်းတို့၏ နိုင်ငံ၊ ရင်းမြစ်များနှင့် အနာဂတ်များအပေါ် ကြိုးကိုင်ထိန်းချုပ်ရန် ရောက်လာကြသော ပြင်ပနိုင်ငံသားများကို မနှစ်သက်ကြပေ။ ဗြိတိန်နှင့် ပြင်သစ်တို့၏ သိမ်းပိုက်ထားမှုနှင့် စစ်တပ်များ တည်ရှိနေခြင်းကဒေသခံလူများနှင့် ဥရောပသိမ်းပိုက်သူများကြား များပြားသော လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားစေခဲ့သည်။ ၂၀ ရာစု ပထမပိုင်းအတွင်း မျိုးချစ်စိတ်ပုံသဏ္ဍာန်အမျိုးမျိုးက ကမ္ဘာတစ်ဝန်းလုံးတွင် ကိုလိုနီစနစ်အပေါ် စိန်ခေါ်မှုများ ကြီးထွားလာခဲ့သည်။ ဒေသများအနေဖြင့် ကိုလိုနီစနစ်၏ မတရားမှုကို အချိန်ကြာကြာ သည်းခံမှု မပြုနိုင်ကြတော့ပေ။ အရှေ့အလယ်ပိုင်း၌ ပုံစံအမျိုးမျိုးသော အာရပ်မျိုးချစ်စနစ်များ များပြားခဲ့ရာ ဥပမာအားဖြင့် သမ္မတနက်စ်ဆာအုပ်ချုပ်သော အီဂျစ်၊ Ba'athism အုပ်ချုပ်မှုအောက်က အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ ဖြစ်ကြသည်။ ထို့ပြင် ဂျူးမျိုးချစ်စနစ် (Zionism) လည်း ရှိခဲ့သည်။ ဘာသာရေးဆန်သည့် အစွန်းရောက်ယုံကြည်မှု (မွတ်စလင်နှင့် ဂျူး)သည် ကိုယ်ပိုင်ဖြစ်တည်မှုနှင့် လွတ်လပ်ရေး ထိန်းချုပ်ရန် ကြိုးစားသော လူအုပ်စုအချို့၏ နောက်ထပ် တုံ့ပြန်မှုတစ်ခု ဖြစ်သည်။ ယင်းအစွန်းရောက်သူ အချို့-တို့သည် လွန်ကဲသော ယုံကြည်မှုများကို လက်ကိုင်ထားကာ အစွန်းရောက်သော လုပ်ဆောင်မှုများကို လုပ်ဆောင်ကြသည်။ အရှေ့အလယ်ပိုင်းတွင် မျိုးချစ်စိတ်ရှိသူတို့၏ ခံစားချက်များနှင့် ဒေါသများမှာ ပထမကမ္ဘာစစ်အတွင်း အာရပ်တို့အား လွတ်လပ်ရေးပေးရန် သဘောတူထားမှုကို ကတိသစ္စာချိုးဖောက်ခဲ့သည့် ဗြိတိန်တို့အပေါ် ပို၍တိုးပွားလာခဲ့သည်။ ယင်းကဲ့သို့ အတိတ်၏ ဒေါသများမှာ အနာဂတ်တွင် ပဋိပက္ခနှင့် စစ်ပွဲများ ဖြစ်လာရန် အဓိကအကြောင်းအရာများ ဖြစ်ခဲ့သည်။

**ဆွေးနွေးခြင်း**

ပထမကမ္ဘာစစ်ပြီးနောက် အမျိုးသားရေးစိတ်ဓာတ် လှုပ်ရှားမှုများ အဘယ့်ကြောင့် တိုးပွားလာရသနည်း။

## ၂.၃ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ

### နိုင်ငံတစ်နိုင်ငံ ဖန်တီးခြင်း

**ပူးပေါင်းအဖြေရှာခြင်း**

လူအုပ်စုအများအပြားအပေါ် ညှဉ်းပန်းနှိပ်စက်ခြင်းအကြောင်း မည်သည်များ သိထားသနည်း။ မည်သည့်အုပ်စုများက ညှဉ်းပန်းနှိပ်စက် ခံခဲ့ရသနည်း။ မည်ကဲ့သို့ နှိပ်စက်ခံရသနည်း။

**အဓိကစကားလုံးများ**

လူအားလုံး သတ်ဖြတ်ခြင်း (extermination)
သည်းမခံနိုင်ခြင်း (intolerance)
အလွန့်အလွန် (overwhelmingly)
ခွဲခြားခြင်း (partition)
နှိပ်စက်ညှဉ်းပန်းသည် (persecuted)
လုံခြုံဘေးကင်းရာ (sanctuary)

**အခြေချသူများ ရောက်ရှိလာ**


European Jews migrated to Israel to escape persection

သမိုင်းတစ်လျှောက် ကမ္ဘာတစ်ဝန်းရှိ ဂျူးများမှာ ညှဉ်းပန်းနှိပ်စက်မှုနှင့် နှိပ်ကွပ်မှုတို့ ခံခဲ့ရသည်။ ဂျူးနိုင်ငံတော် ဖန်တီးခြင်းသည် ဂျူးတို့၏ နှစ်ပေါင်းများစွာ စိတ်ကူးယဉ်ခဲ့သော ရည်မှန်းချက်ပန်းတိုင် ဖြစ်သည်။ ၁၉၄၈ခုနှစ်တွင်အစ္စရေးနိုင်ငံတော်ကို ဖန်တီးခဲ့ကြသည်။သို့ သော်ယင်းဒေသအတွင်းနေ ထိုင်ကြသော အများစုဖြစ်သည့် အာရပ်တို့က အစ္စရေးနိုင်ငံတော်သစ်ကို လက်မခံခဲ့ကြပေ။ အစ္စရေးနှင့် ပါလက်စတိုင်းကြား ပဋိပက္ခများမှာ ကြာရှည်ခဲ့ပြီး ခါးသီးမှုများနှင့် ပြည့်နှက်ခဲ့သည်။ ယင်းပဋိပက္ခက တိုင်းပြည်နှင့် ဘာသာရေးကို စိုးရိမ်စရာ ဖြစ်ခဲ့သည်။ ရာစုနှစ်များစွာကပင်မွတ်စလင်နှင့် ဂျူးများမှာ ပါလက်စတိုင်းနှင့် အရှေ့အလယ်ပိုင်း အခြားအစိတ်အပိုင်းများတွင် အတူတကွ နေထိုင်လာခဲ့ကြသူများ ဖြစ်သည်။ ပါလက်စတိုင်းရှိ ဂျူးနှင့် မွတ်စလင်တို့အတွက် အနှောင့်အယှက်နှင့် ဘာသာရေးဆိုင်ရာ သည်းမခံနိုင်မှုများ အမြဲ တမ်း ရှိနေခဲ့သည်။

သို့ပေမယ့် နယ်မြေပိုင်ဆိုင်မှုအရေးမှာ အဓိက သဘောတူညီမှု မရသည့်အရာ ဖြစ်ခဲ့ပြီးယင်းမှာဥရောပကိုလိုနီစနစ်အချိန်မတိုင်မီကပင် ရှိနေခဲ့သည်။ ၁၉ ရာစုအစပိုင်းတွင် ကမ္ဘာတစ်ဝန်းလုံးရှိ ဂျူးများမှာ ပါလက်စတိုင်းသို့ အခြေချရန် သွားရောက်ခဲ့ကြသည်။ ၁၉ ရာစုအဆုံးတွင် အထူးသဖြင့် ရုရှားတွင် ဂျူးနှိပ်ကွပ်ရေးမှာ အဆုံးစွန်အနေအထား ဖြစ်ခဲ့သည်။ ကမ္ဘာ့ဒေသအစိတ်အပိုင်းအသီးသီး ဂျူးများ စုစည်းပြီး 'ဇီယွန်နစ်'ဟု ခေါ်သော မျိုးချစ်လှုပ်ရှားမှုအဖွဲ့ကို ဖန်တီးခဲ့ကြသည်။ ၎င်းတို့၏ ရည်မှန်းချက်မှာ ပါလက်စတိုင်းဟု သိထားသော ဧရိယာတွင် ဂျူးနိုင်ငံတော် တည်ထောင်ရေး အဓိကရည်မှန်းချက်ကြီး ဖြစ်သည်။ ယင်းမှာ ဟိုလိုကော့စ် (Holocaust) ဖြစ်ရပ်ပြီးနောက် ဂျူးလူမျိုးများအတွက် အဓိက အရေးကြီးဆုံးအရာ ဖြစ်လာခဲ့သည်။ ဇီယွန်အခြေချသူများ မရောက်ရှိလာမီ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အုပ်စုများမှ အာရပ်များနှင့် အဖွဲ့ခွဲများဖြစ်သော (မွတ်စလင် Druze)နှင့် ခရစ်ယာန်တို့မှာ လူနည်းစု ဂျူးတို့နှင့် ဟန်ချက်ညီညီ အတူတကွ နေထိုင်ခဲ့ကြသည်။ ပထမကမ္ဘာစစ် စတင်ချိန် ၁၉၄၉ ခုနှစ်တွင် ပါလက်စတိုင်း၌ အာရပ် ၁၀ ဦးကျော်တွင် ဂျူး ၁ ဦးနှုန်း ရှိခဲ့သည်။

### **ဟိုလိုကော့စ်** (The Holocaust)

ဒုတိယကမ္ဘာစစ်အတောအတွင်း နာဇီတို့သည် ဂျူးတို့အား ပြင်းပြင်းထန်ထန်နှင့် စနစ်တကျနှိပ်ကွပ်ခဲ့ကြသည်။ ယင်းကဲ့သို့ နှိပ်ကွပ်မှု၏ အဆုံးစွန်းသော ရည်မှန်းချက်မှာ ကမ္ဘာပေါ်ရှိ ဂျူးအားလုံးအား သတ်ပစ်ရန် ဖြစ်သည်။ ဂျာမနီစစ်တပ်အနေဖြင့် ဥရောပနိုင်ငံများတွင်ပို၍ ပို၍ နေရာယူလာနိုင်သောအခါ ၎င်းတို့နေရာယူထားသော ပိုင်နက်အတွင်းရှိ ဂျူးအားလုံးကို အကျဉ်းစခန်းများသို့ သွတ်သွင်းခဲ့ပြီး အလုပ်ကြမ်းများ လုပ်စေခြင်း၊ ငတ်မွတ်၍သေဆုံးစေခြင်းနှင့် -ဓာတ်ငွေ့ဖြည့်ထားသော အထူးမြေတိုက်ခန်းများတွင် ပိတ်သတ်ခြင်း စသည်များ ပြုလုပ်ခဲ့သည်။ ယင်းကာလအတွင်း ဂျူးအများအပြားမှာ ဥရောပမှ လွတ်မြောက်ရန် ကြိုးစားခဲ့ကြသော်လည်း အခြားနိုင်ငံအများစုက ဒုက္ခသည်များ လက်ခံမထားလိုခဲ့ကြပေ။ ထိုစဉ်အချိန်က နိုင်ငံတစ်နိုင်ငံ နာဇီဂျာမနီ၏ သိမ်းပိုက်ခြင်း ခံခဲ့ရပြီးလျှင်လည်း လွတ်မြောက်ရန် အလွန်ခက်ခဲသည်။ ဟိုလိုကော့စ် အတောအတွင်း ဥရောပတွင် ဂျူးပေါင်း ၅ သန်းခန့် အသတ်ခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် အသိမ်းပိုက်ခံနိုင်ငံ၊ နယ်မြေများရှိ ဂျူးအနည်းငယ်မျှသာ အသက်ရှင်ကျန်ရစ်သည်။ အချို့က ပါလက်စတိုင်းသို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

**ဆွေးနွေးခြင်း**

**(စွမ်းရည်) -** ဆိုလိုရင်းရှာဖွေခြင်း

၁၉၄၈ခုနှစ်တွင် အစ္စရေးနိုင်ငံ ပေါ်ပေါက်လာသည်။ ယင်းပေါ်ပေါက်လာမှုကို ဂျူးများက မည်သို့သဘောထားသည်ဟု သင်ထင်မြင်သနည်း။ ယင်းဒေသတွင်းရှိ အာရပ်များကလည်း မည်သို့ခံစားကြရသနည်း။ အဘယ့်ကြောင့်နည်း။

ပါလက်စတိုင်းတွင် အာရပ် ၁၀ ယောက်ကျော်တွင် ဂျူးတစ်ယောက်သာ ရှိသည်။ ယင်းဒေသ၏ အနာဂတ်အတွက် ထိုအချက်က မည်သို့အရေးပါသနည်း။

## ဗြိတိသျှအုပ်ချုပ်မှုအောက် ရောက်ခြင်း

စစ်ပွဲအပြီး ပါလက်စတိုင်းကို ဗြိတိသျှတို့ ထိန်းချုပ်ထားနိုင်ပြီးသောအခါ ဂျူးနိုင်ငံတော်တစ်ခု သီးခြား ဖန်တီးပေးရန် သဘောတူညီခဲ့သည်။ ယင်းသဘောတူညီချက်ကို ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး အာသာဘယ်လ်ဖော၏ အမည်ကို အစွဲပြု၍ ဘယ်လ်ဖောကြေညာချက်အဖြစ် ခေါ်တွင်ခဲ့ကြသည်။ ယင်းဒေသခံ အာရပ်လူမျိုးများသည် ယင်းဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ဗြိတိသျှတို့၄င်းတို့အပေါ် နောက်- တစ်ကြိမ် သစ္စာဖောက်သည်ဟု ယူဆကာ မကျေမချမ်း ဖြစ်ခဲ့ကြသည်။

ဗြိတိန်ထိန်းချုပ်မှုအောက်တွင် ပါလက်စတိုင်းတွင် အဆက်မပြတ် တင်းမာမှုများနှင့် လူမျိုးစုပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ ဒုတိယကမ္ဘာစစ် (၁၉၃၉-၁၉၄၅)အတွင်းနှင့်စစ်ပွဲပြီးနောက်ဂျူးထောင်ပေါင်းများ စွာသည် နာဇီတို့၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမှ လွတ်မြောက်ရန် ထွက်ပြေးခဲ့ကြသည်။ ဥရောပတွင် အနိဋ္ဌာရုံများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဂျူးများက အစ္စရေးမှာ သုခရိပ်မြုံတစ်ခုအဖြစ် တွေးထင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ် (၁၉၄၅) အဆုံးတွင် ဥရောပအင်အားကြီးနိုင်ငံအများစုသည် ၄င်းတို့၏ ကိုလိုနီပိုင်နက်များကို စွန့်လွှတ်ခဲ့ကြသည်။ ဂရိတ်ဗြိတိန်က ပါလက်စတိုင်းအား ထိန်းချုပ်ထားမှုကို စွန့်လွှတ်ရန် သဘောတူခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အသစ်ဖွဲ့စည်းထားသော ကုလသမဂ္ဂက ပါလက်စတိုင်းနိုင်ငံအား အာရပ်နိုင်ငံတော်နှင့် ဂျူးနိုင်ငံတော်များအဖြစ် ပိုင်းခြားပစ်ရန် ကြေညာခဲ့သည်။ အာရပ်တို့က ယင်းအစီအမံကို ပယ်ချခဲ့ကြသည်။ ၄င်းတို့၏ အမြင်က တရားမဝင် အခြေချလာသော ဂျူးများအား ပလက်စတိုင်းတွင် မည်သို့မျှ လက်ခံမပေးနိုင်ဟု ဆိုသည်။ ယခုအခါ ယင်းဂျူးလူမျိုးတို့မှာ ပါလက်စတိုင်းတို့နှင့် တန်းတူအခွင့်အရေး ရရှိနေကြသည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်တွင် အာရပ်တို့၏ ပယ်ချမှုနှင့် အစ္စရေးတို့၏ တုံ့ပြန်မှုများက ပဋိပက္ခများကို ဖြစ်ပွားစေခဲ့သည်။

## စစ်ပွဲများ စတင်ပြီ

အစ္စရေးလွတ်လပ်ရေးရပြီး ခဏအကြာတွင် ပလက်စတိုင်းတွင် အခြေချလာသော ဂျူးတို့နှင့် အာရပ်တို့ကြား ပြင်းထန်သော တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။ မကြာခင် အိမ်နီးချင်း အာရပ်နိုင်ငံများ (အီဂျစ်၊ ဆီးရီးယား၊ အီရတ်၊ ဂျော်ဒန်)တို့က တိုက်ပွဲတွင် ပါဝင်လာခဲ့ပြီးစစ်ကြေညာ ခဲ့ကြသည်။ အင်အားသေးငယ်သော်လည်း လေ့ကျင့်မှုနှင့် စုစည်းမှုအားကောင်းသော အစ္စရေးစစ်တပ်သည် အာရပ်တို့ကို အနိုင်ယူခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ကုလအစီအမံထက်နိုင ံ ငံပိုင် နက် ပိုများသော အစ္စရေးနိုင်ငံတော် အဖြစ် ပေးအပ်ခဲ့ရသည့် လက်မှတ်ရေးထိုးမှု သဘော- တူညီချက် ရရှိခဲ့သည်။ ပါလက်စတိုင်းတို့သည် အိမ်နီးချင်းအာရပ်နိုင်ငံများထံမှ ဦးဆောင်မှုနှင့် အထောက်အပံ့များ မရခဲ့ကြပေ။ ထို့နောက်တွင် အီဂျစ်ကဂါဇာအနီး ဧရိယာကို ထိန်းချုပ်ခဲ့ပြီး ဂျော်ဒန်ကဗဟိုပါလက်စတိုင်း(အနောက်ဘက်ကမ်းခြေ)နှင့်အရှေ့ဂျေရုစလင်ကို ထိန်းချုပ်ခဲ့သည်။ ဂျူးနိုင်ငံတော်သစ်ပေါ်ပေါက်လာခဲ့ပြီ။ ကုလသမဂ္ဂ၏ ပိုင်းခြားရေးအစီအမံမှာ ဖြစ်မလာခဲ့ပေ။ ပါလက်စတိုင်းတို့အနေဖြင့် ဆွေးနွေးညှိနှိုင်းမှု အပြင်ဘက်တွင် ကျန်ခဲ့ရပြီး ၄င်းတို့၏ အိမ်နီးချင်းအာရ ပ်နိုင်ငံများသာ ပါလက်စတိုင်း ပိုင်နက်ကို ထိန်းချုပ်ခွင့်ရသည့် အမြတ်အစွန်းများ ရရှိသွားစေခဲ့သည်။ ပါလက်စတိုင်းတို့သည် စစ်ရှုံးခြင်းနှင့်အတူ အိုးအိမ်ပါ မဲ့ခဲ့ရသည်။

**ဘယ်သူ့နယ်မြေလဲ**

ကျမ်းစာ (အထောက်အထားဟောင်း)အရ ပါလက်စတိုင်းသည် ဂျူးတို့၏ အိုးအိမ်ဖြစ်သည်။ ဂျူးတို့ကလည်း ပါလက်စတိုင်းမှာ ၎င်းတို့၏အိုးအိမ်ဖြစ်နေဆဲဟုအခိုင်အမာဆိုကြသည်။အာရပ် ပါလက်စတိုင်းတို့ကလည်း ၎င်းတို့အနေဖြင့် ပါလက်စတိုင်းတွင် ကာလကြာရှည် အဆက်မပြတ် တည်ရှိနေခဲ့မှုကသာလျှင် နယ်မြေပိုင်ဆိုင်ရေးအတွက် အခွင့်အရေး ပေးထားရာ ရောက်သည်ဟု ဆိုကြသည်။

## ဖတ်သိနားလည်စွမ်း

စာကြောင်းများ ပြီးပြည့်စုံစေဖို့ ကွက်လပ်များအား ဖြည့်စွက်ပေးပြီး သင့်တော်သော စကားလုံးများကို ရွေးချယ်ပါ။

**၁။** အာရပ်တိုသည် ကုလ၏ နယ်မြေပိုင်းခြားရေး အစီအစဉ်ကို (သဘောတူ/သဘောမတူ) ခဲ့ကြပေ။

**၂။** ပါလက်စတိုင်းတွင် အခြေချရေး အားပေးသော ဂျူးလှုပ်ရှားမှုကို ---- ဟု ခေါ်သည်။

**၃။** အစ္စရေးသည် ၎င်း၏ ကိုယ်ပိုင်နိုင်ငံတော်သစ်ကို ၁၉ ----- တွင် ကြေညာခဲ့သည်။

**၄။** ပါလက်စတိုင်းတွင် အာရပ်များ ဖြစ်ကြသည့် ------- အုပ်စု အများအပြား ရှိခဲ့သည်။

**၅။** ဘောလ်ဖော (Balfour) သဘောတူညီချက်သည် ဂျူးနိုင်ငံတော် ဖန်တီးပေးရေးကို ------ သည်။ (ထောက်ခံသည်/ဆန့်ကျင်သည်/မျက်ကွယ်ပြုသည်)

**၆။** ၁၉၄၉ ခုနှစ်၊ ပထမအကြိမ် အာရပ်-အစ္စရေးစစ်ပွဲအဆုံးတွင် အစ္စရေးက ကုလအစီအစဉ်နှင့် နှိုင်းယှဉ်၍ နယ်မြေပိုင်ဆိုင်မှု ----- ခဲ့သည်။ (နည်းသည်/ပိုများသည်/တူညီသည်)

## ဆွေးနွေးခြင်း

**(စွမ်းရည်) -** စဉ်းစားကြည့်ခြင်း

**၁။** ဒေသတွင်းရှိ အာရပ်နိုင်ငံများက အစ္စရေးနိုင်ငံတော်သစ်ကို အဘယ့်ကြောင့် ဆန့်ကျင်ခဲ့သနည်း။

**၂။** အာရပ်နိုင်ငံများသည် ၎င်းတို့၏ သဘောမတူညီမှုကို မည်ကဲ့သို့ ပြသခဲ့သနည်း။

**၃။** အနာဂတ်တွင် တိုက်ခိုက်မှုများ လျော့ကျသွားအောင် နည်းလမ်းရှာရာ၌ ဗြိတိန်တို့ ပါလက်စတိုင်းကို မည်ကဲ့သို့ စည်းရုံးခဲ့ကြသနည်း။

**ဒုက္ခသည်များ**

အစ္စရေးနိုင်ငံတော် တည်ထောင်ခြင်းကို ကြေညာခဲ့ပြီးနောက် ချက်ချင်းဆိုသလို ထောင်ပေါင်းများစွာသော လူများသည် ဒုက္ခသည်များအဖြစ် ၎င်းတို့၏ အိုးအိမ်များကိုစွန့်ခွာ ထွက်ပြေးခဲ့ကြသည်။ အိမ်နီးချင်း အာရပ်နိုင်ငံများတွင် ဆယ်စုနှစ်နှင့် ချီ၍ နေထိုင်ခဲ့ကြသော ဂျူးများမှာ ၎င်းတို့ အိုးအိမ်များကို စွန့်ခွာရန် တွန်းအားပေးခံခဲ့ရသည်။ ၎င်းတို့ နေထိုင်သော နိုင်ငံများက

ဂျူးနိုင်ငံတော်သစ်အပေါ် စစ်ကြေညာမှု ပြုလုပ်လာသဖြင့် လုံခြုံမှုအတွက် ကြောက်ရွံ့ခဲ့ကြသည်။ ယင်းဂျူးဒုက္ခသည်များမှာ အစ္စရေးနိုင်ငံတော်သစ်တွင် နိုင်ငံသားများအဖြစ် လက်ခံခြင်း ခံခဲ့ရသည်။ တစ်ဖက်တွင်လည်း ပါလက်စတိုင်းအာရပ် ၇၀၀၀၀၀ ကျော်သည် ဒုက္ခသည်များအဖြစ် အစ္စရေးမှ ထွက်ခွာခဲ့ကြသည်။ ပါလက်စတိုင်းတို့ အဘယ့်ကြောင့် ၎င်းတို့ အိုးအိမ်များကို စွန့်ခွာခဲ့ရသည်မှာ အကြောင်းပြချက်များစွာ ရှိသည်။



*Palestinian refugees in search of a home*

**၁။** စစ်ပွဲမှ လွတ်မြောက်ရန်

**၂။** ဂျူးတို့၏ညဉ်းပန်းနှိပ်စက်မှုမှ လွတ်မြောက်ရန်

**၃။**နောက်ထပ်အစ္စရေးအုပ်ချုပ်မှုအောက်တွင် ကြောက်ရွံ့မှုတို့ကြောင့် ဖြစ်ကြသည်။

နောက်ထပ် နှစ် ၅၀ ကျော်အကြာတွင် ပါလက်စတိုင်း ဒုက္ခသည်အရေအတွက်မှာ ၄သန်းခန့်အထိ တိုးပွားလာခဲ့သည်။ အများအပြားက ၁၉၄၉ ခုနှစ်က တည်ထောင်ထားခဲ့သော ဒုက္ခသည်စခန်းများတွင် ဆက်လက် နေထိုင်ခဲ့ကြသည် ဒုက္ခသည်များကို လက်ခံရာတွင် ဂျော်ဒန်နိုင်ငံ၌ အရေအတွက်အများဆုံး ဖြစ်ပြီး လက်ဘနွန်နှင့် ဆီးရီးယား၌လည်း ဒုက္ခသည် အများအပြား ရှိသည်။ ပါလက်စတိုင်းအများအပြားက ပို၍ ကြွယ်ဝချမ်းသာသည့် ပင်လယ်ကွေ့နိုင်ငံများ (ဆော်ဒီအာရေးဗီးယား။ ကူဝိတ်နှင့် ယူအေအီးကဲ့သို့) နှင့် အခြား ကမ္ဘာ့အရပ်ဒေသများသို့ ပြောင်းရွှေ့ခဲ့ကြသည်။ သို့သော် ပါလက်စတိုင်းအချို့ကို နိုင်ငံသားအဖြစ် လက်ခံပေးထားသည့် တစ်ခုတည်းသော အာရပ်နိုင်ငံမှာ ဂျော်ဒန်ဖြစ်သည်။ အခြားသော အာရပ်နိုင်ငံများရှိ ပါလက်စတိုင်းတို့မှာ အထက်ပါနိုင်ငံများကဲ့သို့တူညီသောအခွင့်အရေး မရကြပေ။ ပါလက်စတိုင်းတို့နှင့် အာရပ်အများစုတို့မှာ တူညီသော ဘာသာရေး ရှိကြပြီး အမှန်အားဖြင့် အစ္စရေးအစိုးရမူဝါဒကို ဆန့်ကျင်ကြသည်။ သို့သော် ပါလက်စတိုင်းတို့အနေဖြင့် အခြားသော အာရပ်နိုင်ငံများထံမှ အထောက်အပံ့ ပြည့်ပြည့်စုံစုံ မရရှိကြပေ။

## ဆွေးနွေးခြင်း

**(စွမ်းရည်)** - စဉ်းစားတွေးခေါ်ခြင်း

**ဒုက္ခသည်များကို ကူညီရန် ဒေသတွင်းရှိ အခြား အာရပ်နိုင်ငံများမည်သည်များလုပ်ဆောင်ပေးနိုင်ခဲ့သနည်း။**

**အခြားသော နိုင်ငံများ (သို့) ကုလသမဂ္ဂကရော မည်သည်များ လုပ်ဆောင်ပေးခဲ့သနည်း။**

**ဆက်လက်တည်ရှိနေခြင်း**

**အဓိကစကားလုံးများ**

| | |
|---|---|
| အဝေးသို့ သယ်ဆောင်သွားသည် (confiscation) | အကြောင်းပြချက်ပေးသည်(justify) |
| အပြင်မထွက်ရအမိန့် (curfew) | စောင့်ကြည့်ထိန်းချုပ်သည် (monitor) |
| ပျက်စီးခြင်း (domolition) | ဆက်လက်တည်ရှိနေခြင်း (occupation) |
| ဖမ်းဆီးအကျဉ်းချခြင်း (detention) | တားမြစ်သည် (prohibit) |
| ဆန့်ကျင်သည် (hostile) | |

၁၉၄၉ ခုနှစ် အစ္စရေးနှင့် အာရပ်အိမ်နီးချင်းနိုင်ငံများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီအပြီး မူလပါလက်စတိုင်းနယ်မြေနှစ်ခုဖြစ်သော အနောက်ဘက်ကမ်းခြေနှင့် ဂါဇာလွင်သည် အာရပ်ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့သည်။ ယင်းအနေအထားမှာ ၁၉၆၇ ခုနှစ်တွင် ပြောင်းလဲသွားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် အစ္စရေးနယ်စပ်များတွင် ရန်လိုသည့်အပြုအမူများ လုပ်ဆောင်နေသည်ဟု ယူဆရသော အီဂျစ်နှင့် ဆီးရီးယားတို့မှ တပ်ဖွဲ့အရေအတွက်အများအပြား စုစည်းနေမှုကို အစ္စရေးအစိုးရက ဖော်ထုတ်ခဲ့သည်။ ချက်ချင်းပင် အီဂျစ်၊ ဆီးရီးယားနှင့် ဂျော်ဒန်တို့ကို အလျင်အမြန် တုံ့ပြန်ခဲ့ပြီး တိုက်ခိုက်အနိုင်ယူခဲ့သည်။ စစ်ပွဲ၏ရလဒ်မှာ အစ္စရေးတို့အနေဖြင့် ယခင်အီဂျစ်ပိုင်ဆိုင်သော နယ်မြေဖြစ်သည့် ဆိုင်းနိုင်းကျွန်းဆွယ်နှင့် ဆီးရီးယား၌ နယ်စပ်နယ်မြေဖြစ်သောဂိုလန်ကုန်းမြင့်တို့ကိုထိန်းချုပ်သိမ်းပိုက်ခဲ့သည်။ ယင်းစစ်ပွဲမှာ ရန်သူကို ခြောက်ရက်အတွင်း အစ္စရေးတို့ အနိုင်တိုက်နိုင်ခဲ့သဖြင့် ခြောက်ရက်ကြာစစ်ပွဲဟု လူသိများခဲ့သည်။

၁၉၇၉ တွင် ငြိမ်းချမ်းရေးသဘောတူညီချက် အစိတ်အပိုင်းတစ်ခုအဖြစ်အစ္စရေးက၁၉၆၇ခုနှစ်စစ်ပွဲတွင် ရယူထားသော ဆိုင်နိုင်းကျွန်းဆွယ်အများစုကို ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ သို့သော် ဂါဇာ အနောက်ဘက်ကမ်းခြေနှင့် ဂိုလန်ကုန်းမြင့်တို့ကို ဆက်လက်ထိန်းချုပ်ထားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မတိုင်ခင်က အစ္စရေးအိမ်နီးချင်းနိုင်ငံများက အစ္စရေးနိုင်ငံ တည်ရှိရေးကို လက်ခံရန် ငြင်းဆိုခဲ့ကြသည်။ အစ္စရေးနိုင်ငံ ပျက်သုဉ်းရေးမှာ အာရပ်အစိုးရအများအပြား၌ မူဝါဒတစ်ခု ဖြစ်ခဲ့သည်။ အစ္စရေးသည် ပါလက်စတိုင်းသာမက အခြား ရန်လိုသောအိမ်နီးချင်းအာရပ်နိုင်ငံများ၌ ခြိမ်းခြောက်မှုကို ဆက်လက်ခံခဲ့ရသည်။

အစ္စရေးနှင့်ပါလက်စတိုင်းရှိမြေဆီလွှာမှာ ခြောက်သွေ့ပြီး စိုက်ပျိုးရန်မဖြစ်ထွန်းသော မြေအမျိုးအစားဖြစ်သည်ကို သိထားရန်လိုအပ်သည်။ ရေမှာ တန်ဖိုးအရှိဆုံးအရင်းအမြစ်တစ်ခုဖြစ်သည်။ အထောက်အပံ့ပေးနေသော အရေးအကြီးဆုံး ရေအရင်းအမြစ်နှစ်ခုမှာ အနောက်ဘက်ကမ်းခြေရှိ ဂျော်ဒန်မြစ်နှင့် ဂါလီလီပင်လယ်တို့ ဖြစ်သည်။ ဤအထင်ကရ ရေအရင်းအမြစ်နှစ်ခုကို ထိန်းချုပ်ခြင်းဆိုသည့် အဓိပ္ပာယ်မှာအဓိကအရင်းအမြစ်ကိုထိန်းချုပ်ထားခြင်းပင်ဖြစ်သည်။အစ္စရေးအစိုးရသည် ယင်းဧရိယာကို ကိုယ်ပိုင်လုံခြုံရေးအတွက် ထိန်းချုပ်ထားရမည်ဟု မှတ်ယူထားသည်။ ယင်းဧရိယာများမှာ အစ္စရေးနှင့် ပါလက်စတိုင်းအများစု နေထိုင်ရာအရပ်ဖြစ်သည်။ အစ္စရေးက အသိမ်းပိုက်ခံ နယ်မြေများတွင် လုံခြုံရေးလုပ်ဆောင်မှုအများအပြား ပြုလုပ်ခဲ့သည်။ ဤလုံခြုံရေးလုပ်ဆောင် မှုများက ထိုဒေသတွင် နေထိုင်သော ပါလက်စတိုင်းတို့၏ လှုပ်ရှားမှုကို ထိန်းချုပ်ကန့်သတ်ထားသည်။ လုံခြုံရေးလုပ်ဆောင်မှုအချို့တွင် အောက်ပါအချက်များ ပါဝင်သည်။

-လွတ်လပ်စွာပြောဆိုခွင့်၊ပုံနှိပ်ခွင့်၊စုရုံးခွင့်တို့ကိုအပြင်းအထန်စောင့်ကြည့်ထိန်းချုပ်ရန်နှင့် တားမြစ်ပိတ်ပင်ရန်
-လမ်းများ၊ ကျောင်းများနှင့် လူမှုအဆောက်အဦးများကို ပိတ်ပစ်ခြင်း
-အိုးအိမ်များ ဖျက်ဆီးပစ်ခြင်း
-နိုင်ငံရေးလှုပ်ရှားသူများအား ထောင်ချခြင်း
-ပါလက်စတိုင်းနယ်မြေများအား ရယူခြင်း


A Palestinian stone thrower faces the Israeli army

မကြာသေးမီကအစ္စရေးအစိုးရသည် အသိမ်းပိုက်ခံနယ်မြေများနှင့်ကျန်အစ္စရေးနယ်မြေများကိုပိုင်းခြားထားသောကြီးမားသောတံတိုင်းတစ်ခု ကို စတင် တည်ဆောက်ခဲ့သည်။ ဤလုံခြုံရေး အဟန့်အတားသည်ပါလက်စတိုင်းသားများအား အုပ်စုကွဲသွားစေသည်။ အစ္စရေးအစိုးရအသုံးပြုသော အခြားနည်းလမ်းတစ်ခုမှ အသိမ်းပိုက်ခံနယ်မြေများတွင် အသစ်ရောက်လာသော ဂျူးများ အခြေချနေထိုင်ရန် လုပ်ဆောင်ပေးခြင်း ဖြစ်သည်။ ဂျူးအခြေချနေထိုင်သူ ထောင်ပေါင်းများစွာသည် ယင်းအခြေချနေထိုင်ရာ နေရာသစ်သို့ ရွှေ့ပြောင်းခဲ့ကြသည်။ ၂၀၀၄ ခုနှစ်တွင် အစ္စရေးဝန်ကြီးချုပ် ရှရွန်က ဂါဇာတွင် ဂျူးအခြေချနေထိုင်မှုကို ဖယ်ရှားရန် အဆိုပြုခဲ့သည်။ သို့သော် အနောက်ဘက်ကမ်းခြေတွင် ဂျူးများ ဆက်လက်ရှိနေခဲ့သည်။ အသိမ်းပိုက်ခံနယ်မြေများရှိ အခြေချနေထိုင်သူများအား ကာကွယ်ပေးခြင်းသည် အစ္စရေးစစ်တပ်အင်အား ဆက်လက်တည်ရှိနေစေရန် အကြောင်းပြချက်တစ်ခု ဖြစ်သည်ဟု အစ္စရေးအစိုးရက ဆိုသည်။

## တံတိုင်း

၂၀၀၄ခုနှစ်ဇူလိုင်လတွင်အပြည်ပြည်ဆိုင်ရာတရားရေးခုံရုံးကအစ္စရေး၏လုံခြုံရေး အကာအရံ (တံတိုင်း)သည် တရားမဝင်ကြောင်းနှင့် ဖယ်ရှားသင့်ကြောင်း ပြဌာန်းခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံက အစ္စရေးအနေဖြင့် တံတိုင်းကို ချက်ချင်း ဖယ်ရှားပစ်သင့်ကြောင်း ဆုံးဖြတ်ချက် ချပေးခဲ့သည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် အစ္စရေးအစိုးရက ကုလအဆုံးအဖြတ်ကို လိုက်နာရန် ငြင်းဆိုခဲ့သည်။

## ဖတ်သိနားလည်နိုင်စွမ်း

**၁။** အိမ်နီးချင်းနိုင်ငံများရှိ အာရပ်များနှင့် အစ္စရေးနိုင်ငံတွင်းရှိ ပါလက်စတိုင်းအချို့က အစ္စရေးအစိုးရအပေါ် အဘယ့်ကြောင့် ရန်လိုမှုများ ဖြစ်ကြရသနည်း။ အကြောင်းပြချက်များ ပေး၍ ဖြေဆိုပါ။ ရရှိလာသော အကြောင်းပြချက်များကို အမျိုးအစား ခွဲပြပါ။

| နိုင်ငံရေး အကြောင်းပြချက်များ | ဘာသာရေး အကြောင်းပြချက်များ | ပထဝီအနေ အထားဆိုင်ရာ အကြောင်းပြချက်များ | လူမှုရေး အကြောင်းပြချက်များ | အခြား အကြောင်းပြချက်များ |
|---|---|---|---|---|
| | | | | |

**၂။** အသိမ်းပိုက်ခံ နယ်မြေများကို ထိန်းချုပ်ရန် မည်သည့်နည်းလမ်းများကို အစ္စရေး အသုံးပြုခဲ့သနည်း။

**၃။** စာအုပ်ထဲတွင် ဖော်ပြထားသော လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခုကို ရှာဖွေကြည့်ပါ။

**၄။** ယင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ရန် အစ္စရေးအစိုးရတွင် အခွင့်အရေးရှိသည်ဟု ယူဆပါသလား။


**၅။** အစ္စရေးအစိုးရသည် မည်သည်အတွက် အောင်မြင်မှုရရန် ကြိုးစားနေသနည်း။

**၆။** ယင်းသို့လုပ်ဆောင်ရန် အကောင်းဆုံးနည်းလမ်းကို ဖော်ပြပါ။


## မြေပုံလေ့ကျင့်ခန်း

**၁။** အောက်ပါမြေပုံတစ်ခုချင်းစီတွင် အစ္စရေး ထိန်းချုပ်ထားသော နယ်မြေများအား အရောင်ခြယ်ပါ။

**အစ္စရေး အသိမ်းပိုက်ခံ နယ်မြေများ**




၁၉၆၇-၂၉၇၉




၁၉၇၉-လက်ရှိ

၂။၁၉၄၇ခုနှစ်မှယနေ့လက်ရှိအချိန်အထိအစ္စရေးမြေပုံပေါ်တွင်ပြောင်းလဲမှုများအကြောင်းထုတ် ဖော်ကြည့်ပါ။ အဘယ့်ကြောင့် မြေပုံ ပြောင်းလဲသွားရသနည်း။ မည်သည့်အဖြစ်အပျက်များက ပြောင်းလဲမှုများကို အကျိုးသက်ရောက်ခဲ့သနည်း။

## ကုလသမဂ္ဂနှင့် ဗီတိုအာဏာ


US President Bush and Israeli Prime Minister Sharon

### အဓိကစကားလုံးများ

| |
|---|
| ပြစ်တင်ရှုတ်ချသည် (condemning) |
| တရားဝင်ဆုံးဖြတ်ချက် (resolution) |
| အလှည့်ကျ (rotate) |
| ဗီတို သို့ ပယ်ချခြင်း (veto) |
| ဥပဒေချိုးဖောက်သည် (violate) |

အစ္စရေး ကျူးကျော်မှုနှင့် အာရပ်နယ်မြေအား တုံ့ပြန်သည့်အနေဖြင့် ကုလသမဂ္ဂက ၁၉၆၇ ခုနှစ်တွင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်မှာ အစ္စရေးအနေဖြင့် သိမ်းပိုက်ထားသည့် နယ်မြေမှ ဆုတ်ခွာပြီး ယခင် ပိုင်နက်နယ်မြေများကို လက်ခံရမည်ဟု ဆိုထားသည်။ ယင်းဆုံးဖြတ်ချက်ကို လက်ခံရေး အစ္စရေးက ငြင်းဆိုခဲ့သည်။ နောက် ၃၅ နှစ်ကျော်ကြာအတွင်း အစ္စရေးအနေဖြင့် ကုလဆုံးဖြတ်ချက် (၃၅) ခုကျော်ကို မလိုက်နာခဲ့ပေ။ ယင်းဆုံးဖြတ်ချက်အရေအတွက်ကို ချိုးဖောက်မှုသည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများထက် ပိုများခဲ့သည်။ ဆုံးဖြတ်ချက်အများစုမှာ အစ္စရေး-ပါလက်စတိုင်း ဆက်ဆံရေးနှင့် ဆက်နွယ်နေခဲ့သည်။ အစ္စရေး၏လုပ်ဆောင်ချက်များအပေါ် ဝေဖန်ရှုတ်ချသည့် ဆုံးဖြတ်ချက် အများအပြားကို ကုလသမဂ္ဂက အဆိုပြုခဲ့ခြင်း ဖြစ်သော်လည်း ကုလ၏ ဗီတိုစနစ်ကြောင့် အတည် ဖြစ်မလာခဲ့ပေ။

ကုလသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံ ၂၀၀ ကျော် ရှိသည်။ အရေးအကြီးဆုံး ဆုံးဖြတ်ချက်များကို လုံခြုံရေးကောင်စီဟု ခေါ်သော ၁၅ နိုင်ငံပါ အဖွဲ့က ချမှတ်သည်။ လုံခြုံရေးကာင်စီတွင် အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများအဖြစ် အမေရိကန်၊ ဂရိတ်ဗြိတိန်၊ ပြင်သစ်၊ ရုရှားနှင့် တရုတ်တို့ ပါဝင်-ပြီး ကျန် ၁၀ နိုင်ငံမှာ အဖွဲ့ဝင်အားလုံးမှ ရွေးချယ်ပေးပြီးတစ်နိုင်ငံလျှင်၂နှစ်တစ်ကြိမ်အလှည့်ကျ တာဝန်ထမ်းဆောင်ကြသည်။ အမြဲတမ်းအဖွဲ့ဝင် မည်သည့်နိုင်ငံကမဆို ဗီတိုအာဏာသုံး ၍ ဆုံးဖြတ်ချက်များကို ပယ်ချနိုင်သည်။ တစ် ခုခုအပေါ် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများက သဘောတူ-ခဲ့သည့်တိုင် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံတည်းက သဘောတူညီချက်ကို ပယ်ဖျက်နိုင်သည်။

အမေရိကန်သည် အခြားနိုင်ငံများထက် အစ္စရေးအား စစ်ဘက်နှင့်ဘဏ္ဍာရေးအကူအညီအပါအဝင် အကြီးမားဆုံး ထောက်ပံ့ အကူအညီပေးသူ ဖြစ်သည်။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းမှာ အကြောင်းများစွာ ရှိသည်။ ပထမအချက်မှာ အမေရိကန်အနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေး အကြောင်းပြချက်များအတွက် အရှေ့အလယ်ပိုင်းတွင် ခိုင်မာစွာ တည်ရှိရေး ဆန္ဒရှိနေခြင်း ဖြစ်သည်။အစ္စရေးမှာယင်းဒေသအတွင်းတွင်မွတ်စလင်မဟုတ်သည့်တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ယဉ်ကျေးမှုချင်းအရ မွတ်စလင်အရှေ့အလယ်ပိုင်းနိုင်ငံများထက် အစ္စရေးက အမေရိကန်နှင့်

ပုံသဏ္ဍာန်  ပိုတူညီမှု ရှိသည်။ နောက်ထပ်အချက်တစ်ချက်မှာ အစ္စရေးနှင့် ချိတ်ဆက်မှု ရှိသည့် နိုင်ငံရေးနှင့် ယဉ်ကျေးမှု ခိုင်မာသော လွှမ်းမိုးခံ အမေရိကန် ဂျူးအများအပြား ရှိနေခြင်းပင် ဖြစ်သည်။ အစ္စရေး၏ လုပ်ဆောင်ချက်များအပေါ် ဝေဖန်ရှုတ်ချသော ကုလဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာသုံး၍ အစ္စရေးကို အထောက်အပံ့ ပေးထားသည်။

## ဆွေးနွေးခြင်း

**၁။** ကုလသမဂ္ဂတွင် ဆုံးဖြတ်ချက်များကို မည်သို့ လုပ်ဆောင်ကြသနည်း။
**၂။** ကုလအဖွဲ့ဝင် နိုင်ငံအားလုံး တူညီသော အာဏာ ရှိကြပါသလား။
**၃။** ယင်းစနစ်များအပေါ် သင့် အတွေးအမြင် သဘောထားမှာ အဘယ်နည်း။
**၄။** ကုလသမဂ္ဂတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် အခြားနည်းလမ်းတစ်ခု တွေးတောကြည့်ပါ။

**အင်တီဖာဒါ** (The Intifadah)

## ကြို၍လေ့လာခြင်း

**လူတွေဟာ အစိုးရကို ခုခံရန် (သို့) ဆန့်ကျင်ရန်မည်သို့ စည်းရုံးနိုင်ကြသနည်း။**

**အဓိကစကားလုံးများ**

| | |
|---|---|
| ပိတ်ဆို့သည် (barricading)၊ ဗုံးကြဲတိုက်ခိုက်ခြင်း (bombardment)၊ ဝယ်ယူအားပေးခြင်းမပြုဘဲဆန္ဒပြသည် (boycotts)၊ ကြားဝင်စွက်ဖက်သည် (intervention) | ရှုန်းကန်သည် (resistance)၊ ရှည်ကြာသောတိုက်ခိုက်မှု (siege)၊ အလုပ်မလုပ်ဘဲဆန္ဒပြသည် (strikes)၊ အရေးတော်ပုံ (uprising) |

**ပါလက်စတိုင်းတို့၏ တုံ့ပြန်မှုများ**

အစ္စရေးသိမ်းပိုက်မှုအောက် နှစ်ပေါင်းများစွာ နေထိုင်လာရပြီးနောက်ပိုင်းနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှု မအောင်မြင်ခြင်း တို့ကြောင့် ၁၉၈၇ ခုနှစ်တွင် ပါလက်စတိုင်းများသည် ကြီးမားသော ထကြွပုန်ကန်မှု (သို့) ခုခံရေးလှုပ်ရှားမှုကို ဖွဲ့စည်းခဲ့ကြသည်။ ယင်းကို အင်တီဖာဒါ (ကိုင်လှုပ်ခြင်း)ဟု အာရေဘစ်ဘာသာအရ ခေါ်ဆိုသည်။ လူ့အဖွဲ့အစည်းအားလုံးမှ ပါလက်စတိုင်းများက အောက်ပါ အကြမ်းမဖက်ရေး နည်းလမ်းများကို အသုံးပြုခဲ့ကြသည်။

-ဆန္ဒပြမှုများနှင့် သပိတ်မှောက်မှုများ လုပ်ဆောင်သည်။
-အစ္စရေးကုန်ပစ္စည်းများကို သပိတ်မှောက်သည်။

-မြေအောက်လှုပ်ရှားမှု စာသင်ကျောင်းများ ဖန်တီးသည် (ထကြွလှုပ်ရှားမှု အတောအတွင်း အစ္စရေးက ပါလက်စတိုင်းကျောင်း အများအပြားကို ပိတ်ပစ်ခဲ့သည်။)
-အခွန်များ ပေးဆောင်ရန် ငြင်းဆိုသည်။
တိုက်ရိုက် လုပ်ဆောင်သည့် အကြမ်းဖက်မှုများလည်း ရှိသည်။
-ကျောက်တုံးများနှင့် ပစ်ပေါက်ခြင်းနှင့် ပေါက်ကွဲမှုများ ဖြစ်အောင် လုပ်ဆောင်ခြင်း
-လမ်းများကို တားဆီးပိတ်ဆို့ခြင်း
-အသေခံဗုံးခွဲခြင်း


Palestinian throwing a Molotov cocktail

ပထမဆုံး ဖွဲ့စည်းခဲ့သည့် အင်တီဖာဒါအဖွဲ့မှာ ၆ နှစ်ခန့် သက်တမ်း ကြာမြင့်ခဲ့ပြီး အစ္စရေးနှင့် ပါလက်စတိုင်းရာနှင့်ချီ သေဆုံးခဲ့သည်။ပထမအကြိမ်အင်တီဖာဒါအဖွဲ့၏ ရလဒ် တစ်ခုမှာပါလက်စတိုင်းအာဏာပိုင်အဖွဲ့ (Palestinian Authority – PA)ဟုခေါ်သော တရားဝင် ပါလက်စ တိုင်း အစိုးရတစ်ရပ် ဖန်တီးရေးပင်ဖြစ်သည်။သို့သော်ပါလ က်စတိုင်းအာဏာပိုင်အဖွဲ့ နှင့် သဘောတူညီမှု မရှိသော ပါလက်စတိုင်းနိုင်ငံရေးပါ တီများနှင့် အဖွဲ့အစည်း အများအပြား ရှိနေသည်။ ယင်းအဖွဲ့အစည်းအချို့က အစ္စရေးအစိုးရနှင့် စေ့စပ်ညှိနှိုင်းမှု လုပ်ရန် ငြင်းဆိုကြသည်။ အကြမ်းဖက်မှုနှင့် ရက် စက်ကြမ်းကြုတ်မှုများမှာ ယင်းအဖွဲ့များ၏ ပြောင်းလဲမှုအတွက် ကြိုးပမ်းအားထုတ်မှု အဓိကနည်းလမ်းများ ဖြစ်သည်။ပထမဆုံး အင်တီဖာဒါလှုပ်ရှားမှုသည် ပါလက်စ- တိုင်း အစွန်းရောက်များထဲမှ အကြမ်းဖမ်မှုများကို သယ်ဆောင်လာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ပြီးနောက် ဒုတိယ အင်တီဖာဒါ စတင်ခဲ့သည်။ ယခုတစ်ကြိမ် အစ္စရေးအနေဖြင့် ယင်းလှုပ်ရှားမှုအပေါ် တုံ့ပြန် မှုမှာ ပထမအကြိမ်ထက် ပိုပြင်းထန်ခဲ့သည်။ ပါလက်စတိုင်းတို့၏ တုံ့ပြန်မှုကလည်း အကြမ်းဖက်မှု ပိုဆန်လာခဲ့သည်။ အပြစ်မဲ့ အစ္စရေးတို့အား ပါလက်စတိုင်းတို့၏ အသေခံဗုံးခွဲမှုများမှာလည်း မြင့် တက်လာခဲ့သည်။ နှစ်ဖက်စလုံး၏ အကြမ်းဖက်မှုများ မြင့်တက်လာခြင်းသည် ငြိမ်းချမ်းရေးရရန် ပိုမိုခက်ခဲသွားစေခဲ့သည်။

**ဆွေးနွေးခြင်း**

**(စွမ်းရည်)-**ဆန်းစစ်လေ့လာခြင်း (inferring)

**၁။** အင်တီဖာဒါအဖွဲ့၏ အပြုသဘောဆောင်သော ရလဒ်အချို့မှာ မည်သည်နည်း။
**၂။** အပြုသဘောမဆောင်သည့် ရလဒ်များမှာ အဘယ်နည်း။
**၃။** အင်တီဖာဒါတွင် ပါဝင်သူများမှာ မည်သူနည်း။
**၄။** မတူညီသော ပါဝင်သူများ၏ အရေးကြီးသည့် အားနည်းချက်တစ်ခုကို ဖော်ပြနိုင်ပါသလား။
**၅။** အင်တီဖာဒါ ယခုထက် ပိုအောင်မြင်စေနိုင်သော နည်းလမ်းမှာ အဘယ်နည်း။

## ငြိမ်းချမ်းရေး ဖြစ်စဉ်များ

အစ္စရေးနှင့် ပါလက်စတိုင်းကြား ငြိမ်းချမ်းရေးရရန် ကြိုးပမ်းအားထုတ်မှု အများအပြား ရှိခဲ့သည်။ ငြိမ်းချမ်းရေးအတွက် ကုလသမဂ္ဂ အမေရိကန်၊ ဆိုဗီယက် ပြည်ထောင်စု၊ ရုရှား၊ ဥရောပသမဂ္ဂနှင့် အာရပ်အစိုးရများ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ လက်ရှိအချိန်အထိ အစ္စရေးနှင့် ပါလက်စတိုင်းကိုယ်စားလှယ်များထံမှ ပြီးပြည့်စုံသည့် ငြိမ်းချမ်းရေး သဘောတူညီချက် ဖြစ်မလာသေးပေ။ နှစ်ဘက်စလုံးက လုံခြုံရေးနှင့် မျှတသော နယ်မြေခွဲဝေရေး လိုအပ်ချက်များ ရှိနေကြောင်း အခိုင်အမာ ဆိုထားကြသည်။

## အစ္စရေး၏ တုံ့ပြန်မှုများ

၂၀၀၂ ခုနှစ်တွင် အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့ (IDF) သည် အရေးကြီးသော မြို့ကြီးများနှင့် မြို့ငယ်များကို သိမ်းပိုက်ရန် သိမ်းပိုက်ခံနယ်များအတွင်း ဝင်ရောက်ခဲ့သည့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ အစိုးရနေအိမ်မှာ ဝိုင်းရံခံထားခဲ့ရပြီး ပြင်းထန်သော ဗုံးကြဲတိုက် ခိုက်ခံရမှုအောက် ကျရောက်ခဲ့သည်။ ခေါင်းဆောင်ဟောင်းဖြစ်သူ ရာဆာအာရာဖက်နှင့် ၎င်း၏ အစိုးရအဖွဲ့မှာ ရက်သတ္တပါတ်ပေါင်းများစွာ မထွက်ခွာသွားနိုင်ခဲ့ပေ။ အစ္စရေးကာကွယ်ရေး တပ်ဖွဲ့၏ ဝန်းရံပိတ်ဆို့မှုအတွင်း အဆောက်အဦးများ ပျက်စီးခဲ့ပြီး ပါလက်စတိုင်းအများအပြား သေဆုံးခဲ့ရသည်။ ပါလက်စတိုင်း ခုခံရေးအဖွဲ့အစည်းများ၏ တစ်ဦးချင်း ခေါင်းဆောင်များမှာလည်း အထူး ပစ်မှတ်ဖြစ်ကာ သေဆုံးခဲ့ကြသည်။

## နိုင်ငံတကာအဖွဲ့အစည်း၏ တုံ့ပြန်မှုများ

နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများက အစ္စရေး၏ တပ်ဖွဲ့ဝင်များ အသုံးပြုခြင်းမှာ အပြစ်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာဥပဒေကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်ဟုတွေးထင်ခဲ့ကြသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းက ယင်းအကြမ်းဖက်မှုကို ကျယ်ကျယ်လောင်လောင် ရှုတ်ချ-ပြစ်တင်ခဲ့သည်။ အစ္စရေးက နိုင်ငံတကာ တုံ့ပြန်မှုကို ပယ်ချခဲ့ပြီး ဝန်းရံပိတ်ဆို့မှုများ ရက်ပေါင်းများစွာ ဆက်လက်လုပ်ဆောင်ခဲ့သည်။ အမေရိကန်၏ ကြားဝင်ဖြန်ဖြေမှု မရှိခြင်းကလည်း ယင်းအနေအထားကို ခွင့်ပြုသလို ဖြစ်စေခဲ့သည်။ အင်တီဖာဒါ အဖွဲ့ နှစ်ဖွဲ့စလုံးက ပါလက်စတိုင်းအခြေအနေကို နိုင်ငံတကာမှ အာရုံစိုက်လာစေရန် ဆွဲဆောင်ခဲ့ကြသည်။ သို့သော် အပြစ်မဲ့ပြည်သူများအပေါ် ပါလက်စတိုင်းတို့က အသေခံဗုံးခွဲမှုများ လုပ်ဆောင်နေသည်ဟု နိုင်ငံတကာမှ ရှုတ်ချသော အပြုသဘောမဆောင်သည့် တုံ့ပြန်မှုများလည်း ရှိခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်ရရေး ကြိုးပမ်းအားထုတ်မှုများအစား အခြေအနေမှာ ပို၍ပင် အန္တရာယ် ကြီးသည့် အနေအထား ဆက်ရှိနေခဲ့သည်။ ဒုတိယ အင်တီဖာဒါ စတင်ပြီးချိန်မှ စ၍ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလတွင် ပါလက်စတိုင်း ၃၀၀၀ ကျော်နှင့် အစ္စရေး ၁၀၀၀ သေဆုံးခဲ့သည်။

## အဖွဲ့လိုက်လေ့ကျင့်ခြင်း

ယခုသင်ခန်းစာတွင် ဖော်ပြထားသော အရေးအဖြစ်အပျက်များကို အချိန်ကာလနှင့်တကွ ဖော်ပြပေးပါ။

## အဖွဲ့လိုက်လေ့ကျင့်ခြင်း

**(စွမ်းရည်) -** ခွဲခြမ်းစိတ်ဖြာခြင်း

ယခု ပဋိပက္ခတွင် ပါဝင်သော ဇာတ်ကောင် အများအပြား ရှိသည်။ အစွရေးစစ်တပ်၊ ပါလက်စတိုင်း အာဏာပိုင် အဖွဲ့ အခြား ပါလက်စတိုင်းအုပ်စု၊ အမေရိကန်၊ ကုလသမဂ္ဂ၊ အစ္စရေးနှင့် ပါလက်စတိုင်း ပြည်သူများ ဖြစ်ကြသည်။

သင့်အုပ်စုတွင် ခုချိန်ထိ ပဋိပက္ခ ဆက်လက်ဖြစ်လာရန် ပါဝင်ကြသော ဇာတ်ကောင်တစ်ခုချင်း ဘာလုပ်ကြသည်ကို ပြောပြပါ။ ထို့နောက် လှုပ်ရှားပါဝင်သူတစ်ဦးချင်းစီ မကောင်းမွန်သော ရလဒ်အတွက် မည်သည်များ လုပ်ခဲ့သည်ကို ပြောပြပါ။ နောက်ဆုံး ပါဝင်လှုပ်ရှားသူတစ်ဦးချင်းစီက ပဋိပက္ခကို ဖြေရှင်းရန် မည်သို့ ကူညီခဲ့သည်ကို ပြောပါ။ သင့်အဖြေများကို အောက်ပါဇယားတွင် စုစည်းပြပါ။

| ဘယ်သူ | သူတို့ ဘာလုပ်ကြသလဲ | သူတို့ ပိုကောင်းအောင် ဘာလုပ်နိုင်ခဲ့ကြသလဲ | အနာဂတ်မှာ သူတို့ ဘာလုပ်နိုင်သလဲ |
|---|---|---|---|
| အစ္စရေးအစိုးရနှင့် စစ်တပ် | | | |
| ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ | | | |
| အခြား ပါလက်စတိုင်းအုပ်စု | | | |
| ကုလသမဂ္ဂ | | | |
| အစ္စရေးနှင့် ပါလက်စတိုင်း ပြည်သူများ | | | |

**အစ္စရေးတွင် နေထိုင်ရသည့် ဘဝ**
**အဓိကစကားလုံးများ**

| |
|---|
| သံသယရှိခံရသော (alleged) |
| လက်နက်တိုက် (arsenal) |
| တိုးမြင့်ခြင်း (escalation) |
| ခေတ်မီခြင်း (sophistication) |

## ကြိုတင်လေ့လာခြင်း

**အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ ယနေ့ အစ္စရေးနိုင်ငံရှိ လူမှုဘဝကို မည်ကဲ့သို့ ရိုက်ခတ်နေသည်ဟု သင်ထင်သနည်း။**

သိမ်းပိုက်ခံ နယ်မြေများအတွင်းနှင့် အပြင်ဘက်တွင် အကြမ်းဖက်မှုများ အရှိန်မြင့်လာခြင်းသည် အစ္စရေးရှိ လူမှုဘဝကို အန္တရာယ် ဖြစ်လာစေခဲ့သည်။ ပါလက်စတိုင်း ခုခံရေးအဖွဲ့အစည်းများကလည်း အစ္စရေးတို့၏ လုပ်ဆောင်ချက်များကို တုံ့ပြန်ရန် အရပ်ဘက်ဧရိယာများတွင် အသေခံဗုံးခွဲမှုများ တိုးမြှင့် လုပ်ဆောင်လာကြသည်။



*A suicide bomber exploded this Israeli bus, killing the passengers inside.*

-ပါလက်စတိုင်းနယ်မြေအား သိမ်းပိုက်မှုကို အစ္စရေးက ဆက်လက်လုပ်ဆောင်ခဲ့ခြင်း
-အစ္စရေးစစ်တပ်၏ ပိုပြင်းထန်သော တုံ့ပြန်မှုများ
-ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်မှု မရှိခြင်း တို့ ဖြစ်ကြသည်။

ပါလက်စတိုင်း အသေခံဗုံးခွဲသမားများမှာ ပြည်သူများ သွားလာလှုပ်ရှားရာ နေရာများ ဖြစ် သည့် ဘတ်စ်ကားမှတ်တိုင်များ၊ စားသောက်ဆိုင်များ၊ နိုက်ကလပ်များ လူအများ စုဝေးရာ ခန်းမများကို အဓိက ပစ်မှတ် ထားလာကြသည်။ အစ္စရေးတို့က ၎င်းတို့၏ခေတ် မီသော လက်နက်များကို အသုံးပြုပြီး ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ကြသည်။ အစ္စရေးတို့အနေဖြင့် ပါလက်စတိုင်းတို့၏ အကြမ်းဖက်မှုကို တုံ့ပြန်ရန် စစ်လက် နက် တပ်ဆင်ထားသော ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်များနှင့် တင့်ကားများကို အသုံးပြုခဲ့ကြသည်။အခြေအနေ ပိုမိုဆိုးရွားအောင်လုပ်ဆောင်သောသံသယဖြစ်ခံရသည့် ပါလက်စတိုင်း အကြမ်းဖက်သမားများကို အစ္စရေးတို့ အသုံးပြုခဲ့သည်။ နှစ်ဖက်စလုံးက တစ်ဖက်-ဖက်က လူသတ် မှု လုပ်ဆောင်ရပ်များကို အကြမ်းဖက်ဝါဒ (Terrorism) ဟု ရည်ညွှန်းခဲ့ကြသည်။ ပုံစံတစ်မျိုးကတစ်ဦးချင်း(သို့)အဖွဲ့အစည်းအလိုက်ကျူးလွန်နေချိန်တွင်နောက်တစ်မျိုးကနိုင်ငံတစ်နိုင်ငံအနေဖြင့်ကျူးလွန်သည်။ရလဒ်များမှာအတူတူပင်ဖြစ်ပြီးအပြစ်မဲ့ပြည် သူ များ သေဆုံးကြရသည်။ နှစ်ဖက်စလုံးက အပြန်အလှန် နားလည်မှု မပေးကြသဖြင့် ပဋိပက္ခမှာ အဖြေရှာရန် မည်သည့်အခါမှ နီးစပ်မှု ရှိမလာခဲ့ပေ။

## အစိုးရနှင့် ပြည်သူများ

နိုင်ငံတကာပဋိပက္ခအများစုတွင် တွေ့နေကျပုံစံမှာ အစိုးရတစ်ရပ်၏ ရပ်တည်မှု (သို့) အယူအဆသည် လူအားလုံး တွေးတောထားမှု (သို့) အလိုရှိရာ ဆန္ဒနှင့် မတူညီနေခြင်းပင် ဖြစ်သည်။ ယင်းအနေအထားမျိုးကို အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခတွင် တွေ့ရသည်။ ယင်းပဋိပက္ခတလျှောက်လုံး နှစ်ဖက်စလုံးမှ ပြည်သူများက ၎င်းတို့၏ အစိုးရနှင့် ခေါင်းဆောင်များအပေါ် ပြင်းထန်သော သဘောထားကွဲလွဲမှု ရှိခဲ့သည်။ ယင်းအနေအထားတွင် အစ္စရေး-ပါလက်စတိုင်း နှစ်ဖက်စလုံးမှ တစ်ဦးချင်းသာမက အဖွဲ့အစည်းလိုက်ပါ အကြမ်းဖက်မှုကို ပယ်ချပြီး ငြိမ်းချမ်းရေးအဖြေရှာရန် အတူ-တကွ လုပ်ဆောင်သွားရေး ကြိုးပမ်းခဲ့ကြသည်။

## ဆွေးနွေးခြင်း

**၁။** အသေခံဗုံးခွဲသမားများက ၎င်းတို့၏ လုပ်ဆောင်ချက်များကို ပြုလုပ်ရန် အဘယ့်ကြောင့် အများပြည်သူသွားလာရာ နေရာများကို ရွေးချယ်ခဲ့ကြသနည်း။
**၂။** အသေခံဗုံးခွဲမှုအပေါ် အစ္စရေး၏ တုံ့ပြန်မှုက ငြိမ်းချမ်းရေးအစီအမံများကို မည်သို့ ရိုက်ခတ်မှု ရှိသနည်း။
**၃။** အစ္စရေးနှင့် ပါလက်စတိုင်းတို့အတွက် အခြားရွေးချယ်စရာလမ်းများမှာ အဘယ်နည်း။

## ငြင်းခုံခြင်း

နိုင်ငံတစ်နိုင်ငံ၏ ရန်လိုသော ပြုမူလုပ်ဆောင်ချက်များကို ***အကြမ်းဖက်ဝါဒ*** ဟု မခေါ်ဆိုနိုင်ပါ။

## သရုပ်ဆောင်ခြင်း

အောက်ပါဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ပါ။ ပြီးနောက် အတွဲလိုက် Rache (သို့) Majdi အဖြစ် သရုပ်ဆောင်ပါ။ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးကို မည်သို့ ဖန်တီးမည်ကို ဆွေးနွေးပါ။

### ရာချေးဇာတ်လမ်း

ရှာချေးရှာမားသည် ဂျေရုစလင်မြို့မှ တက္ကသိုလ်ကျောင်းသူတစ်ဦး ဖြစ်သည်။ သူမက ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေး ဖြစ်နိုင်ဖွယ် ရှိသည်ဟု ယုံကြည်ထားသည်။ သို့သော် ယခုအနေအထားတွင် သူမအတွက် မသေချာတော့ပေ။

လွန်ခဲ့သည့် တစ်နှစ်က သူမအစ်ကိုဖြစ်သူ အစ္စရေးတပ်အတွင်း တာဝန်ထမ်းဆောင်စဉ် စစ်ဘက်စစ်ဆေးရေးဂိတ်တွင် ပါလက်စတိုင်းတစ်ဦး၏ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ -သူက အသက် ၁၉ နှစ်ပဲ ရှိသေးပြီး ကျွန်မရဲ့ တစ်ယောက်တည်းသော မွေးချင်း ဖြစ်ပါတယ်။

ကျွန်မမိဘတွေဟာ အစ်ကို သေဆုံးမှု ဘာမှ မတတ်နိုင်ဘဲ တကယ်ပဲ စိတ်ဆိုးခဲ့ကြရတယ်။ သူတို့က ပါလက်စတိုင်းအားလုံးကို အစ္စရေးနယ်မြေကနေ ထာဝရ ဖယ်ရှားပစ်သင့်တယ်လို့ ထင်ကြတယ်" ဟု ရှာချေးက ရှင်းပြသည်။ ၆လကြာအပြီး ရှာချေးသည် တက္ကသိုလ်ကျောင်းသူများ နှင့်အတူ စားသောက်ဆိုင်တစ်ခုတွင် အလုပ် လုပ်ခဲ့သည်။ "ကျွန်မ အပတ်စဉ်တိုင်း လုပ်သလိုပဲ စားသောက်ဆိုင်ကို သွားခဲ့တယ်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာ စားသောက်ဆိုင်ဟာ ပါလက်စတိုင်း အသေခံဗုံးခွဲသမားတစ်ဦးရဲ့ ပစ်မှတ်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရတယ်။ ကျွန်မ သတိရတာက နားကွဲမတတ် ပေါက်ကွဲသံ ကြားရပြီး အော်ဟစ်သံတွေ ကြားရတယ်။ သွေးတွေ နေရာ အနှံ့အပြား ပျံ့ကြသွားတယ်။" ဗုံးပေါက်မှုကြောင့် လူလေးဦး သေဆုံးခဲ့ရပေမယ့် ရာချေးကတော့ ကံကောင်းသွားခဲ့သည်။ သူမအနေ-ဖြင့် ခြစ်ရာအနည်းငယ်နှင့် မှန်ကွဲ၍ ထိခိုက်ရှမိခြင်းသာ ရှိခဲ့သည်။ "ဘာကြောင့် အပြစ်မဲ့သူတွေကို တိုက်ခိုက်နေရတာလဲ။"ဟု ရှာချေးက မေးသည်။ ထိုနေ့ ထိုအချိန်အခါမှ စ၍ ရှာချေးတစ်ယောက် အများသွားလာလှုပ်ရှားသော နေရာသို့ မကြာခဏ သွားလာခြင်း မပြုတော့ပေ။ တစ်နေရာတွင် အချိန်ကြာကြာ ရပ်တန့်နေခြင်းမျိုး မလုပ်တော့ ဘဲ အလျင်အမြန် သွားလာလှုပ်ရှားခဲ့သည်။ သူမအနေ-ဖြင့် အထိတ်တလန့် ဖြစ်ကာ စိတ်ရှုပ်ထွေးလျက် ရှိသည်။ "ပါလက်စတိုင်းတွေနဲ့ အပေးအယူလုပ် ညှိနှိုင်းတာတချို့ ရှိလာမယ်လို့ ကျွန်မ ယုံကြည်တယ်။ ဒါပေမယ့် ဘယ်လို တစ်စုံတစ်ယောက်က သူ-တို့ကို ယုံကြည်နိုင်မယ်ဆိုတာ ကျွန်မ မသိဘူး" ဟု ဆို သည်။

**မာဂျ်ဒီ ဇာတ်လမ်း**

ပါလက်စတိုင်းလူငယ်လေး မာဂျ်ဒီနာသည် အနောက်ဘက်ကမ်းခြေ (West Bank) ရှိ ဟီဘရွန်မြို့တွင် အလုပ်လုပ်သူ တစ်ယောက် ဖြစ်ပြီး အကြမ်းဖက်သူများ ရှိနေစေကာမူ အချိန်အများစုကို အခြားလုပ်စရာ အရာများ ရှိနေသေးသည်ဟု ပါလက်စတိုင်းလူငယ်များအား ဖျောင်းဖျရန် ကြိုးစားလျက် ရှိသည်။

အလုပ်သို့ရောက်ရန် လက်ဖြောင့်သေနတ်သမားများရန်ကို ရှောင်ရှားသူ ကောင်းကောင်း နားလည်လိုက်သည်က အဘယ့်ကြောင့် ပါလက်စတိုင်းလူငယ်များ နယ်စပ်စည်းမျဉ်းတွင် ရပ်ကာ အစ္စရေးစစ်သားများကို ကျောက်တုံးများဖြင့် ပစ်ပေါက်နေရသနည်းဆိုသည့် အချက်ပင်။

"ကျောက်ခဲနဲ့ ပစ်တဲ့အထဲမှာ ကျွန်တော်လည်း ပါတယ်။ နေ့တိုင်း ချီတက်တဲ့အဖွဲ့နဲ့ ကျွန် တော် လိုက်တယ်။ လမ်းမကြီးက စချီတက်ကြပြီး မြို့လယ်ခေါင်ကို ဖြတ်တဲ့ ဒီချီတက်ပွဲဟာအမြဲတမ်း အစ္စရေးစစ်သားတွေနဲ့ ပဋိပက္ခ ဖြစ်ပွားပြီး အဆုံးသတ်လေ့ ရှိတယ်။ တကယ်လိုအပ်လာပြီလို့ ကျွန်တော်ထင်ရင်တော့ အခုချိန်ထိ ကျွန်တော် ကျောက်တုံးတွေနဲ့ ပစ်ပေါက်နေဆဲပါ။"ဟု သူက ကျွန် တော့်ကို ပြောပြသည်။

"စိတ်ရှုပ်ထွေးစရာ တော်တော်ကောင်းတယ်။ ဟယ်လီကော်ပတာက ပစ်ခတ်ရင်း ဖြတ်ပျံသွားရင် မကြောက်ချင် ယောင်ဆောင်နေပေမယ့် အမှန်ကတော့ ကျွန်တော် ကြောက်နေတယ်။ ဒါပေမယ့် မြို့ ထဲက ကလေးတွေအကြောင်း ကျွန်တော် အချိန်တိုင်း တွေးနေတယ်။ ကျွန်တော့် တူတွေ၊ တူမတွေရဲ့ ဇာတ်လမ်းကို ကျွန်တော်အမြဲ ကြားတယ်။ သူတို့လေးတွေ ညဘက် ပစ်ခတ်သံတွေ၊ ဒုံးကျည်သံတွေ ကြားရင် တစ်ညလုံး ငိုကြတယ်လို့ ကျွန်တော့် အစ်မတွေက ပြောတယ်။

နောက်ဆုံးအကြိမ် အကြမ်းဖက်ချိန်မှာတော့ မာဂ္ဂျီ လုပ်ရမယ့်အလုပ်က အိမ်မှာ ၂၄ နာရီထိုင်နေပြီး ဗီရိုထဲ ဘာကျန်တယ်ဆိုတာ ထထကြည့်နေရုံပဲ ရှိတော့တယ်။ အဲလိုမှမဟုတ်ဘဲ

ခြံနံရံကနေ ကျော်ပြီး အလုပ်ကို သွားရင်တော့ အပစ်ခံရဖို့ များတယ်။ “အလေးချိန် ကျရှုံးတင်မကဘူး။ ရှုးပါ ရှုးသွားလိမ့်မယ်” သူက ပြောတယ်။

ညဘက်တွင် မာဂ္ဂလီတစ်ယောက် မအိပ်ဘဲ နိုးနေလျက် အိမ်နီးနားဝန်းကျင်တွင် ဒုံးကျည်များဖြင့် တိုက်ခိုက်သံများကို နားထောင်လျက် ရှိသည်။ တစ်ခါတရံ သူတို့မှာ ရည်ရွယ်ချက် ရှိတယ်။ တစ်ခါတရံ မရှိကြဘူး”ဟု မာဂ္ဂလီက အစ္စရေး --- ကို ပြောကြားခဲ့သည်။ “ကျွန်တော့်သူငယ်ချင်း ပြောတာ ဒီမနက်ခင်း သူ့မီးဖိုချောင်ထဲမှာ ကျည်ဆံ လေးတောင့် တွေ့တယ်တဲ့။ကျည်ဆံတစ်တောင့် က သူ့ရဲ့မောင်လေးခြေထောက်ထဲ ဝင်သွားခဲ့တယ်။ အစ္စရေးစစ်သားတွေက ဟစ်ကလမ်းမကြီးကို ပိတ်ဆို့ထားလို့ သူ့ကို ဆေးရုံ ခေါ်မသွားနိုင်ခဲ့ဘူး။ ကံကောင်းချင်တော့ သူ အသက်ဘေးက လွတ်မြောက်ခဲ့တယ်။ သူဟာ ကံကောင်းတဲ့သူတွေထဲက တစ်ယောက် ဖြစ်တယ်။”

## ၂. ၄ စိတ်မချမ်းမြေ့ဖွယ် အီရတ် (အီရတ်အလွမ်းဇာတ်)



**ဗြိတိသျှဖန်တီးခြင်း**

**ဆွေးနွေးအဖြေရှာခြင်း**

**အီရတ်နိုင်ငံ၏ လတ်တလောသမိုင်းအကြောင်း သင် မည်သည်များ သိထားသနည်း။**
**ယခု ထိုနိုင်ငံတွင် မည်သည်များ ဖြစ်ပျက်နေသနည်း။**
**အီရတ်အရေးကိစ္စတွင် မည်သူ ပါဝင်သနည်း။ အဘယ့်ကြောင့် ပါဝင်လာကြသနည်း။**



*King Faisal (front right) was selected by the British to rule the new colony of Iraq*

**အဓိကစကားလုံးများ**

| |
|---|
| ပြည်နယ် (province) |
| ဘာသာရေးဂိုဏ်းကွဲ (sect) |
| သိသာထင်ရှားသည် (distinct) |
| အထိန်းသိမ်းခံနိုင်ငံ (protectorate) |

ပထမကမ္ဘာစစ်မတိုင်မီက အီရတ်ဟု သိထားသော နေရာလေးမှာ အော့တမန်အင်ပါယာ (Ottoman Empire) ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။ သို့သော် ပထမကမ္ဘာစစ် (၁၉၁၈) အပြီး အော့တမန်အင်ပါယာ ပြိုကွဲသွားပြီးနောက် ဂရိတ်ဗြိတိန်က အီရတ်ကို ထိန်းချုပ်ခဲ့သည်။ သို့ပေမယ့် ယင်းဒေသတွင် ဗြိတိန်ပါဝင်လာမှုမတိုင်မီ နိုင်ငံတစ်ခုအဖြစ် မည်သည့်အခါကမျှ သတ်မှတ်ခြင်း မခံခဲ့ရပေ။ ၁၉၂၀ ခုနှစ်တွင် ဗြိတိန်သည် အော့တမန်၏ ပြည်နယ်သုံးခုအဖြစ် ပိုင်းခြားထားသော မြောက်ပိုင်းရှိ မိုဆူးလ်ပြည်နယ်၊ တောင်ပိုင်း ဘာဆရာပြည်နယ်နှင့် အလယ်ပိုင်း ဘဂ္ဂဒက်တို့ကို

ပေါင်းစည်းကာ အီရတ်ကိုလိုနီသစ်အဖြစ် ဖန်တီးခဲ့သည်။ ယင်းပြည်နယ်တစ်ခုချင်းစီသည်ကိုယ်ပိုင် သီးသန့်ယဉ်ကျေးမှုနှင့် ဖြစ်ခဲ့သည်။ နိုင်ငံမြောက်ပိုင်းတွင် ကာဒ်လူမျိုးများ၊ တောင်ပိုင်းတွင် ရှီးယား (ရှီးဟိုက်) လူမျိုးများနှင့် ဘဂ္ဂဒက်တွင် ဆွန်နီလူမျိုးများစု နေထိုင်ခဲ့ကြသည်။

ဗြိတိန်အနေဖြင့် နယ်နိမိတ်စည်းမျဉ်းသစ်များ ရေးဆွဲရာတွင် ရေနံကြွယ်ဝသော ကူဝိတ်နိုင် ငံကို အီရတ်နိုင်ငံသစ်မှ ပယ်ထားခဲ့သည်။ အော့တဝါအင်ပါယာ ကာလအချိန်အတွင်းက ကူဝိတ် သည် ဘာဆရာပြည်နယ်၏ အစိတ်အပိုင်း ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ကူဝိတ်မှာ အီရတ်မှ လုံးလုံး ခွဲထွက်သွားခဲ့သော်လည်း လွတ်လပ်မှုတဝက်တပြတ်နှင့် ဗြိတိန်လက်အောက်တွင် ရှိနေခဲ့သည်။ ဗြိတိန်အစိုးရသည် အီရတ်နိုင်ငံသစ်အား အုပ်ချုပ်ရန် ဘုရင် Faisal ကို ခန့်အပ်ပေးခဲ့သည်။ သို့သော် ဘုရင် Faisal မှာ အီရတ်နယ်ပယ်မှ မဟုတ်ဘဲ အာရေးဗီးယားမှ လာသူ ဖြစ်နေသည်။ ယင်းကဲ့သို့ ဗြိတိန်အစိုးရ၏ ဆုံးဖြတ်ချက်အားလုံးကြောင့် အီရတ်နိုင်ငံတော်သစ်တွင် နာကြည်းမှုများ၊ ပဋိပက္ခများ၊ အခက်အခဲများနှင့် ပြဿနာအများအပြား ကြုံတွေ့ ဖြစ်ပေါ်နေခဲ့သည်။

## ဖတ်ရှုနားလည်ခြင်း

**၁။** ဗြိတိသျှမတိုင်မီ အီရတ်ကို မည်သူ ချုပ်ကိုင်ထားသနည်း။

**၂။** အီရတ်နိုင်ငံရှိ အဓိကလူမျိုးနှင့် ဘာသာရေးအဖွဲ့များကို ဖော်ပြပါ။

**၃။**အုပ်ချုပ်ရာ၌ ခက်ခဲစေသည့် ဗြိတိသျှတို့ အီရတ်တွင် လုပ်ဆောင်ခဲ့သော အရာသုံးခုမှာ အဘယ်နည်း။

## ဆွေးနွေးခြင်း

**(စွမ်းရည်)** - ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ဖြစ် ပေါ် လာသော အကျိုးရလဒ်၊ သဘောထားအမြင် ထားရှိခြင်း

## ကြိုး၍လေ့လာခြင်း

**အီရတ်မြေပုံကို ကြည့်ပါ။ သိသာထင်ရှားသော ပထဝီဆိုင်ရာ လက္ခဏာရပ်မှာ အဘယ်နည်း။ အီရတ်သမိုင်းတွင် ထိုလက္ခဏာရပ်က မည်သို့ အရေးပါနေသနည်း။**

### ရေနံနှင့် ရေ

တန်ဖိုးရှိ ယင်းရင်းမြစ်နှစ်ခု ပေါင်းစပ်မှုမှာ အရှေ့အလယ်ပိုင်းတွင် နှစ်ပေါင်းများစွာကပင် ပဋိပက္ခနှင့် နိုင်ငံခြားစိတ်ဝင်စားမှု ခံခဲ့ရသည်။ အီရတ်နိုင်ငံတလျောက် ဖြတ်စီးဆင်းသော အ -ဓိကမြစ်ကြီးနှစ်ခုဖြစ်သည့် တီဂရစ် (Tigris) နှင့် ယူဖရေးတီးစ် (Euphrates) တို့မှာ အဓိက

အရေးပါ သယ်ယူပို့ဆောင်ရေး လမ်းကြောင်း ဖြစ်ရုံမက တဖြည်းဖြည်း ပူပြင်းခြောက်သွေ့လာသော ယင်းဒေသအတွက် ရေချိုရင်းမြစ်တစ်ခု ဖြစ်ခဲ့သည်။ သို့သော် အီရတ်ပြင်ပနိုင်ငံများအတွက် ရေနံမှာ စိတ်ဝင်စားမှု အခံရဆုံး ရင်းမြစ်ဖြစ်ခဲ့သည်။ ၂၀ ရာစုအစောပိုင်းတွင် ဗြိတိန်တို့က ဗိုဆူလ်ပြည်နယ်နှင့် ကူဝိတ်တွင် ၄င်းတို့ကိုယ်တိုင် စက်ကိရိယာများဖြင့် ရေနံမြေများ ထူထောင်ခဲ့ကြသည်။ ၁၉၂၀ မှ အီရတ်စစ်တပ် တာဝန်လွှဲပြောင်းရယူသည့်အချိန် (၁၉၅၈) အထိ ဗြိတိသျှတို့ အီရတ်တွင် ဆက်လက်ရှိနေခဲ့ကြသည်။ ရေနံမြေများကို ကာကွယ်ပေးခြင်းမှာအဓိကတာဝန်ဝတ္တရား တစ်ခု-ဖြစ်ခဲ့သည်။ ဗြိတိသျှတို့သည် ၁၉၃၀ ပြည့်နှစ်က အီရတ်အား လွတ်လပ်ရေး ပေးခဲ့သည့်တိုင် စစ်-တပ်ကိုမူ ဆက်လက်ထားရှိခဲ့သည်။ အီရတ်တွင် ဗြိတိသျှတို့ ဆက်လက် ရှိနေခြင်းဟူသည့် ပုံစံသည် အီရတ်တို့ကြား အနောက်ဆန့်ကျင်ရေးစိတ်ကို နှိုးဆွပေးသကဲ့သို့ ဖြစ်ခဲ့သည်။




၂၀၀၃ ခုနှစ် အီရတ်နိုင်ငံအား ဗြိတိသျှတို့ ကျူးကျော်ခဲ့စဉ်ကလည်း အီရတ်တို့၏ ခံစားချက်များ တဖန် ပြန်လည် နိုးကြားလာခဲ့သည်။ ဗြိတိန်နိုင်ငံသာလျှင် အီရတ်၏ ရေနံပိုင်ဆိုင်မှုကို စိတ်ဝင်စားရုံမက ပြင်သစ်၊ ဂျာမနီ၊ ရုရှားအပြင် အထူးသဖြင့် အမေရိကန်နိုင်ငံကလည်း အီရတ်မှ ရေနံ ရရှိရန် ကြိုးပမ်းရုန်းကန်ခဲ့ကြသည်။ အီရတ်သည် ဆော်ဒီအာရေးဗီးယားနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယ ရေနံအထွက်အများဆုံးနိုင်ငံ ဖြစ်သည်။ နှစ်ဆယ်ရာစုတစ်ခုလုံးအတွင်းသာမက ယနေ့ထိတိုင် အရှေ့အလယ်ပိုင်းဒေသမှ ရေနံများ ရရှိနိုင်ရေးနှင့် ထိန်းချုပ်ထားနိုင်ရေးသည် အဆိုးရွားဆုံး အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးပြဿနာတစ်ရပ်အဖြစ် ဆက်လက် တည်ရှိနေသည်။

## ဖတ်ရှုနားလည်ခြင်း

**၁။** အီရတ် လွတ်လပ်ရေး ရပြီးသော်လည်း ဗြိတိသျှက အဘယ့်ကြောင့် အီရတ်နိုင်ငံအတွင်း စစ်တပ် ဆက်လက် ထားရှိသနည်း။

**၂။** အဘယ့်ကြောင့် အီရတ်အများစုသည် အနောက်နိုင်ငံများအား ဆန့်ကျင်ချင်သော ခံစားချက်မျိုး ရှိသနည်း။

## ဆွေးနွေးခြင်း

**ရေနံသည် အဘယ့်ကြောင့် လွန်စွာ အရေးပါသနည်း။ ရေနံအသုံးပြုပုံများကို ဖော်ပြပါ။ ရေနံသည် စီးပွားရေးအများစုတွင် မည်သည့်အခန်းကဏ္ဍက ပါဝင်သနည်း။**

## လေ့ကျင့်ခန်း

**(စွမ်းရည်) -** ဂရပ်ဖန်တီးခြင်း

ဘားဂရပ် **း း** ကမ္ဘာပေါ်တွင် ရေနံအများဆုံး ထုတ်လုပ်သည့် နိုင်ငံခြောက်နိုင်ငံကို ဘားဂရပ်ဆွဲ၍ နှိုင်းယှဉ်ကြည့်ပါ။

| **နိုင်ငံ** | **ရေနံထွက်ရှိနှုန်း (စည် ဘီလျံပေါင်း)** |
|---|---|
| ဆော်ဒီအာရေးဗီးယား | ၂၆၅ |
| အီရတ် | ၁၁၅ |
| ကူဝိတ် | ၉၉ |
| အီရန် | ၉၆ |
| ယူနိုက်တစ်အာရတ်အီမီရေ့ | ၆၃ |
| ရုရှား | ၅၄ |

## ဆွေးနွေးခြင်း

**(စွမ်းရည်) -** သဘောထားအမြင် ထားရှိခြင်း

**အီရတ်နိုင်ငံ လွတ်လပ်ရေး ရပြီးသော်လည်း ဗြိတိသျှများ ယင်းနိုင်ငံတွင် စစ်တပ် ဆက်လက်ထားရှိခြင်းသည် အကြံဉာဏ်ကောင်းတစ်ခု ဖြစ်ပါသလား။**

## မျိုးချစ်စိတ်နှင့် တရားကင်းမဲ့သော ခေါင်းဆောင်တစ်ဦး မွေးဖွားခြင်း



*Saddam Hussein*

### အဓိကစကားလုံးများ

| |
|---|
| ပုန်ကန်သည် (revolt) |
| ရက်စက်သော (ruthless) |
| ဘာသာရေးမကိုင်းရှိုင်းသော - (secular) |

အီရတ်တွင် တိုင်းတပါး အုပ်ချုပ်မှု နှစ်ပေါင်း ၄၀ နီးပါး ပြီးနောက် ၁၉၅၈ခုနှစ်တွင် အီရတ်မျိုးချစ်တပ်မတော်က ဘုရင်စနစ်ကို ပုန်ကန်တော်လှန်ဖယ်ရှားပစ်ခဲ့သည်။ အီရတ်နိုင်ငံ၏ ခေါင်းဆောင်သစ်များမှာလည်း အနောက်ဆန့်ကျင်ရေးဝါဒီများ ဖြစ်ခဲ့သည်။ အီရတ် မျိုးချစ်အစိုးရသစ်တွင် အဓိက ရည်မှန်းချက် (၃) ခု ရှိခဲ့သည်။ (၁) ဒေသတစ်ဝန်းရှိ အာရပ်တို့အား အတူတကွ အလုပ်လုပ်ကြရန် စုစည်းပေးခြင်း (၂) ပါလက်စတိုင်းနိုင်ငံတော်မှ ဇီယွန်နစ်များကို ဖယ်ရှားပစ်ခြင်းနှင့် ကူဝိတ် ကို ကောင်းမွန်သော အခြေအနေသို့ ပြန်ရောက်အောင် လုပ်ဆောင်ပေးခြင်းတို့ ဖြစ်သည်။ စစ်တပ်အနေဖြင့် နောက်ထပ် ဆယ်စုနှစ် ၂ ခု ကြာ အီရတ်နိုင်ငံရေးကို ဆက်လက်ထိန်းချုပ်ခဲ့ပြီးနောက် ၁၉၇၉ ခုနှစ်တွင် စစ်ဘက်အရာရှိတစ်ဦးဖြစ်သူ ဆက်ဒမ်ဟူစိန် အာဏာသိမ်းပိုက်ခဲ့ပြီး ၂၀၀၃ ခုနှစ် အီရတ်အား အမေရိကန်တို့ ကျူးကျော်ဝင်ရောက်ခဲ့ချိန်အထိ အာဏာ ဆက်လက်ရယူထားခဲ့သည်။ ဆက်ဒမ်ဟူစိန်သည် အာဏာရှင်တစ်ယောက်ဖြစ်သူပီပီ ရက်စက်ကြမ်းကြုတ်သော အုပ်ချုပ်သူတစ်ယောက် ဖြစ်ခဲ့သည်။ ဆက်ဒမ်၏ နိုင်ငံရေးပါတီမှာ ဘာ့တ် (Ba'ath) ဖြစ်သည်။ ပါတီအဖွဲ့ဝင်အများစုကို အီရတ်တွင် လူနည်းစုဖြစ်သော ဆွန်နီမွတ်စလင်များဖြင့် ဖွဲ့စည်းထားသည်။ သို့သော် ၎င်းတို့သည် စစ်တပ် သာမက အစိုးရကိုပါ ထိန်းချုပ်ထားခဲ့သည်။ ဘာ့တ်ပါတီမှာ ဆိုဗီယက်ယူနီယံသာမက အနောက်အုပ်စုနှင့်လည်းအပြုသဘောဆောင်သည့် ဆက်သွယ်ရေးများ ရှိခဲ့သည်။ အီရတ်တွင် ထိုစဉ်အချိန်က နိုင်ငံရေးအတိုက်အခံဟူ မရှိပေ။ နိုင်ငံရေးအရ ဆန့်ကျင်ဘက်များလည်း တစ်ခါတရံ ထောင်သွင်းအကျဉ်းချခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ပစ်ခံရမှုများပင် တွေ့ကြုံရသည်။ အထူးသဖြင့် နိုင်ငံမြောက်ပိုင်း ကာ့ဒ်လူမျိုးများနှင့် တောင်ပိုင်းနေ ရှီးဟိုက်လူမျိုးများမှာ ဘာ့တ်ပါတီအစိုးရ ကြီးစိုးသော အုပ်ချုပ်မှုအောက်တွင် အဆိုးစွန် ညှဉ်းပမ်းနှိပ်စက်မှု ခံကြရသည်။ ဆက်ဒမ်အုပ်ချုပ်စဉ်အတောအတွင်း ဒုက္ခသည်အများအပြားနှင့် ပြည်ပြေးများမှာ အီရတ်မှ ထွက်ခွာခဲ့ကြရသည်။

## ဆွေးနွေးခြင်း

**၁။** လူနည်းစုအဖွဲ့ (အီရတ်ရှိ ဆန်းနစ်ကဲ့သို့) က နိုင်ငံတစ်နိုင်ငံကို မည်ကဲ့သို့ ထိန်းချုပ်နိုင်သနည်း။

**၂။** အီရတ်တွင် ဗြိတိသျှတပ်စွဲထားစဉ် အနောက်နိုင်ငံများအား ဆန့်ကျင်လိုမှု အီရတ်တွင် တိုးတက်ဖြစ်ထွန်းခဲ့သည်။ သို့သော် ဆက္ဒမ်ဟူစိန်အစိုးရသည် အနောက်နိုင်ငံများနှင့် ခင်မင်ရင်းနှီးသော ဆက်ဆံရေး တည်ထောင်လိုသည်။ ဤကိစ္စကို သင် မည်ကဲ့သို့ ရှင်းလင်းပြမည်နည်း။ အဘယ့်ကြောင့် ဆက်ဒမ်ဟူစိန် အနောက်နိုင်ငံများနှင့် ခင်မင်ရင်းနှီးလိုသနည်း။

## အီရန်နှင့် စစ်ပွဲ
**အဓိကစကားလုံးများ**

| |
|---|
| စည်းကမ်းတင်းကျပ်သော (strict) |
| ထောက်လှမ်းရေး (intelligence) |
| စစ်ပုံသွင်းခြင်း (militarisation) |
| သဘောထားကွဲလွဲခြင်း (disputes) |

### ကြိုတင်လေ့လာခြင်း

**အီရန်ကို မြေပုံပေါ်တွင် ရှာပါ။ အီရန်နှင့် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံများမှာ အဘယ်နည်း။ အီရန်နိုင်ငံနှင့် လူမျိုးအကြောင်း သင်မည်မျှ သိထားသနည်း။ အီရန်နှင့် အီရတ်ကြား စစ်ပွဲဖြစ်ပွားအောင် မည်သူ လုပ်ဆောင်ခဲ့သနည်း။**

၁၉၈၀ ပြည့်နှစ်တွင် အီရတ်က အိမ်နီးချင်း အီရန်ကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီးစစ်ပွဲတစ်ခု စတင်ခဲ့သည်။ ယင်းနှစ်မတိုင်ခင် ၁၉၇၉ တွင် အီရန့် အစ္စလာမ် တော်လှန်ရေး (Islamic R evolution)ဖြစ်ပွားခဲ့သည်။အခြားတစ်ဖက်တွင်တိကျစွာရှုပ်လုံးပုံဖော်ထားသောအစ္စလာမ်မစ် စည်းမျဉ်းများပေါ် အခြေခံထားသည့် အစိုးရတစ်ရပ် အာဏာ ရလာခဲ့သည်။ သီးခြား အယူဝါဒ ခံယူထားသော အီရတ်နိုင်ငံအနေဖြင့် ယင်းကဲ့သို့ တိကျသည့် စည်းမျဉ်းအတွေးအခေါ်များ ပျံ့နှံ့မည်ကို မလိုလားပေ။ အီရတ်နှင့်အီရန်တို့သည်ယခင်နယ်စပ်ပြဿနာအရေးနှင့်ပတ်သက်ပြီးအဖြေရှာမရနိုင်သေးဘဲ ဖြစ် နေသည်။စူပါပါဝါဖြစ်သောအနောက်နိုင်ငံများအထူးသဖြင့်အမေရိကန်နှင့်ဗြိတိန်တို့ကအစ္စလာမ်မစ် အတွေးအခေါ်များ ပျံ့နှံ့လာမည်ကို စိုးရိမ်ခဲ့ကြသည်။ ထို့ပြင် အီရန်တွင် အစ္စလာမ်မစ်တော်လှန်ရေးအစိုးရသည် အနောက်အုပ်စုကို အထူး ဆန့်ကျင်သည်။ ထို့ကြောင့် အနောက် အုပ်စုအနေဖြင့် အီရန်ရေနံမြေများအား ချဉ်းကပ်ရာတွင် တင်းမာမှုများနှင့် ကြုံတွေ့ရသည်။ ၈ နှစ်ကြာ အီရန်-အီရတ်စစ်ပွဲအတွင်း အီရတ်သည် အမေရိကန်၊ ဗြိတိန်၊ပြင်သစ်နှင့်ဂျာမနီတို့ထံမှစစ်ရေးနှင့်ဘဏ္ဍာရေးအထောက်အပံ့ အများအပြား လက်ခံရရှိခဲ့သည်။ ရရှိသော အထောက်အပံ့များမှာ လက်နက် များ၊ နည်းပညာနှင့် ထောက်လှမ်းရေး အကူအညီများ စသည်ဖြင့် ပုံစံအမျိုးမျိုးနှင့် ဖြစ်သည်။ စစ်ပွဲအတွင်း အီရတ်နှင့် အီရန် နှစ်ဘက်စလုံးက ဓာတုလက်နက်များကို အသီးသီး အသုံးပြုခဲ့ကြသည်။ ယင်းအသုံးပြုမှုမှာ နိုင်ငံတကာဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရာ ရောက်သော်လည်း အီရတ်အနေဖြင့် ၎င်း၏ မိတ်ဆွေအနောက်အုပ်စုထံမှ အထောက်အပံ့များကို ဆက်လက်ရရှိနေခဲ့သည်။ စစ်ပွဲ ဆက်လက်ဖြစ်ပွားနေမှုနှင့်အတူ နှစ်ဖက်စလုံးတွင် အထိအခိုက် ဆုံးရှုံးမှုများ ကြီးထွားခဲ့သည်။ စစ်ပွဲပြီးဆုံးချိန်တွင် အီရတ်နှင့် အီရန်လူမျိုး (၁) သန်းကျော် သေဆုံးခဲ့သည်။

နှစ်ဖက်စလုံး ထိခိုက်ဆုံးရှုံးမှုများ များပြားလာမှုကြောင့် နောက်ဆုံးတွင် ၁၉၈၉ ခုနှစ် ၌ အပစ်အခတ် ရပ်စဲရန် သဘောတူခဲ့ကြသည်။ အီရန်-အီရတ်စစ်ပွဲ၏ အရေးအကြီးဆုံးရလဒ်တစ်ခုမှာ အီရတ်အနေဖြင့် စစ်တပ်နှင့် လက်နက်များ အခိုင်အမာ တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ယင်းလက်နက် နည်းပညာမှာ အထူးသဖြင့် အနောက်နိုင်ငံများထံမှ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

## ဖတ်ရှုနားလည်ခြင်း

၁။ မျိုးချစ်များ မျှော်လင့်သည် အရာသုံးခုမှာ အဘယ်နည်း။
၂။ အီရတ်နိုင်ငံရှိ စစ်အစိုးရသစ်သည် ဥရောပနိုင်ငံများအား ထောက်ပံ့ခဲ့သည်ဆိုသော အဆိုမှာ မှန်သလား၊ မှားသလား။
၃။ ဆက်ဒမ်ဟူစိန်၏ မျိုးနွယ်စုသည် အီရတ်ရှိ ကြီးမားသော မျိုးနွယ်စုတစ်ခု ဖြစ်သည်ဆိုသည်မှာ မှန်သလား၊ မှားသလား။
၄။ ဆက်ဒမ်ဟူစိန်အစိုးရသည် အနောက်နိုင်ငံများအား ဆန့်ကျင်သည် ဆိုသည့်အချက်မှာ မှန်သလား၊ မှန်းသလား။
၅။ နိုင်ငံရေးအတိုက်အခံများကို ဆက်ဒမ်ဟူစိန်အစိုးရက မည်သို့ တုံ့ပြန်ခဲ့သနည်း။

**နိုင်ငံတကာ 'မိတ်ဆွေများ'**

နိုင်ငံတကာဆက်ဆံရေးလောကတွင် နိုင်ငံများသည် များသောအားဖြင့်လတ်တလောနိုင်ငံရေးလိုအပ်ချက်ကို မူတည်၍ မိတ်ဖွဲ့လေ့ ရှိသည်။ လိုအပ်ချက်ပြောင်းလဲသွားပါက 'မိတ်ဆွေများ'လည်း ပြောင်းလဲသွားသည်။ အီရန်နှင့် အီရတ်အရေးသည် ဥပမာကောင်းတစ်ခု ဖြစ်သည်။ ၁၉၇၉ အစ္စလာမ်တော်လှန်ရေး မတိုင်မီက အီရန်သည် အမေရိကန်နှင့် ခိုင်မာသော မိတ်ဆွေ ဖြစ်ခဲ့သည်။ စစ်အေးစစ်ပွဲအတောအတွင်း ညီမျှမှု ရှိနေခြင်းကြောင့် အမေရိကန် အီရန်နှင့် မိတ်ဖြစ်နေချိန် ရုရှားက အီရတ်ကိုထောက်ပံ့ခဲ့သည်။သို့သော်အီရန်နိုင်ငံ၏အစိုးရသစ်မှာအမေရိကန်ကိုလွန်စွာဆန့်ကျင်သည် ထို့ကြောင့် "ငါ့ရန်သူရဲ့ ရန်သူက ငါ့မိတ်ဆွေ ဖြစ်တယ်"ဆိုသည့် ရှေးဆိုရိုးအတိုင်း အီရန်နှင့်အီရတ် စစ်ဖြစ်ချိန်တွင် အမေရိကန်က အီရတ်ဘက်မှ ထောက်ပံ့ပေးခဲ့သည်။

## ဖတ်ရှုနားလည်ခြင်း

၁။ အီရတ်က အီရန်နှင့် စစ် စတင်ဖြစ်ရခြင်း အကြောင်းရင်း နှစ်ချက်ကို ဖော်ပြပါ။
၂။ အီရန်နှင့် အီရတ် စစ်ဖြစ်ချိန်တွင် အဘယ့်ကြောင့် အမေရိကန်နှင့် ဗြိတိသျှတို့က အီရတ်ဘက်မှ ထောက်ပံ့ပေးခဲ့သနည်း။ ထိုသို့ထောက်ပံ့ရခြင်း အကြောင်းရင်းနှစ်ခုကို ဖော်ပြပါ။
၃။ အနောက်နိုင်ငံများက အီရတ်ကို မည်ကဲ့သို့ ထောက်ပံ့ခဲ့သနည်း။
၄။ အီရတ် -ဓာတုလက်နက်များ အသုံးပြုပြီးချိန်တွင် အနောက်နိုင်ငံများက အီရတ်အား ထောက်ပံ့နေခြင်းကို ရပ်တန့်ပစ်လိုက်သလား။
၅။ အီရတ်-အီရန်စစ်ပွဲတွင် မည်သူ အနိုင်ရသနည်း။

## ဆွေးနွေးခြင်း

**"ငါ့ရန်သူရဲ့ ရန်သူက ငါ့မိတ်ဆွေဖြစ်တယ်"**၏ အဓိပ္ပာယ်ကို ဆွေးနွေးပါ။ ဤဆိုရိုး မှန်ကန်ကြောင်း သက်သေပြနေသည့် အခြားဥပမာများကိုကော သင်သိပါသလား။

## အလှည့်ကျကစားခြင်း

အဖွဲ့(က)သည် အီရန်နိုင်ငံ၏ အစိုးရဖြစ်သည်။ အဖွဲ့(ခ)သည် အီရတ်၏ အစိုးရ ဖြစ်သည်။ အဖွဲ့(ဂ)သည် အမေရိကန်အစိုးရ ဖြစ်သည်။ အီရန်နှင့် အီရတ်ကြားရှိ ပဋိပက္ခအခြေအနေနှင့် စစ်ပွဲအကြောင်း သရုပ်ဆောင် ကစားကြည့်ပါ။

## ကူဝိတ်ကို ကျူးကျော်ခြင်းနှင့် ပင်လယ်ကွေ့စစ်ပွဲ

**အဓိကစကားလုံးများ**

| |
|---|
| သိမ်းပိုက်သည် (annex)<br>ထွက်ခွာသည် (withdrawal) |

## ကြိုတင်လေ့လာခြင်း

ပင်လယ်ကွေ့စစ်ပွဲအကြောင်း သင် မည်သည်များ သိထားသနည်း။ ပင်လယ်ကွေ့စစ်ပွဲဟု အဘယ့်ကြောင့် ခေါ်ဆိုသနည်း။ ပင်လယ်ကွေ့စစ်ပွဲတွင် မည်သူများ တိုက်ခိုက်ခဲ့ကြပြီး မည်သူ အနိုင်ရခဲ့သနည်း။

မြေပုံပေါ်တွင် ကူဝိတ်နိုင်ငံကို ရှာပါ။ ကူဝိတ်နိုင်ငံသည် ကြီးပါသလား။ အဘယ့်ကြောင့် ဆက်ဒမ်ဟူစိန်သည် ကူဝိတ်ကို ချုပ်ကိုင်ရန် စိတ်ဝင်စားခဲ့သနည်း။ ဤကိစ္စနှင့် ကူဝိတ်နိုင်ငံ၏ ပထဝီ-အနေအထား ဆက်စပ်နေပါသလား။

## နယ်ခြားစည်းမျဉ်းကို ကျူးကျော်ဝင်ရောက်ခြင်း

၁၉၉၀ ပြည့်နှစ်တွင် အီရတ်သည် အီရန်နှင့် ကာလကြာရှည် စစ်ပွဲဖြစ်ခဲ့ခြင်း ရိုက်ခတ်မှုဒဏ်မှ ပြန်လည်နိုးထလာခဲ့သည်။ သို့ပေမယ့် ဆက်ဒမ်ဟူစိန်တွင် တဖန် အိမ်နီးချင်းနိုင်ငံတစ်ခုသို့ ကျူးကျော်ရန် အစီအမံများ ရှိခဲ့သည်။ ဒီတစ်ကြိမ် ပစ်မှတ်မှာ ကူဝိတ်ဖြစ်လာသည်။ အီရတ်သည်ကူဝိတ်နှင့် ကာလကြာရှည် သမိုင်းနှင့်ညီသော နယ်စပ်ပြဿနာ ရှိခဲ့သည်။ ကူဝိတ်မှာ ဗြိတိန်ထိန်းချုပ်မှု မပြုလုပ်မီက အော့တမန်ပြည်နယ်တစ်ခုဖြစ်သော ဘာဆရာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေခဲ့သည်။ အီရတ်အစိုးရက ကူဝိတ်မှာ အီရတ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ယုံကြည်ထားသည်။ အီရတ်သို့ ကူဝိတ်မှ ရေနံနှင့် ပါရှန်းပင်လယ်ကွေ့သို့ ချဉ်းကပ်နိုင်မှုမှာ ဆွဲဆောင်မှုများစွာ ဖြစ်စေခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လတွင် အီရတ်က ကူဝိတ်ကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီး တရားဝင်ပိုင်နက်နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။

## International Crisis in a New World Order

နိုင်ငံတကာအသိုင်းအဝိုင်းက ကျူးကျော်မှုကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ပြီး ရှုတ်ချခဲ့သည်။ ဆိုဗီယက်ယူနီယံ မပြိုခွဲခင် တစ်နှစ်၊ စစ်အေးတိုက်ပွဲအဆုံးသည် အမေရိကန်အတွက် စူပါပါဝါအဖြစ် ရောက်ရှိလာစေခဲ့သည်။ အီရတ်နှင့် ဖြစ်ပျက်ခဲ့သော ယင်းအကျပ်အတည်းသည် အမေရိကန်အတွက်

ကုလသမဂ္ဂအတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် ၎င်း၏ လွှမ်းမိုးနိုင်မှု နေရာသစ်တစ်ခုအဖြစ် ပြသရန် ပထမဆုံး အခွင့်အရေးတစ်ရပ် ဖြစ်ခဲ့သည်။ ကုလသမဂ္ဂအနေဖြင့် အစ္စရေးက ပါလက်စတိုင်းနယ်မြေအား ရယူထားခြင်းအား ဆန့်ကျင်ကြောင်း အကြိမ်ကြိမ် ပေးသည့် ဆုံးဖြတ်ချက် လုပ်ဆောင်ခဲ့ခြင်းကို အမေရိကန်က ယင်းဆုံးဖြတ်ချက်များအပေါ် ဗီတိုသုံးကန့်ကွက်ခဲ့သည်။ သို့ပေမယ့် အီရတ်အား ကုလ၏ အရေးယူပိတ်ဆို့မှုကိုမူ အမေရိကန်က ထောက်ခံခဲ့သည်။ အီရတ်၏ ဆန့်ကျင်ကျူးကျော်မှု လုပ်ဆောင်ခဲ့မှုသည် ကမ္ဘာတစ်ဝန်း ပြောစမှတ်အဖြစ် ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ ကုလအနေဖြင့် အီရတ်အား ကူဝိတ်မှ ဆုတ်ခွာရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာ ချမှတ် ကတိပြုပေးခဲ့သည်။ ငြိမ်းချမ်းစွာ အခြေချနေထိုင်နိုင်ရေးအတွက် အီရတ်နှင့် ကုလတို့ကြား စေ့စပ်ညှိနှိုင်းမှုများသည် မျှော်လင့်ချက်ရောင်ခြည်အချို့အတွက် အထောက်အပံ့ ဖြစ်စေခဲ့သော်လည်း အမေရိကန်တို့က ယင်းကိစ္စအတွက် တစ်စုံတစ်ရာ သည်းခံစောင့်စားမှု ပြုမည်မဟုတ်ဟု ဆုံးဖြတ်ခဲ့သည့်အတွက် စေ့စပ်ညှိနှိုင်းမှုများ အောင်မြင်ခြင်း မရှိခဲ့ပေ။ အမှန်တကယ်တွင် အမေရိကန် ကွန်ဂရက်က အီရတ်၏ တိုက်ခိုက်မှုအတွက် အစောပိုင်းကပင်ကြိုတင်၍အတည်ပြုချက် ပေးထားခဲ့သည်။ ကုလ၏ အတည်ပြုချက်ကိုပင် ရယူမည် မဟုတ်ကြောင်းကတိပြုထားခဲ့သည်။ အမေရိကန်သည် အီရတ်အား ဆန့်ကျင်တိုက်ခိုက်ရေးတွင် နိုင်ငံအများအပြား ပူးပေါင်းပါဝင်လာရေး လွှမ်းမိုးမှုနှင့် ယုံကြည်မှု ရလာစေရန် စီမံခဲ့သည်။ တိုက်ခိုက်မှုကို ၁၉၉၁၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စတင်ခဲ့သည်။

## ဆက်ဒမ်ပြုတ်ကျသွားပေမယ့် ပျောက်မသွားသေးပါ။



A burning Iraqi oil well during the Gulf War

အီရတ်အား စစ်ရေးအရ အရေးယူရာတွင် အမေရိကန်တပ်ဖွဲ့က အဓိကဖြစ်ပြီး ဗြိတိန်ပြင်သစ်နှင့် အခြားသောနိုင်ငံ အများအပြားမှာလည်း အင်အားအနည်းငယ်စီ ပူးပေါင်းပါဝင်ခဲ့ကြသည်။ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များက အင်အားသိပ်မရှိသော အီရတ်တပ်များကို အလွယ်တကူပင် ကူဝိတ်မှ မောင်းထုတ်နိုင်ခဲ့သည်။ အီရတ်စစ်တပ်မှာ အမေရိကန် ဦးဆောင်သော စုပေါင်းတပ်ဖွဲ့များကို မည်သည့်အခါမျှပင် ထိထိရောက်ရောက် မခြိမ်းခြောက်နိုင်ခဲ့ပေ။ တိုက်ခိုက် မှုကြောင့် အီရတ်အရပ်သား ထောင်နှင့်ချီ သေဆုံးခဲ့ရသလို အီရတ်စစ်သားများမှာလည်း သောင်းချီ သေဆုံးခဲ့ရသည်။

ပင်လယ်ကွေ့စစ်ပွဲ(Gulf War) ဟု လူသိများသော သုံးပတ်မျှသာ ကြာမြင့်သည့် ယင်းစစ်ပွဲကာလ အဆုံးတွင် အမေရိကန်တို့က အီရတ်နိုင်ငံတွင်း အာဏာဖီဆန်မှု (သူပုန်ထမှု) ဖြစ်နေခြင်းကို အားပေးကူညီခဲ့သည်။ အမြဲတမ်း ညှဉ်းပမ်းနှိပ်စက်မှုဒဏ် ခံနေရသော ကာ့ဒ်(Kurds)နှင့် ရှီးယိုက် (Shi’as) လူမျိုးစုနှစ်စုတို့က အီရတ်အစိုးရကို ဖြုတ်ချရန်ကြိုးပမ်းလာခဲ့ကြသည်။သို့သော် ၎င်းတို့ အမှန်တကယ် အီရတ်အစိုးရ ဖြုတ်ချရေး ကြိုးပမ်းရာတွင် အောင်အောင်မြင်မြင် ဖြုတ်ချနိုင်ရေးအတွက် လိုအပ် နေသော စစ်ရေးအကူအညီကို မထောက်ခံခဲ့ပေ။ နောက်ဆုံးတွင်

သဘာဝဘေးအန္တရာယ်တစ်ခုအသွင် ရလဒ်အဖြေထွက်ခဲ့ပြီး ကာ့ဒ်နှင့် ရှီးဟိုက်လူမျိုးများ သေဆုံးခဲ့ရသည်။ သို့သော် လက်ရှိတွင် ဆက်ဒမ်မှာ အနောက်အုပ်စု၏ မိတ်ဆွေတစ်ဦးအဖြစ် မရပ်တည်နိုင်တော့ပေ။

## လေ့ကျင့်ခန်း

**(စွမ်းရည်) -** နှိုင်းယှဉ်ခြင်း

**၁။** အစ္စရေးသိမ်းပိုက်ခြင်းနှင့် အီရတ်သိမ်းပိုက်ခြင်း နှစ်ခုအပေါ် အမေရိကန်၏ တုံ့ပြန်ချက်များကို နှိုင်းယှဉ်ကြည့်ပါ။

**၂။** ကွာခြားချက်များ အဘယ့်ကြောင့် ရှိနေရသနည်း။

**၃။** အီရတ်စစ်တပ်နှင့် အမေရိကန်ဦးဆောင်သည့်တပ်များကို နှိုင်းယှဉ်ကြည့်ပါ။

**၄။** ကာ့ဒ်နှင့် Shi'as တို့သည် မိမိတို့ ရရှိထားသည်များကို အခြေခံ၍ အမေရိကန်ထံမှ မည်သည်များ ရယူရန် မျှော်လင့်ထားကြသည်ကို နှိုင်းယှဉ်ပါ။

## ငြင်းခုံခြင်း

အမေရိကန်သည် အခြားအစိုးရများကို ဖြုတ်ချခြင်း၊ သူပုန်များကို အားပေးအားမြှောက်ပြုခြင်းများ မပြုလုပ်သင့်ပါ။

## စစ်ပွဲနှစ်ခုကြားက အရေးယူပိတ်ဆို့မှုနှင့် မပျံ့သန်းရေးဇုံများ

**အဓိကစကားလုံးများ**

ညစ်ညမ်းရေစွန့်ပစ်ရေးစနစ် (sewerage)
စီးပွားရေးပိတ်ဆို့မှု (economic sanctions)
အခွင့်ထူးခံ (elite)
ပျံ့နှံ့သည် (extensive)
အနီးကပ်စောင့်ကြည့်သည် (patrolling)
လွတ် လပ်သောနိုင်ငံ (sovereign)



*US and UK controlled most Iraqi airspace for twelve years*

ပင်လယ်ကွေ့စစ်ပွဲကြောင့် အီရတ်သည် အလွန်အမင်း ထိခိုက်သေကြေမှုနှင့် ပျက်စီးဆုံးရှုံးမှုဒဏ်ကို ခံခဲ့ရသည်။ အမေရိကန်ဦးဆောင်သော တပ်များသည် စစ်ပွဲအတွင်း အီရတ်၏ အခြေခံအဆောက်အဦးများ ဖြစ်သည့် လမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများ၊ သတင်းဆက်သွယ်ရေးလုပ်ငန်းများနှင့် စွမ်းအင်အထောက်အပံ့ စသည်တို့ကို ကြီးကြီးမားမား ဖျက်ဆီးပစ်ခဲ့သည်။ စစ်ပွဲကြောင့် အီရတ်အများအပြား စွမ်းအင်ပြတ်လပ်မှု၊ သန့်ရှင်းသော သောက်သုံးရေ မရရှိမှု၊ လုံခြုံစိတ်ချရသော အညစ်အကြေး စွန့်ပစ်မှုနှင့် သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများ

ကြုံတွေ့ခဲ့ရသည်။ စာသင်ကျောင်းနှင့် ဆေးရုံများကဲ့သို့ အများပြည်သူသုံး အဆောက်အဦးများလည်း ဆုံးရှုံးပျက်စီးသွားခဲ့သည်။ စစ်ပွဲမတိုင်ခင်က ကုလသမဂ္ဂသည် ကူဝိတ်မှ အီရတ်တပ်များ ဆုတ်ခွာရန် ဖိအားပေးသည့်အနေဖြင့် စီးပွားရေး အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ရန် အတည်ပြုခဲ့သည်။

အီရတ်အပေါ် ယင်းအရေးယူပိတ်ဆို့ထားမှုမှာ နောက် ၁၂ နှစ်အထိ ဆက်ရှိနေခဲ့သည်။ ကုလ၏ အရေးယူပိတ်ဆို့မှုကြောင့် အီရတ်တွင် အလွန်ကျယ်ပျံ့သော မှောင်ခိုဈေးကွက်ကြီး တစ်ခု ဖြစ်ပေါ်လာစေခဲ့သည်။ (ကုန်ပစ္စည်းများကို အစိုးရက သတ်မှတ်ပေးသော စည်းမျဉ်းအတိုင်း မဟုတ်ဘဲ တရားဝင် ရောင်းချခြင်းကို ခေါ်သည်။) သို့ပေမယ့် သာမန် အီရတ်အရပ်သားများအတွက် ငွေကြေးအမြောက်အများ ရရှိစေခြင်း၊ အရာရှိပုဂ္ဂိုလ်များ (သို့) စီးပွားရေးလုပ်ငန်းများနှင့် လက်လှမ်းမီရန် အခွင့်မရဘဲ ဘဝမှာ ပို၍ခက်ခဲကြမ်းတမ်းလာစေခဲ့သည်။ ပျက်စီးနေသော အခြေခံ အဆောက်အဦးများမှာလည်း ပြန်လည်တည်ဆောက်ရန် လိုအပ်နေခဲ့သည်။ မိလာစနစ်နှင့် ပြည်သူများ ရေရရှိရေးအတွက်လည်း ပြုပြင်ရန် လိုအပ်နေသည်။ အထောက်အပံ့အများအပြားမှာ အရေးယူပိတ်ဆို့မှုများကြောင့် ပိတ်ဆို့သွားခဲ့ရသည်။ ယင်းအနေအထားက ဝမ်းလျော၊ ဝမ်းပျက် ကဲ့သို့ ရောဂါဘယများကို ပျံ့နှံ့လာစေရန် ဦးတည်သွားစေခဲ့သည်။ အထူးသဖြင့် အန္တရာယ်ဖြစ်စေမှုအချက်က ဆေးရုံများအနေဖြင့် လိုအပ်သော အထောက်အပံ့များနှင့် ပစ္စည်းကိရိယာ ရရှိရန် အခက်အခဲများ ကြုံတွေ့နေရခြင်း ဖြစ်သည်။

ပင်လယ်ကွေ့စစ်ပွဲပြီးနောက် ဆက်ဒမ်ဟူစိန် အစိုးရက ၎င်း၏ စစ် တပ်ကို ပြန်လည်တည်ဆောက်ရန် ရွေးချယ်မှု ပြုလုပ်ခဲ့သည်။ စစ်ရေးတည်ဆောက်မှုအတွက် ငွေကြေးအသုံးပြုမှုကို အရေးယူပိတ်ဆို့မှု၏ သက်ရောက်မှုများအတွက် တန်ပြန် တိုက်ခိုက်ရန် ဖြစ်စေခဲ့သည်။ ယူနီဆက်ဖ် (ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့)က အရေးယူပိတ်ဆို့မှု လုပ်ရပ်ကြောင့် အီရတ်လူမျိုး ၅၀၀၀၀၀ ကျော် သေဆုံးခဲ့ပြီး ယင်းအနက် ထက်ဝက်ကျော်မှာ ကလေးများ ဖြစ်သည်ဟု ခန့်မှန်းခဲ့သည်။ နိုင်ငံအများအပြားက အရေးယူပိတ်ဆို့မှုများ အဆုံးသတ်ရန် ကုလဆုံးဖြတ်ချက် ပြန်ရုပ်သိမ်းရေး ကြိုးပမ်းခဲ့ကြပေမယ့် အမေရိကန်နှင့် ဗြိတိန်တို့က အချိန်နှင့်အမျှဗီတိုအာဏာ သုံး ပယ်ချခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်တို့က အီရတ်အနေဖြင့် ကုလ၏ တောင်းဆိုမှုအားလုံးကို လိုက်နာမှု ပြုလာချိန်အထိ အရေးယူပိတ်ဆို့မှုများ ဆက်လက် ထားရှိသင့်သည်ဟုအခိုင်အမာ ဆိုထားခဲ့ကြသည်။

အထူးသဖြင့် အရေးကြီးသည့် အချက်က အီရတ်အနေဖြင့် ၎င်း၏ လက်နက်အားလုံးကို ဖျက်သိမ်းပစ်ရမည်ဟူသော ကုလသတောင်းဆိုသော ဆုံးဖြတ်ချက်ပင် ဖြစ် သည်။ ကုလအနေဖြင့်-လည်း ၎င်းတို့ တောင်းဆိုထားသည်များကို အီရတ်တို့ လိုက်နာခြင်း ရှိ မရှိ အတည်ပြုရန် အီရတ်သို့ လက်နက်စစ်ဆေးရေးအရာရှိများ စေလွှတ်ခဲ့သည်။ အီရတ်အစိုးရအနေဖြင့် ကုလနှင့် အမြဲတမ်း ပူးပေါင်း ဆောင်ရွက်ခြင်းမျိုး မရှိခဲ့ပေ။

အီရတ်တို့က ပြောကြားထားသည်မှာ ယင်းကဲ့သို့ ကုလမှ လာရောက်စစ်ဆေးမှုများ လုပ်ဆောင်နေခြင်းသည် လက်နက်ဖျက်သိမ်းရေးလုပ်ငန်းများကို အခက်အခဲများစွာ ကြုံတွေ့စေသည်ဟု ဆိုခဲ့သည်။ တချိန်တည်းမှာပင် အမေရိကန်နှင့် ဗြိတိန် (အစပိုင်းက ပြင်သစ်လည်း ပါဝင်) တို့သ-ည် အီရတ်နိုင်ငံအား စစ်လေယာဉ်ဖြင့် အနီးကပ် စောင့်ကြပ် ကြည့်ရှုခြင်းအပြင် နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းကို မပျံသန်းရဇုန်နှစ်ခုအဖြစ် ကြေညာခဲ့သည်။ အဓိပ္ပာယ်မှာ အီရတ်စစ်လေယာဉ်များ ယင်းဇုန်နှစ်ခုတွင် ပျံသန်းခွင့် မရှိတော့ခြင်း ဖြစ်သည်။ ယင်း မပျံသန်းရဇုန်နှစ်ခုသည် လွတ်လပ်သော အီရတ်နိုင်ငံ ထက်ဝက်ကျော် လေပိုင်နက်ကို လွှမ်းခြုံစေခဲ့သည်။ ရည်ရွယ်ချက်မှာ ယင်းဇုန်နှစ်ခုအတွင်း

နေထိုင်ကြသော ကာ့ဒ်နှင့် ရှီးဟိုက်လူမျိုးများ အီရတ်အစိုးရ ညှဉ်းပန်းနှိပ်စက်မှုမှ အကာအကွယ်ပေးရန် လုပ်ဆောင်ခြင်း ဖြစ်ကြောင်း အမေရိကန်နှင့် ဗြိတိန်တို့က အခိုင်အမာ ပြောကြားခဲ့သည်။ ယင်းဇုံနှစ်ခုအတွင်း အီရတ်စစ်ဘက်မှ တစ်စုံတစ်ရာ ခြိမ်းခြောက်မှု လုပ်ရန် စဉ်းစားလာပါကလည်း အမေရိကန်နှင့် ဗြိတိန်တပ်များ၏ အလျင်အမြန် တုံ့ပြန်မှုကို ရင်ဆိုင်ရမည်ဟု ဆိုထားသည်၊

အမေရိကန်နှင့် ဗြိတိန်တပ်များသည် စွပ်စွဲခံထားရသော အီရတ်စစ်ဘက်ပစ်မှတ်များကို အကြိမ်ပေါင်း ရာနှင့်ချီ၍ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ယင်းတိုက်ခိုက်ခံရသော ပစ်မှတ်များထဲမှ အချို့မှာ စစ်ဘက်ပစ်မှတ်များကို ကျော်လွတ်သွားသည်အထိ ပါဝင်ခဲ့သည်။ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ အီရတ်ပြည်သူ ရာနှင့်ချီ၍ သေဆုံးခဲ့ရသည်။ အမေရိကန်နှင့် ဗြိ-တိန် တို့ သတ်မှတ်ကြေညာထားသော မပျံသန်းရေး ဇုံများကို ကုလသမဂ္ဂက မည်သည့်အခါမျှ အတည် ပြု မပေးခဲ့ပေ။ မည်သို့ပင် အီရတ်ပေါ် ဆင်းရဲဒုက္ခများ ကျရောက်နေစေကာမူ ဆက်ဒမ်ဟူစိန် အီရတ်အစိုးရမှာ စစ်တပ်ကို ပြန်လည်တည်ဆောက်ရန် ရင်းမြစ်အထောက်အပံ့များ ရရှိနေ-ဆဲပင် ဖြစ်သည်။ အခွင့်ထူးခံ နိုင်ငံရေးနှင့် စစ်ဘက်ခေါင်းဆောင်များမှာလည်း လူများစုဖြစ်သော အီရတ်ပြည်သူများကဲ့သို့ ဆင်းရဲဒုက္ခများ ကြုံတွေ့ခံစားရခြင်း မရှိခဲ့ပေ။ သို့သော် ပိုဆိုးသော ကံကြမ္မာက အီရတ်ပြည်သူများအတွက် ဆက်လက်ရောက်ရှိနေဆဲပင်။

## ဖတ်ရှုနားလည်ခြင်း

၁။ ပင်လယ်ကွေ့စစ်ပွဲ၏ တိုက်ရိုက်အကျိုးသက်ရောက်မှု နှစ်ခုကို ဖော်ပြပါ။
၂။ အီရတ်အပေါ် စီးပွားရေးပိတ်ဆို့ထားခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။
၃။ စီးပွားရေးပိတ်ဆို့ခြင်းကြောင့် မည်သူများအား ထိခိုက်နစ်နာမှုအများဆုံးနည်း။
၄။ ပိတ်ဆို့ခြင်းကြောင့် လူအများအပြား သေဆုံးရခြင်းမှာ အဘယ့်ကြောင့်နည်း။
၅။ မပျံသန်းရဇုံများမှာ မည်သည့်နေရာတွင် ရှိသနည်း။
၆။ မပျံသန်းရဇုံကို မည်သူ ထောက်ခံသနည်း။

## အဖွဲ့လိုက်လေ့ကျင့်ခန်း

စီးပွားရေးပိတ်ဆို့မှုသည် အတိုင်းအတာမည်မျှလောက်ထိ အကျိုးသက်ရောက်မှု ရှိသနည်း။ နိုင်ငံ၏ အစိုးရနှင့် ပြည်သူလူထုအပေါ် မည်သို့အကျိုးသက်ရောက်သနည်း။ စီးပွားရေးပိတ်ဆို့ခြင်းကို သင်ထောက်ခံပါသလား။ ရှင်းလင်းပြပါ။

## သရုပ်ဆောင်ခြင်း

အဖွဲ့တစ်ဖွဲ့စီသည် ကုလသမဂ္ဂတွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံစီအဖြစ် သရုပ်ဆောင်ရမည်။ ကုလသမဂ္ဂစည်းဝေးပွဲတစ်ခု ကျင်းပပုံ သရုပ်ဆောင်ပါ။ စည်းဝေးပွဲတွင် အီရတ်အပေါ် ပိတ်ဆို့ထားမှုများအကြောင်း နိုင်ငံအလိုက် ဆွေးနွေးကြပါ။

## **အီရတ်စစ်ပွဲ**

**ကြို၍လေ့လာခြင်း** **အီရတ်စစ်ပွဲ အဘယ့်ကြောင့် ဖြစ်ပွားရသနည်း။ အကြောင်းများမှာ အဘယ်နည်း။ ---------အီရတ်စစ်ပွဲပေါ် သင်၏အမြင်ကို ရှင်းလင်းပြောပြပါ။**

**အဓိကစကားလုံးများ**

| | |
|---|---|
| စောင်းပေးသည် (emphasize) | လုံလောက်မှု မရှိသော (insufficient)၊ |
| ဖြစ်နိုင်ချေရှိသော (credible) | ပြီးပြည့်စုံသော(comprehensive)၊ |
| အင်အားသုံးဖယ်ရှားသည် (expel) | ပုံကြီးချဲ့သည် (exaggerate)၊ |
| မရိုးသားသော(misleading) | ကစဥ့်ကလျား (chaos)၊ |
| လွတ်လပ်သည် (liberate) | အရေးမကြီးသော(irrelevant) |
| အမိန့်အာဏာ (legitimacy)၊ | အင်အားကြီးမားလာသည် (intensify) |
| အာဏာဖီဆန်သည် (defiance)၊ | |

ပင်လယ်ကွေ့စစ်ပွဲအဆုံးတွင် ဝါရှင်တန်ဒီစီ၌ အလွန်စိတ်ပျက်လက်ပျက် ဖြစ်နေကြရသည့် အင်အားကြီးမားသော လူအများအပြား ရှိနေခဲ့သည်။ သူတို့အတွက်တော့ စစ်ပွဲသည် ဆက်ဒမ်ဟူစိန် အာဏာမှ ဖယ်ရှားခံရသည့်တိုင် မပြီးဆုံးခဲ့ပေ။ ထို့ပြင် ၄င်းတို့က အမေရိကားသည် အီရတ်တွင် စိတ်ဝင်စားမှု အများအပြား ရှိနေသည်ဟု နားလည်ခံစားထားခဲ့သည်။ နောက် ၁၂ နှစ်တာ-အထိ ပြင်ဆင်မှု၊ ငွေကြေး၊ အားထုတ်မှု အများအပြား အီရတ်အစိုးရ ပြောင်းလဲရေး ရည်မှန်းချက် အောင်မြင်ရန်အတွက် ရောက်ရှိလာခဲ့သည်။

**အောက်ဖော်ပြပါ နည်းလမ်းများမှာ အီရတ်အစိုးရ ပြောင်းလဲရေး အောင်မြင်ရန် အသုံးပြုခဲ့မှုများ ဖြစ်သည်။**

**-မပျံ့သန်းရဇုံအတွင်း ပုံးကြဲစီးနင်းတိုက်ခိုက်ခြင်း**

**-စီအိုင်အေ၏ လျှပ်ရှားလုပ်ဆောင်မှုများက ဆက်ဒမ်အား ရာထူးမှ ဖယ်ရှားပစ်ရန် (သို့) သတ်ပစ်ခြင်း**

**-စီးပွားရေးအရ အရေးယူပိတ်ဆို့ထားမှုများကို ဆက်လက်ထိန်းသိမ်းခြင်း**

**-အီရတ်နိုင်ငံတွင်းနှင့်အပြင်ဘက်ရှိ အတိုက်အခံ အုပ်စုများကို ရန်ပုံငွေ ထောက်ပံ့ပေးခြင်းနှင့် လေ့ကျင့်မှုပေးခြင်း**

**-ပြည်သူများနှင့် ဆက်ဆံရေး တိုးမြှင့်ခြင်းကို ဆက်ဒမ်ဆန့်ကျင်ရေး အသေးစိတ်သတင်းအချက်အလက်များကို မီဒီယာ သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယို၊ တီဗွီ စသည်သို့ တိုးမြှင့်လုပ်ဆောင်ပေးခြင်း**

အမေရိကန်သည် ၁၉၉၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း အီရတ်အစိုးရ ပြောင်းလဲရေး ကြိုးပမ်းရာတွင် ဒေါ်လာ ဘီလျံပေါင်းများစွာ သုံးစွဲခဲ့သည်။

## စစ်ပွဲဖြစ်ပွားရာ အခြေအနေတစ်ခု


US tanks in Baghdad

၂၀၀၁ခုနှစ်၊ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည့်တိုင်အောင် အီရတ်နှင့် ဒုတိယစစ်ပွဲအတွက် ပြည်သူ (သို့) နိုင်ငံတကာထောက်ပံ့မှု အနည်းငယ် ရှိနေ ခဲ့သည်။ ယင်းတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အကြမ်းဖက်ဝါဒအပေါ် စိုးရိမ်မှုနှင့် ကြောက်ရွံ့မှုရလဒ် ထွက်လာခဲ့သည်။ ၂၀၀၂ ခုနှစ် အစောပိုင်းမှ ၂၀၀၃ ခုနှစ်မတ်လတွင် အီရတ်အားတိုက်ခိုက်မှု စတင်ခဲ့သည် အချိန်အထိ အမေရိကန်အစိုးရက ဆက်ဒမ်ဟူစိန်သည်ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဓိက ခြိမ်းခြောက်နေသူတစ်ဦးအဖြစ်ကမ္ဘာအား ယုံကြည်စေရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ယင်းအချက်က ဆက်ဒမ်သည် အမေရိကန်အား ပြောင်ပြောင်တင်းတင်း အဝေဖန်ဆုံး လူတစ်သီးအဖြစ် စိတ်ဝင်စား ခံခဲ့ရသည်။ လုံလောက်မှု မရှိသော အထောက်အထားများ ရှိနေစေကာမူ ဆက်ဒမ်နှင့် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်အဖွဲ့အစည်း ဖြစ်သော အယ်ကိုင်းဒါအဖွဲ့ကြား အဆက်အသွယ်တစ်ခုလုပ်ဆောင်ရန် အမေရိကန် နိုင်ငံရေးသမားတချို့က ကြိုးပမ်းခဲ့ကြသည်။ ထိုပြင် အီရတ်၌ နူလက်နက် များ ရှိနေပြီး ယင်းလက်နက်များကို အသုံးပြုရန် (သို့) အကြမ်းဖက်အဖွဲ့အစည်းများအား ရောင်းချရန် ဖြစ်နိုင်ဖွယ် ပိုမိုရှိနေသည်ဟူသော အခိုင်အမာပြောဆိုမှုများလည်း ထွက်ပေါ်ခဲ့သည်။

အမေရိကန် အီရတ်တွင် ဓာတုလက်နက် အမြောက်အမြား ရှိနေသည်ဟု စွပ်စွဲထားသည်။ ပင်လယ်ကွေ့စစ်ပွဲပြီးဆုံးပြီးနောက် ကုလလက်နက်စစ်ဆေးရေးအ ရာရှိများသည် အီရတ်အစိုးရအား လက်နက်ဖျက်သိမ်းပစ်ရန် ကြိုးပမ်းအားထုတ်ရင်း အီရတ်တွင် နှစ်အတန်ကြာ နေထိုင်ခဲ့ကြသည်။ ယင်းကာလအတွင်း အီရတ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းက လုပ်ငန်းလုပ်ဆောင်မှုအပေါ် အခက်အခဲ ကြုံတွေ့စေခဲ့ရသော်လည်း အစုလိုက်အပြုံလိုက် လက်နက်ဖျက်သိမ်းခြင်း (Weapon of Mass Destruction – WMDs) အတွက် အထောက်အထား အနည်းငယ် ရှာဖွေတွေ့ရှိခဲ့ကြသည်။ သို့သော် ယင်းကာလအချိန်အထိ အီရတ်တွင် WMDs လက်နက်များ ပိုင်ဆိုင်ထားမှုနှင့် ပတ်သက်၍ အထောက်အထား မတွေ့ရှိခဲ့ရပေ။

နောက်ဆုံးအကြောင်း ပြချက်အနေဖြင့် အီရတ်ပြည်သူများ လွတ်မြောက်ရေးအတွက် အစိုးရ အပြောင်းအလဲ လုပ်ရန် သဘောတူ ညှိနှိုင်းခဲ့ကြသည်။ ဆက်ဒမ်ဟူစိန်အစိုးရတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေခဲ့သည်ဟု သိထားချိန်ကတည်းက ယခုနောက်ဆုံး အကြောင်းပြချက်အပေါ် အထောက်အပံ့များစွာ ဖြစ်စေခဲ့သည်။

**လေ့ကျင့်ခန်း**

**(စွမ်းရည်) -** ကာလမျဉ်းဆွဲခြင်း

**ပြီးခဲ့သည့်သင်ခန်းစာများတွင် ဖော်ပြထားသော အဖြစ်အပျက်များကို ဇယားဆွဲပြုစုပါ။**

**အစမ်းသပ်ခံ ကုလသမဂ္ဂ**


*US President GW Bush, 200*

၄င်းတို့ ထောက်ခံသည်များမှာ

(၁) အရေးယူပိတ်ဆို့ခြင်းကို ဆက်လက်လုပ်ဆောင် ရေး

(၂)နိုင်ငံရေးဖိအားနှင့် စေ့စပ်ညှိနှိုင်းမှုကို တိုးမြှင့်လုပ်ဆောင်ရေး

(၃)အီရတ်နိုင်ငံ မိမိတို့အတွက် အန္တရာယ်တစ်ခု ဖြစ်မလာစေရန် လက်နက်အင်အား တိုးမြှင့်ရေး တို့ ဖြစ်ကြသည်။

ကုလ၏လုပ်ငန်းစဉ်နှင့် နိုင်ငံတကာ ဥပဒေအပေါ် ထောက်ခံသူများသည် အီရတ်ပြဿနာနှင့် ပတ်သက်၍ တရားနည်းလမ်းကျကျ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်သည့် နည်းလမ်းရှိသည်ဟု ယုံကြည်ကြသည်။

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ အားပေးထောက်ပံ့မှုနှင့်အတူ အမေရိကန်အစိုးရက အီရတ်အပေါ် ၁၂ နှစ်ကြာ အရေးယူပိတ်ဆို့မှုနှင့် အခြားဖိအားများမှာ ကုလသ တောင်းဆိုထားမှုအပေါ် ဆက်ဒမ်၏ ခုခံနိုင်စွမ်းအား ရပ်တန့်မသွားစေခဲ့ဟု တိုက်တွန်းခဲ့ကြသည်။ ထို့ကြောင့် အီရတ်အား အင်အားသုံး တိုက်ခိုက်မှသာလျှင် ပြောင်းလဲမှု ဖြစ်လာမည်ဟု ဆိုခဲ့ကြသည်။ ပင်လယ်ကွေ့စစ်ပွဲကဲ့သို့င် အီရတ်သို့ တိုက်ခိုက်ရာတွင်လည်း ကုလ၏ ပါဝင်မှုနှင့် အတည်ပြုချက်ကို မယူဘဲ စစ်ပွဲ ဆင်နွှဲမည်ဟု အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့သည်။

အမေရိကန်သမ္မတဘုရှ်က ကုလသမဂ္ဂအား ဆက်ဒမ်ဟူစိန်ကို အင်အားအပြည့်သုံး၍ ဖယ်ရှားလျှင်ဖယ်ရှား၊ မဖယ်ရှားလျှင် အသုံးမဝင်သော အဖွဲ့တစ်ခုအဖြစ် သတ်မှတ်ကြောင်း စိန်ခေါ် ပြောဆိုလာသည်။ ကုလ၏ သြဇာနှင့် လွှမ်းမိုးမှုမှာလည်း ပထမဦးဆုံးအကြိမ် အစမ်းသပ်ခံခဲ့ရသည်။ ၂၀၀၃ ခုနှစ်၊ မတ်လ ၂၀ ရက် အီရတ်သို့ အမေရိကန်တို့ ဝင်ရောက်မတိုက်ခိုက်သေးခင် လအနည်းငယ်အထိ ကုလသမဂ္ဂတွင် ဆွေးနွေးမှု၊ ငြင်းခုံမှုနှင့် စေ့စပ်ညှိနှိုင်းမှု အများအပြား ဖြစ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်နှင့် ဗြိတိန် တိုက်ခိုက်ရေးတပ်များသည် စစ်ပွဲဝင်ဆင်နွှဲရန် အင်အားအလုံးအရင်းနှင့် အရှေ့အလယ်ပိုင်း (ဆော်ဒီအာရေးဗီးယား၊ ကူဝိတ်နှင့် ကာတာ)နိုင်ငံများသို့ စတင်ချီတက်ခဲ့ကြသည်၊ ထို့ပြင် အမေရိကန်နှင့် ဗြိတိန်တို့သည် ပုံမှန်လုပ်ဆောင်လျက် ရှိသော

မပျံ့သန်းရဇုံအတွင်းရှိ အီရတ်စစ်ဘက်ဌာနနှင့် သတင်းဆက်သွယ်ရေးပစ်မှတ်များကိုလည်း ဗုံးကြဲစီး နင်းတိုက်ခိုက်မှုများ တိုးမြှင့်ခဲ့သည်။ ယင်းအနေအထားတွင် ကုလသမဂ္ဂနှင့် ကမ္ဘာ့အစိုးရအများစုက စစ်ပွဲကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြသည်။

အရှေ့အလယ်ပိုင်းရှိ အီရတ်၏အိမ်နီးချင်းအာရပ်/မွတ်စလင်နိုင်ငံများ၌ ပင်လျှင် အီရတ်အား စစ်ပွဲဆင်နွှဲရန် မထောက်ခံကြပေ။အခြေအနေမှာဗီယက် နမ်စစ်ပွဲကာလနောက်ပိုင်း ကမ္ဘာ့တစ်ဝန်း အကြီးမားဆုံး စစ်ဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ရသည့်အထိ ဖြစ်လာခဲ့သည်။

ကျွန်ုပ်တို့သည် ဆောင်ရွက်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် ကုလသမဂ္ဂ၏ ထောက်ခံ-မှုကို မရယူဘဲ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သူ့ခွင့်ပြု ချက်မှ ရယူရန် မလိုအပ်ပါ။



*Protests against the US invasion of Iraq happened around the world*

**စစ်ပွဲနှင့် အကျိုးဆက်များ**

အမေရိကန်အစိုးရသည် ပင်လယ်ကွေ့စစ်ပွဲတုန်းကကဲ့သို့ပင် စစ်ပွဲအဆုံးတွင် ငြိမ်းချမ်းသော စစ်ပြေငြိမ်းမှုတစ်ခုအတွက် အချိန်ကြာကြာ မစောင့်ဆိုင်းခဲ့ပေ။ ကုလသမဂ္ဂ၏ ပြောင်ပြောင်တင်းတင်း ဆန့်ကျင်တားဆီးမှု၊ နိုင်ငံတကာမှပြည်သူများအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုဆင့်ကျင်မှုကြားက ဗြိတိန်၊ ဩစတြေးလျ၊ စပိန် (မဟာမိတ်အဖြစ် သိထားသည့်နိုင်ငံ)တို့နှင့်အတူ အမေရိကန်သည် အီရတ်အား တိုက်ခိုက်၊ ကျူးကျော်ခဲ့ပြီးနောက်ဆုံးတွင် သိမ်းပိုက်ရယူခဲ့သည်။ ယခုတစ်ကြိမ်တွင်လည်း လေ့ကျင့်မှုနှင့် လက်နက်ကိရိယာ ချို့တဲ့သော အီရတ်စစ်ပွဲမှာ သမိုင်းတွင် အင်အားအကြီးဆုံး စစ်-တပ်၏ အလွယ်တကူ အနိုင်ယူခြင်းကို ခံခဲ့ရပြန်သည်။ ယခုတစ်ကြိမ်တွင် အမေရိကန် ဦးဆောင်သော တပ်များသည် အီရတ်နိုင်ငံ ၄င်းတို့ ထိန်းချုပ်မှုအောက် ရောက်သည်အထိ တိုက်ခိုက်မှုများကို မရပ်တန့်ခဲ့ပေ။ တိုက်ခိုက်မှုအစပိုင်း၌ပင် ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ များပြားခဲ့သည်။ စစ်ပွဲ ပထမလ=ပင်လျှင် အပြစ်မဲ့ အီရတ်ပြည်သူ (၃၀၀၀)ကျော် သေဆုံးခဲ့ရသည်။ အရပ်သားသေဆုံးမှု အရေအတွက်မှာ တစ်စတစ်စ မြင့်တက်လာခဲ့သည်။ အီရတ်အခြေခံအဆောက်အဦများ ပျက်စီးမှု၊ သိမ်းပိုက်ထားသော တပ်ဖွဲ့များနှင့် အီရတ်ခုခံရေးတပ်ဖွဲ့များကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေမှုက အီရတ်အား ဖရိုဖရဲဖြစ်နေသော နိုင်ငံတော်ကြီး ဖြစ်စေခဲ့သည်။



US soldiers fighting an urban guerilla war




Many Iraqis prefer control of their own country

## အီရတ်စစ်ပွဲနောက်ဆက်တွဲ

၂၀၀၃ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် သမ္မတဘုရှ်က အီရတ်အား စစ်ရေးအရ အရေးယူမှု ပြီးဆုံးပြီး အောင်နိုင်ခဲ့ပြီဟု ကြေညာခဲ့သည်။ စစ်ပွဲဖြစ်ပြီး တစ်နှစ်အကြာတွင် အီရတ်ပြည်သူ ၁၀၀၀၀ ကျော်၊ ထောင်ပေါင်းများစွာသော အီရတ်စစ်သားများ၊အမေရိကန်တပ်ဖွဲ့ဝင်၁၀၀၀နှင့် မဟာမိတ်တပ်သား ၇၀၀ ကျော် (စစ်ပွဲအောင်နိုင်ကြောင်း သမ္မတဘုရှ် ကြေညာချိန်အထိ) တို့ သေဆုံးခဲ့ရသည်။ အမေရိကန်လက်နက်စစ်ဆေးရေးအရာရှိများ၏ သတိအရှိဆုံးနှင့် ပြီးပြည့်စုံသည့် ရှာဖွေမှုများ ပြီးဆုံးသွားခဲ့သော်လည်း အီရတ်တွင် အစုလိုက်အပြုံလိုက် လက်နက်ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍ တစ်စုံတရာ အထောက်အထား မတွေ့ခဲ့ရပေ။

အမေရိကန်နှင့် ဗြိတိန်အစိုးရတို့သည် စစ်ပွဲမတိုင်မီထောက်လှမ်းရေးအကြောင်း အထူးစုံစမ်းသည့်အခါ သိရှိလာရသည်မှာ အီရတ်ခြိမ်းခြောက်မှုများသည် ချဲ့ကားထားခြင်းသာ ဖြစ်ပြီး နိုင်ငံရေးသမားများက ၎င်းတို့ အနေအထားကို ထိန်းညှိရန်အတွက် စုံစမ်းရရှိချက်များကို ရွေးချယ်အသုံးချခဲ့ကြောင်း (အချက်အလက်အားလုံးကို အသုံးမချဘဲ ၎င်းတို့ လိုအပ်သည့် အစိတ်အပိုင်းများကိုသာ အသုံးချကြောင်း) သိရှိလာရသည်။ ဆက်ဒမ်ဟူစိန်သည် အရှင်ဖမ်းဆီးခံခဲ့ရပြီး အမေရိကန်တို့၏ ထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များသည် အီရတ်ခုခံရေးတပ်ဖွဲ့များ အား ပြောက်ကျားပုံစံ စစ်ပွဲဆင်နွှဲပြီး တိုက်ခိုက်ခဲ့သည်။

စစ်ပွဲမတိုင်ခင်က အီရတ်တွင် နိုင်ငံတကာမှ အကြမ်းဖက်အဖွဲ့များ ရှိနေသည်ဟု အထောက်အထား အနည်းငယ် ရရှိထားခဲ့သော်လည်း ယခုအနေအထားတွင် အကြမ်းဖမ်တိုက်ခိုက်ရေးသမားများ က ကျူးကျော်လာသူများကို တွန်းလှန်တိုက်ထုတ်ရန် ဆွဲဆောင်မှု ဖြစ်နေခဲ့သည်။ အီရတ်သည်လည်း အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများ၊ တင့်ကားများဖြင့် ကင်းလှည့်လည်မှု၊ လက်နက် တပ်ဆင်ထားသောစစ်ရဟတ်များလက်ဖြောင့်သေနတ်သမားများနှင့်အခြားတိုက်ခိုက် ရေးသမားတို့၏ စစ်မြေပြင်အဖြစ် ရောက်ရှိလာခဲ့သည်။ ဂျာနယ်လစ်များ၊ အကူအညီပေးရေး လုပ်သားများ၊ ပုဂ္ဂလိက ကန်ထရိုက်တာများ (အီရတ် ပြန်လည်တည်ဆောက်ရေးအတွက်)၊ အမေရိကန် လေ့ကျင့်ပေးထားသည့် လုံခြုံရေးတပ်ဖွဲ့များနှင့် အသစ်ခန့်အပ်ခံထားရသော အီရတ်နိုင်ငံရေးသမားများ စသည့်သူများမှာ ပြန်ပေးဆွဲမှု၊ အလွဲသုံးစား ပြုခံရမှုနှင့် လူသတ်သားကောင်များ ဖြစ်လာခဲ့ရသည်။

အမေရိကန်အစိုးရအနေဖြင့် အီရတ်တွင် အစိုးရသစ်တစ်ရပ် ထူထောင်ပေးရန် ကြိုးစားနေသည်။ သို့မှသာ ၎င်းတို့၏ တပ်အချို့ ပြန်လည်ဆုတ်ခွာနိုင်မည်။ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာအထိ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၀၀၀၀ ရှိနေခဲ့သည်။

အီရတ်ကို သိမ်းပိုက်ခဲ့သော အမေရိကန်အစိုးရ ရွေးချယ်တင်မြှောက်ပေးခဲ့သည့် အီရတ်ကြားဖြတ် (ယာယီ)အစိုးရမှာ ၂၀၀၄ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အာဏာလွှဲပြောင်းရယူမည်ဖြစ်သည်။ အီရတ်အစိုးရသစ်တစ်ရပ် ရှိလာသည့်တိုင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ လူအများအပြားက အစိုးရသစ်သည် အမေရိကန်၏ ထိန်းချုပ်မှု ခံနေရသဖြင့် တရားမဝင်ဟု ရှုမြင်ကြသည်။ အမေရိကန်တို့အနေဖြင့်လည်း အီရတ်မှ အလုံးစုံ ဆုတ်ခွာမည် မဟုတ်ကြောင်း ရည်ရွယ်ထားသည်ကို ရှင်းရှင်းလင်းလင်း ပြသခဲ့သည်။ အမေရိကန်စစ်တပ် ကာလကြာရှည် အီရတ်တွင် ရှိနေရေး ပြင်ဆင်ရန် စစ်ဘက်အခြေစိုက်စခန်းများကို တည်ဆောက်ခဲ့သည်။ အရှေ့အလယ်ပိုင်းတလျှောက်နှင့် အီရတ်တွင် အမေရိကန် ကျူးကျော်မှုအပေါ် ပြင်းပြင်းထန်ထန် ဆန့်ကျင်မှုများ ကြီးထွားခဲ့သည်။ အီရတ်အများစုက ဆက်ဒမ်အစိုးရ အဆုံးသတ်သွားသည်ကို မြင်ရသဖြင့် အလွန်ပျော်ရွှင်နေကြသော်လည်း လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ကျော်က အီရတ်နိုင်ငံအား ဗြိတိန်တို့ သိမ်းပိုက်ထားခဲ့မှု ရှိခဲ့သဖြင့် ယနေ့တဖန် နိုင်ငံတွင်း ပြင်ပမှ သူများ လာရောက်ပြီး ၎င်းတို့၏ ပိုင်နက်နိုင်ငံ၊ ရင်းမြစ်များနှင့် အနာဂတ်များကို ရယူမည်ကို မလိုကြပေ။

## ဖတ်ရှုနားလည်ခြင်း

**၁။** အမေရိကန် --------- အချို့သည် အဘယ့်ကြောင့် ပင်လယ်ကွေ့စစ်ပွဲရလဒ်အပေါ် ကျေနပ်မှု မရှိရသနည်း။

**၂။** ၂၀၀၂၊ ၂၀၀၃ ခုနှစ်များတွင် အမေရိကန် အီရတ်နှင့် စစ်ဖြစ်ရခြင်း အကြောင်းရင်းများမှာ အဘယ်နည်း။

**၃။** ထိုအကြောင်းပြချက်များမှာ အခြားသူများ၏ သဘောထားနှင့် ကိုက်ညီမှု ရှိပါသလား။

**၄။** ကုလသမဂ္ဂက အီရတ်အကျပ်အတည်းကို မည်သို့ ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သနည်း။

**၅။** ကုလသမဂ္ဂသည် အီရတ်တွင်ဖြစ်သော စစ်ပွဲကို တားဆီးနိုင်ခဲ့ပါသလား။ တားဆီးနိုင်ခဲ့သည်ဆိုလျှင် အဘယ့်ကြောင့်နည်း။ မတားဆီးနိုင်ခဲ့လျှင်လည်း အကြောင်းပြချက်ပေးပါ။

**၆။** အီရတ်အပေါ် အမေရိကန်၏ လုပ်ဆောင်မှုများ (၂၀၀၃)ကို ကမ္ဘာတစ်ဝှမ်းက ထောက်ခံခဲ့ကြပါသလား။

**၇။** 'အီရတ်ခြိမ်းခြောက်မှု' ကို အကြောင်းပြ၍ အမေရိကန် တိုက်ခိုက်ခြင်းပြီးသည့် နောက်ပိုင်း မည်သည်များကို သိရှိခဲ့ရသနည်း။

## ငြင်းခုံခြင်း

အမေရိကန်အစိုးရဘက် သို့မဟုတ် ကုလသမဂ္ဂဘက် တစ် ဖက်ဖက်မှ ရပ်တည်ရန် ရွေးချယ်ပါ။ အီရတ်တွင် ဖြစ်ပွားသော စစ်ပွဲအကြောင်း ငြင်းခုံကြပါ။ စစ်ပွဲဖြစ်ပွားရသည့် အကြောင်းရင်းများမှာ အဘယ်နည်း။ မည်သည်များ ဆုံးရှုံးခဲ့သနည်း။ ရလဒ်များမှာ အဘယ်နည်း။ လက်ရှိအခြေအနေမှာ အဘယ်နည်း။ ထိုသို့ဖြစ်ရခြင်းမှာ ထိုက်တန်ပါသလား။

## ၃။ အကြမ်းဖက်မှုအပေါ် ဖြစ်ပွားသော စစ်ပွဲ (The War on Terror)






**ဤသင်ခန်းစာ ပြီးဆုံးလျှင်**

-အကြမ်းဖက်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုတတ်လာမည်။

-အဘယ့်ကြောင့် လူများ အကြမ်းဖက်ခြင်းကို ကျင့်သုံးကြသည်ကို ဆွေးနွေးတတ်လာမည်။

-**'အကြမ်းဖက်ခြင်းကြောင့်စစ်ဖြစ်ခြင်း'**နောက်ပိုင်း ဒီမိုကရက်တစ်နိုင်ငံများ မည်သို့ပြောင်းလဲလာသည်ကို စာရင်းပြုစုတတ်လာမည်။

-**'အကြမ်းဖက်ခြင်းကြောင့် စစ်ဖြင်ခြင်း'**၏ ယူအန်နှင့် နိုင်ငံတကာဥပဒေအပေါ် မည်သို့အကျိုးသက်ရောက်သည်ကို ရှင်းပြတတ်လာမည်။

-အကြမ်းဖက်ခြင်းကို နှိမ်နင်းရန် ဆောင်ရွက်သည့် လတ်တလော လှုပ်ရှားမှုများ၏ ရလ္လဒ်အချို့အကြောင်း ဆွေးနွေးတတ်လာမည်။

## ဆွေးနွေးအဖြေရှာခြင်း

**'အကြမ်းဖက်ခြင်း'**ဆိုသည်မှာ အဘယ်နည်း။ လတ်တလော အကြမ်းဖက်ခြင်း၏ ဥပမာများကိုဖော်ပြပါ။

**အဓိကစကားလုံးများ**

| |
|---|
| ယာဉ်များ ပြန်ပေးဆွဲခြင်း (hijacking) |
| ဓားစာခံ (hostage) |
| တစ်ခုခုလုပ်ရန် တွန်းအား (inspiration) |
| အဖျက်အမှောင့်လုပ်ငန်း (sabotage) |
| နည်းဗျူဟာ (tactic) |

## ၃. ၁ အကြမ်းဖက်ဝါဒအပေါ် အဓိပ္ပာယ်သတ်မှတ်ချက်အချို့

အကြမ်းဖက်ဝါဒသည် ရှည်လျားသောသမိုင်း ရှိခဲ့သည်။နှစ်ပေါင်းထောင်ချီကာလက ပင်နိုင်ငံရေး၊ ဘာသာရေး အကြောင်းပြချက်များအတွက် လူတစ်ဦးချင်းအလိုက်၊အုပ်စုအလိုက် နှင့် နိုင်ငံတော်အသီးသီးအလိုက် အကြမ်းဖက်မှုများကို အသုံးပြုခဲ့ကြသည်။ အသိသာထင်ရှားဆုံး အကြမ်းဖက်မှုပုံစံများမှာ လုပ်ကြံသတ်ဖြတ်မှုများ (assassinations)၊ အဖျက်အမှောင့်လုပ်ငန်း (sabotage)၊ ပြောက်ကျားတိုက်ပွဲနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းတို့ ဖြစ်သည်။

ယနေ့ခေတ်ပေါ်အကြမ်းမှုနည်းဗျူဟာများတွင်အသေခံဗုံးခွဲခြင်း၊လေယာဉ်ပြန်ပေးဆွဲခြင်း နှင့် ဇီဝနည်းဖြင့်စစ်ပွဲခြင်းတို့ ပါဝင်လာသည်။ အကြမ်းဖက်ဝါဒသည် ရှေးကျသော သမားရိုးကျ ထုံးတမ်းစဉ်လာ စစ်ပွဲကဲ့သို့ပင် သိရှိထားရန် အရေးကြီးပေသည်။

| |
|---|
| အကြမ်းဖက်မှု (terrorism) နှင့် အခြား အကြမ်းဖက်မှုများ (violence) ကြား ကွာခြားချက်မှာ အကြမ်းဖက်မှု (terrorism) တွင် လူထုကို ဆွဲဆောင်နိုင်သည့်၊ လူများအား အလန့်တကြား ဖြစ် စေနိုင်သည့် ပြဇာတ်ဆန်ဆန် လုပ်ဆောင်မှုများ ပါဝင်သည်။ အကြမ်းဖက်မှု (terrorism) သည် ပြဇာတ်ပင် ဖြစ်သည်။ |

**ခရစ်ယာန် သိပ္ပံစောင့်ကြည့်ရေး**

| |
|---|
| တရားမဝင် အကြမ်းဖက်မှုများ အသုံးချခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံရေး၊ ဘာသာရေး သို့မဟုတ် အတွေးအခေါ်ရေးရာ ရည်မှန်းချက်တစ်ခုခုဖြင့် အစိုးရ သို့မဟုတ် လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်ရန်နှင့် လွှမ်းမိုးရန် အကြောက်တရားများ ဖန်တီးခြင်း ဖြစ်သည်။ |

**အမေရိကန် ကာကွယ်ရေး ဌာန**

| |
|---|
| အကြမ်းဖက်ခြင်းမှာ လူအများ သံချပ်ကာအင်္ကျီများ မဝတ်ဘဲ F-၁၆ များ မကိုင်ဆောင်ဘဲ တိုက်ပွဲဝင်ခြင်းသာ ဖြစ်သည်။ |

**ဝီလီယမ်ပက်ဖ် (နိုင်ငံတကာ သတင်းစာဆရာ)**

အခြားသူက ဒါမျိုးလုပ်ရင် အကြမ်းဖက်တယ်လို့ခေါ်တယ်။ ကျွန်တော်တို့လုပ်ရင်တော့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေခြင်းပေါ့။

**အန်သိုနီကွိုင်တန် (နီကာရာဂွာ၏အမေရိကန်သံအမတ်ဟောင်း)**

**လေ့ကျင့်ခန်း**

**သက်ဆိုင်ရာ အကြမ်းဖက်မှု ဥပမာများကို ညာဘက်တွေ ပေးထားသော နည်းဗျူဟာများနှင့် ယှဉ်တွဲပါ။**

**ယာဉ်များ ပြန်ပေးဆွဲခြင်း**
**အသေခံပုံးခွဲခြင်း**
**အဖျက်အမှောင့်လုပ်ငန်းများ**
**ဓားစာခံထားခြင်း**
**လုပ်ကြံသတ်ဖြတ်မှု**
**ဇီဝတိုက်ခိုက်မှု**

- အာမက်စ်ခေါင်းဆောင်သည် အနီးရှိ နာဘာလပ်စ်မြို့ ခရီးသွားနေစဉ် အစ္စရေးတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။
- သူပုန်များက အီရတ်ရေနံပိုက်လိုင်းများကို ဖျက်ဆီးခဲ့သည်။
- သေစေနိုင်သော အန်သရက်စ်ပိုးမွှားကို စာအိတ်များဖြင့် ထည့်၍ နိုင်ငံရေးသမားများသို့ ပေးပို့သည်။
- ဘော့စနီးယားခွဲထွက်ရေးသမားနှစ်ယောက်သည် ဗြိတိသျှလေကြောင်းလိုင်းကို မူလခရီးစဉ်ဖြစ်သည့် အန်ကာရာကို မမောင်းနှင်စေဘဲ ဆိုက်ပရပ်စ်သို့ မောင်းနှင်ခိုင်းသည်။
- ပေါက်ကွဲစေသော ပစ္စည်းများ ထည့်ထားသည့် ကားတစ်စီး အမေရိကန်သံရုံးကို ဝင်တိုက်ခြင်းကြောင့်
- ကားမောင်းသမား အပါအဝင် လူ ခြောက်ဦး သေဆုံးခဲ့သည်။
- ကိုရီးယားတပ်အားလုံး အီရတ်မှ ထွက်ခွာလျှင် ထွက်ခွာ၊ မထွက်ခွာလျှင် ဖမ်းထားသော ကိုရီးယားအရာရှိများကို သတ်ပစ်မည်ဟု အဖွဲ့တစ်ဖွဲ့က တောင်းဆိုသည်။

## ၃. ၂ အကြမ်းဖက်ဝါဒနှင့် အမျိုးသားရေးဝါဒ (နိုင်ငံချစ်စိတ်ဓာတ်) အကြမ်းဖမ်ဝါဒ အဘယ့်ကြောင့် ရှိရသနည်း။

**ကြိုတင်လေ့လာခြင်း**

**၁။** သင်သိသော အကြမ်းဖက်မှု ဥပမာများကို ပြောပြပါ။ ထိုသို့ အကြမ်းဖက်ရခြင်း၏ ရည်ရွယ်ချက်များမှာ အဘယ်နည်း။

**၂။** အကြမ်းဖက်ဝါဒ၏ ရည်ရွယ်ချက်များကို များနိုင်သမျှ များများ ချရေးပါ။

သမိုင်းတစ်လျှောက် အကြမ်းဖက်ဝါဒ လုပ်ဆောင်မှုများအတွက် ဘာသာရေးနှင့် နိုင်ငံရေးသည် အဓိက အားပေးလှုံ့ဆော်မှုများ ဖြစ်ခဲ့သည်။ အကြမ်းဖက်ဝါဒသည် မျိုးချစ်စိတ်ဓာတ်ရှိသူအုပ်စုများ ကိုလိုနီအုပ်ချုပ်မှုကို အဆုံးသတ်ရန် ကြိုးစားရာ၌ လူကြိုက်များသော နည်းလမ်းတစ်ခု ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကတည်းက နိုင်ငံချစ်၊ မျိုးချစ်အုပ်စုများသည် အကြမ်းဖက်ဝါဒကို အသုံးပြုခဲ့သည့်

သာဓကများ ရှိခဲ့မှုတွင် အောက်ပါအဖွဲ့များ ပါဝင်ခဲ့သည်။

- အိုင်းရစ် ရစ်ပဗ္ဗလစ်ကန်တပ်မတော် (IRA) - အိုင်ယာလန်
- အာဂန် (Irgun) - အစ္စရေး
- Mau Mau - ကင်ညာ
- ETA - (စပိန်)
- အာဖရိကန် မျိုးချစ် ကွန်ဂရက် (ANC) - တောင်အမေရိက
- တမီးလ်ကျားများ (သီရိလင်္ကာ)
- ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (PLO) - ပါလက်စတိုင်း/အစ္စရေး
- ဗီယက်ကွန်း (ဗီယက်နမ်)

အထက်ဖော်ပြပါအုပ်စုများမှ အများစုသည် သူတို့ တိတိကျကျ အလိုရှိရာ အောင်မြင်မှု-ကို အမှန်အကန် ရယူအောင်မြင်နိုင်ခဲ့ကြသည်။ ၎င်းတို့သည် ၎င်းတို့နိုင်ငံတွင်း ကိုလိုနီပြုတပ်များကို ဖယ်ရှားပစ်နိုင်ခဲ့ကြသည်။

- အာဂန် (Irgun) အဖွဲ့သည် ပါလက်စတိုင်းတွင် ဗြိတိန်တို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပြီး နောက်ပိုင်း ယင်း၏အဖွဲ့ဝင်အများစုမှာ အစ္စရေးအာဏာရပါတီတွင် ပါဝင်လာခဲ့ကြသည်။
- Mau Mau ခုခံရေးအဖွဲ့သည် အရှေ့အာဖရိက ကင်ညာမှ ထွက်ခွာသွားနိုင်ရန် စည်းရုံးရာ=အကူအညီပေးခဲ့ကြသည်။
- ဗီယက်ကွန်း (Viet Cong) တို့မှာလည်း ပထမဆုံး ပြင်သစ်တို့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ပြီးနောက်ပိုင်း အမေရိကန်တို့ကိုပါ ဗီယက်နမ်မြေမှ တိုက်ထုတ်ပစ်ခဲ့သည်။
- ANC သည်လည်း အသားအရောင်ခွဲခြားမှု လူမျိုးရေးစနစ်ကို ဖယ်ရှားပစ်ရန်နှင့် တောင်အာဖရိကတွင် အုပ်ချုပ်နေသော လူနည်းစု လူဖြူအစိုးရကို နှစ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ရသည်။

လူတစ်ဦးချင်းတွင် အများစုက အကြမ်းဖက်သူအများစုသည် တိုင်းပြည်ခေါင်းဆောင်များ ဖြစ်လာကြသည်ဟု စွပ်စွဲခဲ့ကြသည်။ အစ္စရေးဝန်ကြီးချုပ်ဟောင်း ရစ်ဇက်ခ်ရှာမာ၊ ရှီမွန်ပီးယက်စ်၊ ရစ်ဇက်ခ်ရာဘင်နှင့် မီနာချင်မ်တို့အားလုံးမှာ အမြဲတမ်းဖက်အုပ်စုများနှင့် ဆက်နွယ်ခဲ့ကြသူများအဖြစ် စွပ်စွဲခံခဲ့ရသည်။ တောင်အာဖရိက သမ္မတဟောင်း နယ်လ်ဆွန်မန်ဒဲလားမှာ အကြမ်းဖက်ဝါဒအတွက် နှစ်ပေါင်း ၂၆ နှစ်ကြာ ထောင်သွင်း အကျဉ်းချခံခဲ့ရပြီး နောက်ပိုင်း သမ္မတဖြစ်လာခဲ့သည်။ အထက်ဖော်ပြပါ အောင်မြင်သော အကြမ်းဖက်သမားများထဲမှ (၄) ဦးမှာ နောက်ဆုံး လေးစားခံရသော ကမ္ဘာ့ခေါင်းဆောင်များ ဖြစ်လာပြီးနောက် ငြိမ်းချမ်းရေးနိုဘယ်ဆုများပင် ချီးမြှင့်ခြင်း ခံခဲ့ရသည်။


*Jomo Kenyatta*


*Nelson Mandela*


*Yasser Arafat*


*Menachim Begin*

အသားအရောင်ခွဲခြားခြင်း (Apartheid) သည် ဒတ်ချ်စကားလုံး ဖြစ်ပြီး ခွဲခြားခြင်း (seperate) မှ လာခြင်း ဖြစ်သည်။ လူမျိုးရေးခွဲခြားမှုသည် မတူညီသော လူမျိုးစုများတွင် မတူညီ-သော အခွင့်အရးများ ရှိနေသည့် တောင်အာဖရိကရှိ လူမှုစနစ်တစ်ခု ဖြစ်သည်။ လူမည်းများသည် လူဖြူများကဲ့သို့ တန်းတူအခွင့်အရေး မခံစားကြရပေ။

## ဖတ်ရှုနားလည်ခြင်း

**အကြမ်းဖက်ခြင်းသည် အောင်မြင်သော နည်းဗျူဟာတစ်ခု ဖြစ်ပါသလား။ အကြောင်းပြချက်ပေး၍ ဖြေဆိုပါ။**

## စူးစမ်းရှာဖွေခြင်း

**အကြမ်းဖက်သမားဟောင်းများအနက်မှ ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရခဲ့သူ လေးဦးကို ရှာဖွေကြည့်ပါ။**

## ၃.၃ စက်တင်ဘာ ၁၁

**အဓိကစကားလုံးများ**

| |
|---|
| စွပ်စွဲခံရသည် (alleged) |
| အကြံအစည် (plot) |
| ကြားဝင်စွက်ဖက်သည် (disrupt) |
| သံသယရှိခံရသူ (suspect) |
| သက်သေအထောက်အထား (evidence) |

## ကြိုတင်လေ့လာခြင်း

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ တွင် မည်သည့်အဖြစ်အပျက် ဖြစ်ပျက်ခဲ့သနည်း။
ဖြစ်ပျက်ရခြင်း အကြောင်းရင်းများကို ဖော်ပြပါ။
ဤအကြမ်းဖက်တိုက်ခိုက်မှု ကမ္ဘာတစ်လွှားရှိ လူများက မည်သို့ တုံ့ပြန်ခဲ့ကြသနည်း။

လက်ရှိ အကြမ်းဖက်မှုစစ်ပွဲ (War on Terror) ကို နယူးယောက်မြို့နှင့် ဝါရှင်တန်တို့တွင် ၂၀၀၁ခုနှစ်၊ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားပြီးနောက် သမ္မတဘုရှ်က ကြေညာခဲ့ခြင်း ဖြစ်သည်။ ယင်းတိုက်ခိုက်ခံရသည့်နေ့တွင် လူပေါင်း (၃၀၀၀) ခန့် သေဆုံးခဲ့သည်။ တိုက်ခိုက်မှု-အပေါ် ကမ္ဘာတစ်ဝန်း တုံ့ပြန်မှုများက ရောပြွန်းနေခဲ့သည်။ တချို့လူများက ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ပူဆွေးသောကဖြစ်ခြင်းအပြင် အမေရိကန်နိုင်ငံနှင့် လူမျိုးများအား ထောက်ခံအား ပေးခြင်းများဖြင့် တုံ့ပြန်ကြသည်။ တချို့ကလည်း ယခုအဖြစ်အပျက်မှာ အခြား ကမ္ဘာ့နိုင်ငံများတွင်

အခြားသူများ နေစဉ်ဖြစ်ပျက်ကြုံတွေ့ရသကဲ့သို့ပင် အထူးတလည် ထူးခြားမှု မရှိဟု တွေးထင်ခဲ့ကြသည်။ တချို့က ယခုအဖြစ်အပျက်သည် အမေရိကန်နှင့် နိုင်ငံသားများအတွက် ထိုက်တန်သည်ဟု ဆိုကြသည်။ အလားတူပင် မကြာခင် သမိုင်းမှတ်တမ်းများ၌လည်း ကမ္ဘာအရပ်ဒေသများတွင် အကြမ်းဖက်မှုစစ်ပွဲများ ဖြစ်ပွားခဲ့သည်။ စက်တင်ဘာ ၁၁ တိုက်ခိုက်ခံရမှုမတိုင်ခင် ရုရှား၊ ပြင်သစ်၊ ဗြိတိန်၊ အစ္စရေး၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ စပိန်၊ လက်ဘနွန်ကဲ့သို့ နိုင်ငံများသည် အကြမ်းဖက်မှု တိုက်ခိုက်ခြင်းများကို နှစ်နှင့်ချီ၍ တိုက်ခိုက်နေကြရသည်။ စက်တင်ဘာ ၁၁ တိုက်ခိုက်မှု တစ်ခုတည်းအတွက်ဆိုလျှင် တိုက်ခိုက်မှုများထဲတွင် သေဆုံးသူအရေအတွက် အမြင့်ဆုံး ဖြစ်ခဲ့သော်လည်း အထက်ပါနိုင်ငံများတွင် တစ်နိုင်ငံချင်းစီ၌ စက်တင်ဘာ ၁၁ တိုက်ခိုက်ခံရမှုတွင်ထက် သေဆုံးရသည့် အရေအတွက်များပြားခဲ့ကြသည်။ အမှန်တကယ်တွင် အမေရိကန်သည် အကြမ်းဖက်ဝါဒနှင့် ပတ်သက်ပြီး အခြားသော ကမ္ဘာ့အရပ်ဒေသများထက် အတွေ့အကြုံ ပိုနည်းသည်။



*Hitting the symbol of US economic power, The Twin Towers, was the start of the War on Terror*

အမေရိကန်တွင် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး သာဓကဖြစ်စဉ်များမှာ ၁၉၉၄ ခုနှစ်က နယူးယောက်ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ (WTC) နှင့်အိုကလာဟိုးမားမြို့တို့တွင် ဗုံးခွဲတိုက်ခိုက်ခံရခြင်း ဖြစ်သည်။ ထို့ပြင် အခြား အကြမ်းဖမ်တိုက်ခိုက်မှုဖြစ်စဉ်အနည်းငယ်လည်း ရှိခဲ့သည်။ ယင်းဖြစ်ရပ်များကြောင့် အမေရိကန်အစိုးရနှင့် ပြည်သူများမှာ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုတို့တွင် အလွန် ထိတ်လန့်သွားခဲ့ကြသည်။ အမေရိကန်သည် စက်တင်ဘာ ၁၁ တိုက်ခိုက်ခံရမှုအပေါ် အခြားကမ္ဘာ့ဒေသတွင် အကြမ်းဖက်တိုက်ခိုက်ခံရမှု တုံ့ပြန်မှုများထက် ထူးခြားသော တုံ့ပြန်မှုကို တုံ့ပြန်ခဲ့သည်။

## ငြင်းခုံခြင်း

**'စက်တင်ဘာ ၁၁'** အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် ပြည်သူများအား မသနားသင့်ပါ။ အကြောင်းမှု အခြားနိုင်ငံများသည် ၎င်းတို့ထက် အဆပေါင်းများစွာ ခံခဲ့ကြရပြီး ဖြစ်သည်။'ဆိုသော အဆိုပြုချက်ကို သင် ထောက်ခံပါသလား။ ကန့်ကွက်ပါသလား။

## တုံ့ပြန်မှု

## ကြိုး၍လေ့လာခြင်း

**စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်မှုကို အမေရိကန်က မည်သို့ တုံ့ပြန်ခဲ့သည်ကို သင်သိပါသလား။**

စက်တင်ဘာ ၁၁ တိုက်ခိုက်ခံရပြီးပြီးချင်း အမေရိက ပြင်းထန်သော တုံ့ပြန်မှုတစ်ခုကို စတင်ခဲ့သည်။ နှစ်ပေါင်းများစွာကပင် သိထားကြသည်မှာ မတူညီသော အကြမ်းဖက်အုပ်စုများသည် အမေရိကန်ပစ်မှတ်များကို တစ်ခုခု လုပ်ဆောင်ရန် စီစဉ်နေခဲ့ကြသည်။ ဆော်ဒီနိုင်ငံဖွား အိုစမာဘင်လာဒင်သည် အမေရိကန်ကို ဆန့်ကျင်ပြီး အကြမ်းဖက်လှုပ်ရှားမှုများကို စည်းရုံးနေသူအဖြစ် ထင်ရှားအောင် ပြသလာခဲ့သည်။ ဘင်လာဒင်သည် အမေရိကန်ဆန့်ကျင်မှုလုပ်ပြီး အောက်ပါ အကြမ်းဖက်လုပ်ဆောင်မှုများတွင် ပါဝင်ခဲ့သူအဖြစ် စွပ်စွဲခံထားရသူ ဖြစ်သည်။

- ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာန (WTC) အား ၁၉၉၃ ခုနှစ်တွင် ဗုံးခွဲတိုက်ခိုက်မှု
- အရှေ့အာဖရိကရှိ အမေရိကန်သံရုံးများ ၁၉၉၈ ခုနှစ်တွင် ဗုံးခွဲတိုက်ခိုက်မှု
- အမေရိကန်ရေတပ်သင်္ဘော USS Cole အား ယီမင်နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်က ဗုံးခွဲတိုက်ခိုက်မှု

ဘင်လာဒင်သည် သိသာထင်ရှားသော သံသယဖြစ်ခံရသူ ဖြစ်ခဲ့သည်။ ဘင်လာဒင်နှင့် အကြမ်းဖက်တိုက်ခိုက်မှုကွန်ယက် (အယ်လ်ကိုင်းဒါးအဖွဲ့)သူအများပြားသည် အာဖဂန်ရှိ အစိုးရ၏ ဧည့်သည်တော်များအဖြစ် အာဖဂန်တွင် အခြေစိုက်ခဲ့ကြသည်။

**တရားမျှတမှု ရှာဖွေခြင်း**

စက်တင်ဘာ (၁၁) တိုက်ခိုက်ခံရမှုပြီးနောက် ချက်ချင်းဆိုသလို အာဖဂန်နစ္စတန်အား တိုက်ခိုက်မှု လုပ်ဆောင်ရန် ပြင်ဆင်မှုများ အမေရိကန် စတင်ခဲ့သည်။ ယင်းအတောအတွင်း တရားမျှတမှုနှင့် ရင်ဆိုင်ရန် ဘယ်လာဒင်အား လွှဲပြောင်းပေးရန် တာလီဘန်တို့အား အမေရိကန် တောင်းဆိုခဲ့သည်။ တာလီဘန်တို့က ဘင်လာဒင်အပေါ် ရာဇဝတ်မှု စွပ်စွဲထားခြင်းအတွက် အထောက်အထားပေးနိုင်ပါက ပူးပေါင်းဆောင်ရွက်သွားမည်ဟု တုံ့ပြန်မှု ပေးခဲ့သည်။ အမေရိကန်တို့က ယင်းတုံ့ပြန်မှုအား ငြင်းဆိုခဲ့ပြီး ထပ်ခါထပ်ခါပင် တောင်းဆိုနေခဲ့သည်။ နောက်တစ်ဖန် တာလီဘန်တို့က ဘင်လာဒင် ရာဇဝတ်မှုများနှင့် စွပ်စွဲထားမှုအား မျှတသော တရားရင်ဆိုင်မှု ရရှိနိုင်သည့် တတိယနိုင်ငံတစ်ခုသို့ ကမ်းလှမ်းမှုကိုလည်း အမေရိကန်တို့က ငြင်းဆန်ခဲ့သည်။

**ဆွေးနွေးခြင်း**

စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်ခံရအပြီး အဘယ့်ကြောင့် အမေရိကန်က အာဖဂန်နစ္စတန်ကို ဝင်ရောက် တိုက်ခိုက်ခဲ့သနည်း။

**အလှည့်ကျကစားခြင်း**

အမေရိကန်အစိုးရက တာလီဘန်များကို အိုစမာဘင်လာဒင်အား ပေးအပ်စေလိုသည်။ တာလီဘန်များက ဤအကြမ်းဖက်မှုကို အိုစမာဘင်လာဒင် လုပ်ဆောင်သည်ဆိုသော သက်သေအထောက်အထားအား တောင်းသည်။အမေရိကန်အစိုးရကသက်သေပြရန်ငြင်းဆိုခဲ့သည်။ နောက်ထပ်ဘာဆက်ဖြစ် ကြ သနည်း။ တစ်ဖက်နှင့်တစ်ဖက် မည်သို့ အငြင်းပွားကြသည်ဟု သင်ထင်သနည်း။ အလှည့်ကျ ကစားပါ။

**သံသယရှိခံရသူများ** (The Suspects)

အိုစမာဘင်လာဒင်နှင့် အမေရိကန်အစိုးရတို့သည် ၎င်းတို့ကြား ဆက်ဆံရေးကို အာဖဂန်-ဆိုဗီယက်စစ်ပွဲ (၁၉၇၉-၁၉၈၇)အတွင်းက စတင်ခဲ့ကြသည်။ အိုစမာသည် အာဖဂန်မှ ဆိုဗီယက်တို့ကို ဖယ်ရှားပစ်ရန် ကြိုးပမ်းနေသော အတိုက်အခံအုပ်စု အများအပြား (သို့) မူဂျာဟီဒင်အဖွဲ့မှ အဖွဲ့ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အမေရိကန် ထောက်လှမ်းရေးအဖွဲ့ (CIA) က ယင်းအဖွဲ့များကို ငွေကြေး၊ ပစ္စည်းကိရိယာနှင့် အထောက်အပံ့များ ပေးခဲ့သည်။ ပင်လယ်ကွေ့စစ်ပြီး နောက်ပိုင်းတွင် မွေးဇာတိ ဆော်ဒီအာရေဗီးယားတွင် အမေရိကန်စစ်သားများ အမြဲတမ်း အခြေချ ရှိလာခြင်းအပေါ် ဘင်လာဒင် လွန်စွာဒေါသထွက်ခဲ့သည်။ ပါလက်စတိုင်းနိုင်ငံအား အစ္စရေးတို့ သိမ်းပိုက်ရယူမှုနှင့် စစ်ပွဲဆင်နွှဲခြင်းအပေါ် အမေရိကန် ထောက်ပံ့ပေးမှုနှင့် အီရတ်အား အရေးယူ ပိတ်ဆို့မှုများ အမေရိကန် ဦးဆောင်လုပ်ဆောင်နေခြင်းကိုလည်း ဘင်လွှင်က ဆန့်ကျင်ခဲ့သည်။ ဘင်လာဒင်သည် ရေနံလုပ်ငန်များနှင့် စီးပွားရေးကောင်းသော အမေရိကန်နှင့် စီးပွားဆက်လုပ်ဆောင်နေသည့် အလွန်ချမ်းသာသော ဆော်ဒီမိသားစုမှ ပေါက်ဖွားလာသူ ဖြစ်သည်။ ဘင်လာဒင်သည် ၎င်းပိုင်ဆိုင်သော ကြီးကျယ်သည့် ငွေကြေးများကို ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်မှု လုပ်ဆောင်နေသော အဖွဲ့များ အထူးသဖြင့် အမေရိကန်နှင့် ၎င်းမူဝါဒအပေါ် တိုက်ရိုက်ဆက်နွယ်နေသူများကို ထောက်ပံ့ပေးခဲ့သည်။



*The Taliban's Mullah Omar and Osama Bin Laden were former allies of the US*

**တာလီဘန်ဆိုတာ ဘယ်သူတွေလဲ။**

တာလီဘန်ဆိုသည် တင်းကြပ်သော မွတ်စလင်ဘာသာရေးအယူဝါဒအုပ်စုတစ်စု ဖြစ်သည်။ ၎င်းတို့သည် ကာလကြာရှည် အာဖဂန်ပြည်တွင်းစစ် ပြီးဆုံးချိန် ၁၉၉၆ ခုနှစ်တွင် အာဖဂန်၌ အာဏာရလာကြသည်။ တာလီဘန်အုပ်ချုပ်မှုအောက်တွင် လွတ်လပ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကန့်သတ်မှု အများအပြား ရှိခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများစုက တာလီဘန်တိုကို ဝေဖန်ရှုတ်ချခဲ့ကြသည်။

## ဆွေးနွေးခြင်း

တစ်စုံတစ်ဦးက ပြစ်မှုကျူးလွန်လျှင် ပြစ်မှုကျူးလွန်သည့် ရည်ရွယ်ချက် (သို့မဟုတ်) ပြစ်မှုကျူးလွန်အောင် တွန်းအားပေးမှုတစ်ရပ်ရပ် ရှိသည်။ အိုစမာဘင်လာဒင် အမေရိကန်ကို တိုက်ခိုက်ရခြင်း၏ အကြောင်းရင်း (သို့မဟုတ်) ရည်ရွယ်ချက်မှာ အဘယ်နည်း။

### စစ်ပွဲနှင့် ရလဒ်များ



Afghan President Hamid Karzai is a former Unocal (US oil company) employee

စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း ၃ ပတ်အကြာ အမေရိကန် စစ်ဘက်၏ စစ်ပွဲအတွက် ပြင်ဆင် မှုများ ပြီးပြည့်စုံသွားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ အနေဖြင့်လည်း ၂၅ နှစ်တာကြာ ပြည်တွင်းစစ်ဒဏ်မှ ပြန်လည်နိုးထလာဆဲ အနေအထားတွင် ရှိနေခဲ့သည်။ သန်းနှင့်ချီသော ဒုက္ခသည်များမှာ ပါကစ္စတန်နှင့် အီရန်နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းများတွင် နေနေရဆဲ ဖြစ်သည်။ တိုင်းပြည်မှာလည်း ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေသည်။ ၂၀၀၇ ခုနှစ်၊အောက်တိုဘာ(၇)ရက်တွင်အမေရိကန်ကအာဖဂန်နစ္စတန်ကို တိုက်ခိုက်ခဲ့သည်။

နောက်ထပ် လပေါင်းအတန်ကြာသည်အထိ မြို့ကြီး၊ မြို့ငယ် ကျေးရွာများအပါအဝင် အကြမ်းဖက်သမားများ လေ့ကျင့်ပေးရာ စခန်းများကိုပါ အမေရိကန်တို့က ဗုံးကြဲ၊ ဖျက်ဆီးပစ်ခဲ့သည်။ ဗုံးကြဲမှုကြောင့် အပြစ်မဲ့ပြည်သူများပါ ထိခိုက်သေကြေခဲ့ရသည်။ အာဖဂန်ပြည်သူ ၅၀၀၀ ကျော် သေဆုံးပြီး သောင်းနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ကုန်ကြသည်။ အမေရိကန်တို့အနေဖြင့် တာလီဘန်အစိုးရအား ရာထူးမှ ဖယ်ရှားပစ်ခဲ့ပြီး ဟာမစ်ကာဇိုင်း ဦးဆောင်သည့် အစိုးရသစ်တစ်ရပ်ကို ထောက်ပံ့ပေးခဲ့သည်။ အာဖဂန်နိုင်ငံတွင်းရှိ အယ်လ်ကိုင်းဒါး လှုပ်ရှားမှုများမှာလည်း ဖျက်ဆီးခံခဲ့ရပြီး ရပ်တန့်သွားခဲ့ရသည်။ ထိပ်တန်းတာလီဘန်နှင့် အယ်လ်ကိုင်းဒါး တိုက်ခိုက်ရေးသမားအများအပြားနှင့် အရာရှိများမှာ သေဆုံးခြင်း (သို့) ဖမ်းဆီးခံရခြင်းနှင့် ထောင်ချခံရသည်။



Many more Afghan civilians were killed in the War in Afghanistan than were killed on September 11

အာဖဂန်သည်အမေရိကန်တို့၏ဗုံးကြဲတိုက်ခိုက်မှုနှင့်ကျူးကျော်မှုကြောင့်တဖန်ပျက်စီးခြင်း သို့ဆိုက်ရောက်ခဲ့ပြန်သည်။ သို့သော် စစ်ပွဲ၏ အဓိကရည်ရွယ်ချက်ဟု ယူဆခံရသူမှာ အသက်ရှင်နေဆဲ အိုစမာဘင်လာဒင်အား ဆက်လက်ရှာဖွေနေကြဆဲပင်။

## ဆွေးနွေးခြင်း

အခြားရွေးချယ်စရာများကို ကြည့်သောအခါ။ ။ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုကို အမေရိကန်က အခြား မည်သည့်နည်းဖြင့် တုံ့ပြန်၍ ရသနည်း။ လူအများစုက အကြမ်းဖက်တိုက်ခိုက်ခြင်းကို 'စာနာမှုကင်းမဲ့သည့် မှုခင်း'ဟု ခံယူကြသည်။ တရားမျှတမှု ရရှိနိုင်သည့် အခြားဖြစ်နိုင်ခြေရှိသော နည်းလမ်းများမှာ အဘယ်နည်း။ ဤပဋိပက္ခကို ဝင်ရောက်ဖြေရှင်းပေးနိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းများမှာ အဘယ်နည်း။

## အဖွဲ့လိုက်လေ့ကျင့်ခြင်း

**(စွမ်းရည်) -** ခွဲခြမ်းစိတ်ဖြာခြင်း

၂၀၀၁ ခုနှစ် အာဖဂန်နစ္စတန်နှင့် ဖြစ်သည့် စစ်ပွဲမှာ အောင်မြင်သည်ဟု ထင်ပါသလား။ အဖွဲ့အတွင်း ဆွေးနွေးပါ။ ဤစစ်ပွဲကြောင့် မည်သည့်အောင်မြင်မှုများ ရခဲ့သနည်း။ မည်သည်အရာများ ဆုံးရှုံးခဲ့သနည်း။ သင့်အဖြေများကို ဇယားအတွင်း စုစည်းပါ။

| အောင်မြင်သော အချက်များ | ရှုံးနိမ့်သော အချက်များ |
|---|---|
| | |

## ငြင်းခုံခြင်း

၂၀၀၁ ခုနှစ်တွင် အမေရိကန်က အာဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်ခြင်းသည် မှန်ပါ၏လော။ မိမိတို့ အဖွဲ့အတွင်း ငြင်းခုံပါ။ မစတင်မီ သင်ပြောဆိုငြင်းခုံမည့် အချက်များကို ထောက်ခံသည်၊ ကန့်ကွက်သည်ဟူ၍ စာရင်းပြုစုပါ။

## ကြိုတင်လေ့လာခြင်း

**၁။** အမေရိကန်ကို အကြမ်းဖက်တိုက်ခိုက်ရခြင်း၏ အကြောင်းရင်းအချို့မှာ အဘယ်နည်း။

**၂။** စက်တင်ဘာ ၁၁ တိုက်ခိုက်ခြင်းကို အိုစမာဘင် လုပ်ဆောင်သည်ဟု ပထမဦးစွာ သံသယရှိရသနည်း။

**၃။** တာလီဘန်များမှာ မည်သူနည်း။

၄။ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုအပြီး အမေရိကန်အစိုးရ တာလီဘန်များထံမှ တောင်းခံသည်မှာ အဘယ်နည်း။
၅။ တာလီဘန်များ အမေရိကန်နှင့် ပူးပေါင်းချင်ပါသလား။ ရှင်းပြပါ။
၆။ တာလီဘန် ကမ်းလှမ်းလာခြင်းအပေါ် အမေရိကန်က မည်သို့ တုံ့ပြန်ခဲ့သနည်း။
၇။ ၂၀၀၁ ခုနှစ် အောက်တိုဘာတွင် အဘယ့်ကြောင့် အမေရိကန်က အာဖဂန်နစ္စတန်ကို တိုက်ခိုက်-ခဲ့သနည်း။
၈။ အာဖဂန်နစ္စတန်တွင် ဖြစ်သည့် စစ်ပွဲတွင် အမေရိကန်တို့ အောင်မြင်ပါသလား။ ရှင်းပြပါ။

## ၃. ၄ ဘုရှ်ခေတ်ကာလ

**အဓိကစကားလုံးများ**

| | |
|---|---|
| သဘောမတူခြင်း (dispute)<br>ဆွေးနွေးညှိနှိုင်းခြင်း (negotiation)<br>လက်စားချေခြင်း (retaliation)<br>တစ်ခုခု မဖြစ်ပျက်မီ ကြို၍ ဆောင်ရွက်ခြင်း (pre-emptive) | ဘေးဆိုး (scourge)<br>နည်းဗျူဟာ (strategy)<br>နောက်ထပ် (succeeding) |

အမေရိကန်သည် စက်တင်ဘာ ၁၁ တိုက်ခိုက်မှုကို နည်းလမ်းနှစ်ခုဖြင့် တုံ့ပြန်ခဲ့သည်။
(၁) ပြန်လည်လက်စားချေ တိုက်ခိုက်ခြင်း (အာဖဂန်နစ္စတန်အပေါ် တိုက်ခိုက်မှု)
(၂) ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒ

### ပဋိပက္ခများကို နည်းလမ်းဟောင်း (အပြည်ပြည်ဆိုင်ရာဥပဒေ) ဖြင့် ဖြေရှင်းခြင်း

အစောပိုင်းတွင် အမေရိကန်အပါအဝင် နိုင်ငံအများစုသည် လုံခြုံရေးကောင်းလျှင် ဖြစ်ပေါ်လာနိုင်သည့် တိုက်ခိုက်မှုနှင့် ခြိမ်းခြောက်မှုများရန်မှ ကောင်းစွာကာကွယ်ပေးလိမ့်မည်ဟု ယုံကြည်ထားကြသည်။ လုံခြုံရေးအတွက် အင်အားတောင့်တင်းသော စစ်တပ်နှင့် ခိုင်မာသော သံတမန်ဆက်ဆံရေး ရှိရမည် ဖြစ်သည်။ ခေတ်သစ် ယဉ်ကျေးမှုထွန်းကားသော နိုင်ငံများသည် ပဋိပက္ခရင်ဆိုင်ရသည့်အချိန်တွင် ပဋိပက္ခများ ဖြေရှင်းရန် သံတမန်ရေး သို့မဟုတ် ဆွေးနွေးညှိနှိုင်းခြင်းနည်းကို အသုံးပြုလေ့ရှိသည်။ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့နိုင်ငံများ ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် အဖွဲ့အစည်းတစ်ခု ထားရှိသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကို တည်ထောင်ခဲ့ခြင်း ဖြစ် သည်။ ကုလသမဂ္ဂ၏ အဓိကရည်ရွယ်ချက်မှာ စစ်ပွဲမဖြစ်ပွားအောင် တားဆီးရေး ဖြစ်သည်ဟု ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည်။

**လိုအပ်လာလျှင် ကျွန်ုပ်တို့သည်**
**တစ်ဦးချင်းဆောင်ရွက်ရန် မတွန့်ဆိုင်းပါ။ အကြမ်းဖက်မှုများ**
**ကို ကြိုတင်ကာကွယ်ရန်နှင့် အကြမ်းဖက်သူများ ကျွန်ုပ်တို့ပြည်သူ**
**နှင့် နိုင်ငံကို ဒုက္ခမပေးနိုင်ရန်အတွက် ကျွန်ုပ်တို့အခွင့်အရေးဖြစ်**
**သောမိမိကိုယ်ကိုကာကွယ်ခြင်းကို ကျင့်သုံးမည်ဖြစ်သည်။ကျွန်ုပ်**
**တို့၏ရန်သူများကို လက်ဦးမှုပေး၍မဖြစ်ပါ။**

**နောင်လာမည့် မျိုးဆက်များ**
**ကို စစ်၏ဘေးဆိုးမှ ကာကွယ်ပေးရမည်။**
**နိုင်ငံတကာအငြင်းအခုံများကို ငြိမ်းချမ်းရေးနည်း၊**
**နိုင်ငံတကာဥပဒေတို့ဖြင့် ဖြေရှင်းပေးရမည်။**

**နိုင်ငံတော်ကာကွယ်ရေးနည်းဗျူဟာ ၂၀၀၂** **ကုလသမဂ္ဂပဋိညာဉ်**

## ဆွေးနွေးခြင်း

**၁။** အထက်ပါ ပြောစကားနှစ်ခု၏ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို သင်သိပါသလား။ ညာဘက် ပြောစကားမှာ ကုလသမဂ္ဂဘက်မှ ပြောခြင်းဖြစ်ပြီး ဘယ်မှာ ဘုရှ်၏အယူဝါဒ ဖြစ်သည်။ ဤအပိုင်းတွင် ဘုရှ်၏ အယူဝါဒအကြောင်း လေ့လာရမည် ဖြစ်သည်။ အထက်ပါ ပြောစကားနှစ်ခုကို ကြည့်လျှင် လက်ရှိ အမေရိကန်သမ္မတသည် ကုလသမဂ္ဂ၏ အဆိုပြုချက်နှင့် ကိုက်ညီမှု ရှိပါသလား။ ကိုက်ညီသည်ဆိုလျှင် အဘယ့်ကြောင့် ကိုက်ညီသနည်း။ မကိုက်ညီလျှင်လည်း အကြောင်းပြချက်ပေး၍ ဖြေဆိုပါ။

**၂။** ပြီးခဲ့သည့်အခန်းများမှ အမေရိကန် နိုင်ငံတော်လုံခြုံရေး နည်းဗျူဟာ ပြောစကားကိုလည်း ဥပမာယူ၍ ရှင်းပြကြည့်ပါ။

### ပဋိပက္ခများကို နည်းသစ်ဖြင့် ဖြေရှင်းခြင်း 'ကြိုတင်ကာကွယ်ခြင်း'

၂၀၀၂ ခုနှစ်၊ စက်တင်ဘာတွင် အမျိုးသားလုံခြုံရေးမဟာဗျူဟာ (NSS) ဟု ခေါ်ဆိုသော လုံခြုံရေးနှင့်ဆိုင်သည့် မူဝါဒသစ်တစ်ရပ်ကို အမေရိကန်က ကြေညာခဲ့သည်။ ယင်းမဟာဗျူဟာသည် ဘုရှ်အုပ်ချုပ်ရေး (Bush Doctrine)ဟု လူသိများလာခဲ့သည်။ မဟာဗျူဟာသစ်တွင် ရန်သူကို တိုက်ခိုက်မခံရခင် တိုက်ခိုက်ခြင်း (attacking before being attacked)ကို အသုံးပြုသွားရန် ဖြစ်သည်။ သို့သော် ခြိမ်းခြောက်မှုအတွက် အထောက်အထား ရှိသည့်တိုင် တိုက်ခိုက်မှု ပြုလုပ်မည်မဟုတ်ဟု မူဝါဒသစ်က ဆိုထားသည်။ ထို့ပြင် အမေရိကန်အနေဖြင့် ပဋိပက္ခ (သို့) ခြိမ်းခြောက်မှုကို ငြိမ်းချမ်းစွာ ဖြေရှင်းကြိုးပမ်းရေးအတွက် ကုလသမဂ္ဂထံ သွားရောက်ရန် မရှိပေ။

၎င်းမူဝါဒသစ်ကို ၂၀၀၃ ခုနှစ် အီရတ်အား တိုက်ခိုက်ခဲ့စဉ်က အမေရိကန်တို့ စမ်းသပ်မှု ပြုခဲ့ကြသည်။ ဘုရှ်အုပ်ချုပ်ရေး၏ အခြား အရေးပါသည့် ရည်မှန်းချက်တစ်ခုမှာ အမေရိကန်အနေဖြင့် ၎င်း၏ စစ်တပ်ကို အခြားနိုင်ငံများထက် ပိုမိုအင်အားကောင်းအောင် တည်ဆောက်သွားရေး ဖြစ်သည်။ အမေရိကန်စစ်တပ်တွင် စစ်အခြေစိုက်၁၀၀၀ကျော် (သို့) ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ ပေါင်း ၁၃၀ ကျော်တွင် ဖြန့်ကျက် ထားသော စစ်အခြေစိုက်စခန်းများ ရှိနေသည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်ဖြစ်ရပ်မှစ၍ စစ်အခြေ စိုက်စခန်း အရေအတွက်နှင့် နောက်ထပ် စီမံထားသော အခြေစိုက်စခန်းများမှာ သိသိသာ သာ တိုးပွားလာခဲ့သည်။ အထူးသဖြင့် အာရှအလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိုးလာခဲ့သည်။


ဘုရှ်၏ အုပ်ချုပ်ရေးမူဝါဒသည် နိုင်ငံတကာ ဥပဒေကိုစိန်ခေါ်မှု ပြုသည့်အပြင် နိုင်ငံတကာဆက်ဆံရေးပုံစံများကိုလည်း ထူထောင်ခဲ့သည်။

**အမေရိကန်ငြိမ်းချမ်းရေး**

အမေရိကန်စစ်ဘက် ဘက်ဂျက်အသုံးစရိတ်သည် ၂၀၀၁ ခုနှစ် မတိုင်ခင်ကပင် ကမ္ဘာအကြီးဆုံးစစ်ရေးအသုံးစရိတ် ဖြစ်နေခဲ့သည်။ သို့သော် စက်တင်ဘာ ၁၁ နောက်ပိုင်းတွင် မကြုံစဖူးအမြင့်ဆုံးသို့ မြင့်တက်သွားခဲ့သည်။ ၂၀၀၃ ခုနှစ် တစ်နှစ်စာ ဘက်ဂျက်သည်ပင်လျှင် အီးရတ်စစ်ပွဲကုန်ကျစရိတ်မပါဘဲ ဒေါ်လာ ဘီလျံ ၄၀၀ ခန့် ရှိခဲ့သည်။ အီးရတ်စစ်ပွဲ ကုန်ကျစရိတ်မှာလည်း ၂၀၀၄ ခုနှစ်၊ ဇွန်လအထိ ဒေါ်လာ ၁၂၀ ဘီလျံကျော်သွားခဲ့ကြောင်း ခန့်မှန်းတွက်ချက်ခဲ့သည်။ အမေရိကန်ကာကွယ်ရေး အသုံးစရိတ်မှာ အခြားစစ်ရေး အသုံးစရိတ် အမြင့်ဆုံး သုံးစွဲသည့် ၁၅ နိုင်ငံထက်ပင်ကျော်လွန်နေခဲ့သည်။

**၂၀၀၃ ခုနှစ် စစ်ဘက်အသုံးစရိတ် အများဆုံးထုတ်သော ၁၀ နိုင်ငံ**

**အမေရိကန်**
**ရုရှား**
**တရုတ်**
**ဂျပန်**
**ဗြိတိသျှ**
**ပြင်သစ်**
**ဂျာမနီ**
**ဆော်ဒီအာရေဗီးယား**
**အီတလီ**
**အိန္ဒိယ**




## ဖတ်ရှုနားလည်ခြင်း

**၁။** တိုင်းပြည်အချို့ နိုင်ငံတကာ ပဋိပက္ခများကို ဖြေရှင်းရန် ကြိုးပမ်းသည့် နည်းအချို့မှာ အဘယ်နည်း။

**၂။** ကုလသမဂ္ဂအဘယ့်ကြောင့် ပေါ်ပေါက်လာသနည်း။

**၃။** ဘုရှ်အုပ်ချုပ်မှုသည် ရှေးယခင် နိုင်ငံတကာ ပဋိပက္ခများ ဖြေရှင်းသည့် နည်းလမ်းများနှင့် မည်သို့ကွာခြားသနည်း။

## ဆွေးနွေးခြင်း

**(စွမ်းရည်) -** ကောက်ချက်ချခြင်း

ဘုရှ်အုပ်ချုပ်ရေးကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များမှာ အဘယ်နည်း။
ဘုရှ်အုပ်ချုပ်ရေး၏ **'ကြိုတင်ကာကွယ်ခြင်း'**မူဝါဒကို အမေရိကန်တို့ တီထွင်ခဲ့သည်ဟု သင်ထင်ပါသလား။
အခြားနိုင်ငံများနှင့် အစိုးရများက ပြည်တွင်းပြည်ပ ပဋိပက္ခများကို ထိုကဲ့သို့သော မူဝါဒမျိုးနှင့် ဖြေရှင်းခဲ့သည်ဟု သင်ထင်ပါသလား။ ဥပမာအချို့ ပေးပါ။ ထိုနိုင်ငံများ၏ ရှေးယခင် မူဝါဒများမှာ အဘယ်နည်း။

# ၃. ၅ လုံခြုံရေးနှင့် ဒီမိုကရေစီ

**အဓိကစကားလုံးများ**

| | |
|---|---|
| အပြစ်ရှိကြောင်း စွပ်စွဲခြင်း (charges)၊ အပြစ်ရှိကြောင်း တွေ့ရှိသည် (convict)၊ တိုက်ခိုက်ရေးသမား (combatant)၊ မနာခံခြင်း (violate)၊ | ထောင်သွင်းအကျဉ်းချခြင်း (detention)၊ တရားရုံး (tribunal)၊ လူမျိုးတုံးသတ်ဖြတ်ခြင်း (genocide) |

## ကြို၍လေ့လာခြင်း

**အောက်ပါစာပိုဒ်နှစ်ပိုဒ်ကို ခပ်သွက်သွက်ဖတ်ပြီး ဤမေးခွန်းကို ဖြေဆိုပါ။**

အမေရိကန် 'အကြမ်းဖက်မှုကြောင့်ဖြစ်သော စစ်ပွဲ'ကို ဦးဆောင်နေခြင်းနှင့် ပတ်သက်၍ ကောင်းသည့်အမြင်ရှိသလို ဆိုးသည့်အမြင်လည်း ရှိသည်။ နိုင်ငံတကာ လုံခြုံရေးကို တိုးမြှင့်လိုခြင်းလည်း ဖြစ်သည်။ ထိုအရာများ အဘယ်နည်း။

ဘုရှ်ခေတ်ကာလဆိုသည်မှာ အမေရိကန်သမ္မတ "အကြမ်းဖက်မှုစစ်ပွဲ"ကိုမည်သို့ တိုက်ခိုက်မည်ဟူသည့် အစီအစဉ် သို့မဟုတ် ခြုံငုံကြည့်ခြင်းပင် ဖြစ်သည်။ ၎င်းသည် ပို၍လုံခြုံသော ကမ္ဘာ တစ် ခု တည်ထောင်ရန်နှင့် အကြမ်းဖက်သမားများ၊ အကြမ်းဖက်မှု ကွန်ယက်များကို တိုက်ခိုက်ရန် အခြားနိုင်ငံများအား အတူတကွပူးပေါင်းရန် ကမ်းလှမ်းခဲ့သည်။ ၂၀၀၁ စက်တင်ဘာ ၁၁ မှစ၍ နိုင်ငံအများအပြားရှိ ရဲနှင့် ထောက်လှမ်းရေးများအကြားတွင် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှု အချက်အလက်များ အင်အားပိုစိုက်ထုတ်၍ ပေးပို့မျှဝေခဲ့ကြသည်။ အကြမ်းဖက်မှု လှုပ်ရှားမှုများသည် တိုးတက်လာသော နိုင်ငံတကာ အားထုတ်မှုကြောင့် ရပ်တန့်ခဲ့ရသည်။

သို့သော် တစ်ချိန်မှာပင် အမေရိကန်အစိုးရက ကမ္ဘာ့ကြက်ခြေနီကဲ့သို့သော နိုင်ငံတကာအဖွဲ့ အစည်းများနှင့် မပူးပေါင်းသည့်အပြင် ပို၍အရေးကြီးသည်မှာ ဂျီနီဗာ ညီလာခံ၊ နိုင်ငံတကာရာဇဝတ်မှု ခုံရုံး စသည့် နိုင်ငံတကာ သဘောတူညီမှုများကို မရယူခဲ့ပေ။ အမေရိကန်သည် နိုင်ငံတကာရာဇ ဝတ်မှုခုံရုံး၏ အမိန့်ကိုလည်း နာခံခြင်း မရှိချေ။ နိုင်ငံတကာရာဇဝတ်မှုခုံရုံးကို အသိအမှတ်မပြုသော အခြားနိုင်ငံများမှာ အီရတ်၊ လစ်ဗျား၊ ယီမန်၊ ကာတာ၊ အစ္စရေးနှင့် တရုတ်တို့သာ ရှိသည်။

## စစ်ပွဲ၏ စည်းမျဉ်းများ

ဂျီနီဗာညီလာခံများ (The Geneva Conventions) သည် စစ်ပွဲတွင် ပါဝင်ခဲ့သော လူများကို ကာကွယ်ပေးရေးအတွက် စည်းမျဉ်း (နည်းဥပဒေ)များ ချမှတ်ပေးခြင်း ဖြစ်သည်။ ညီလာခံ-တစ်ခုသည် တိုင်းပြည်များအကြား သဘောတူစာချုပ်ကဲ့သို့ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတစ်ခု လုပ်ဆောင်ခြင်း ဖြစ်သည်။ ပထမအကြိမ် ကျင်းပသော ဂျီနီဗာညီလာခံကို ၁၈၆၄ ခုနှစ်တွင် ဆွစ်ဇာ-လန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့ရာ ယင်းညီလာခံက စစ်ပွဲအတွင်း နာမကျန်းဖြစ်မှုနှင့် ဒဏ်ရာအနာတရ ဖြစ်မှုများအပေါ် စိုးရိမ်ခဲ့ကြသည်။ ၁၉၄၉ ခုနှစ်တွင် ကျင်းပခဲ့သော ဂျီနီဗာညီလာခံ (၄)ခုက စစ်ပွဲ တစ်ခုအတွင်း စစ်သားများနှင့် အရပ်သားများကို မည်ကဲ့သို့ ပြုစုကုသရမည်ကို ဖော်ပြခဲ့ကြသည်။ ထို့ပြင် အကျဉ်းသား များအား အကြင်နာ တရားဖြင့် ကုသပေးမှုလည်း ပါဝင်ခဲ့သည်။ ဂျီနီဗာညီ-လာခံအား ကမ္ဘာနိုင်ငံအများစုတို့က ဂုဏ်ပြုကြရန် သဘောတူခဲ့ကြသည်။

## ဂွတာနာမို ပင်လယ်အော်

၂၀၀၁ ခုနှစ် အာဖဂန်အပေါ် အမေရိကန်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ချိန်မှစ၍ ကမ္ဘာတစ်ဝန်းမှ သံသယဖြစ်ဖွယ် အကြမ်းဖက်သမား ရာပေါင်းများစွာ (အထူးသဖြင့် အာဖဂန်နစ္စတန်)တို့အား ကျူးဘားနိုင်ငံ၊ ဂွတာနာမိုပင်လယ်အော်ရှိ အမေရိကန်တို့ တည်ဆောက်ထားသော အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ အမေရိကန်သမ္မတ ဘုရှ်အနေဖြင့် အကြမ်းဖက်မှုစစ်ပွဲ (War on Terror) စကားလုံးများကို ဆက်လက် အသုံးပြုနေသော်လည်း ကျူးဘားရှိ တာလီဘန်-နှင့် အယ်ကေးဒါး အကျဉ်းသားများကို စစ်ပွဲ၏ အကျဉ်းသားများကဲ့သို့ ခေါ်ဆိုရန် ငြင်းဆိုသည်။ အကယ်၍ အကျဉ်းသားများကို စစ်ပွဲအကျဉ်းသားများ (prisoners of wars) အဖြစ် သတ်မှတ်ခဲ့ပါက ဂျီနီဗာညီလာခံအရ ၄င်းတို့အား အလွဲသုံးစားပြုမှုမှ ကာကွယ်ပေးခံရသကဲ့သို့ ဖြစ်နေ-သည်။ ယင်းအစား အမေရိကန်က အကျဉ်းသားများကို ရန်သူ တိုက်ခိုက်ရေးသမားများ (enemy combatants) ဟု ရည်ညွှန်းခဲ့သည်။ အကြောင်းမှာ ၄င်းတို့အနေဖြင့် အမေရိကန်ပြည်ထောင်စုမှ မဟုတ်ကြသဖြင့် မည်သည့် ဥပဒေနှင့်မှ ကာကွယ်ပေးခံရမည် မဟုတ်ပေ။ အကျဉ်းသားများသည် ဂွတာနာမိုတွင် အကျဉ်းစခန်းတွင် အပြစ်တစ်စုံတရာ ချမှတ်ခံရခြင်း မရှိဘဲ (၂) နှစ်ကျော်ကြာ ထိန်းသိမ်းခံကြရသည်။

၄င်းတို့အနေဖြင့် ရှေ့နေများနှင့် မတွေ့မြင်ရသည့်အပြင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအ ဖွဲ့များအနေဖြင့်လည်း ယင်းအကျဉ်းထောင်သို့ လာရောက် လည်ပတ်ခွင့် မရကြပေ။ အမေရိကန်က အကျဉ်းသားများ၏ အပြစ်ရှိမှု၊ မရှိမှုကို စစ်ဘက်ခုံရုံးများတွင် ဆုံးဖြတ်ပေးသွားမည်ဟု ပြောဆိုထားသည်။ ထို့ပြင် အမေရိကန် စစ်ဘက်အနေဖြင့် သေဒဏ်အတွက် စီရင်ချက် ချမှတ်ခြင်းကိုလည်း လုပ်ဆောင်သွားနိုင်သည်ဟု ဆိုသည်။

ကမ္ဘာတစ်ဝန်းရှိ ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင်များနှင့် ရှေ့နေများသည် ဂျီနီဗာညီလာခံတွင် သဘောတူညီထားမှုများကို ချိုးဖောက်သော ယင်းကဲ့သို့ အကျဉ်းချမှုမျိုးအား ဆန့်ကျင်ရန် ငြင်းခုံနေကြသည်။ အမေရိကန်တရားရုံးချုပ်က ၂၀၀၄ ခုနှစ်၊ ဇွန်လတွင် ပြောကြားခဲ့ရာ၌ ယင်းအကျဉ်းသားများအား ရှေ့နေများနှင့် တွေ့ခွင့်ပေးရမည် ဖြစ်ပြီး ၎င်းတို့အား တရားဝင် လုပ်ရိုးလုပ်စဉ်နည်းနှင့် တရားစီရင်မှု မရှိဘဲ အကျဉ်းထောင်တွင် ထိန်းသိမ်းထားခြင်းမှာ တရားမဝင်ဟု ဆိုသည်။ ယင်းဆုံးဖြတ်ပြီးနောက် အကျဉ်းသားအများအပြား လွတ်မြောက်သွားခဲ့ပြီး တစ်စုံတရာ ရာဇဝတ်မှု ကျူးလွန်ခြင်း မရှိသူများကိုလည်း တွေ့ခဲ့ရသည်။

## ဆွေးနွေးခြင်း

**ပြီးခဲ့သည့် သင်ခန်းစာတွင် အမေရိကန် နိုင်ငံတကာအဖွဲ့အစည်းများ နှင့် မပူးပေါင်းမှု၊ နိုင်ငံတကာ သဘောတူညီချက်အချို့ကို ချိုးဖောက်မှုများ အကြောင့် လေ့လာခဲ့ပြီး ဖြစ်သည်။ အထက်တွင် ဖော်ပြထားသော စာပိုဒ်နှစ်ခုကဏ္ဍအချက်ကိုမည်သို့ သရုပ်ဖော်ထားသနည်း။**



*The prisoners at Guantanamo Bay are not protected by any international law*

## ဆွေးနွေးခြင်း

**၁။ ဂွာတာနာမိုပင်လယ်အော်ရှိ အကျဉ်းသားများကို အမေရိကန်က အဘယ့်ကြောင့် သုံ့ပန်းဟု မခေါ်ဆိုလိုသနည်း။**

**၂။ အချို့သောကိစ္စရပ်များတွင်အမေရိကန်က အဘယ့်ကြောင့် အခြားကမ္ဘာ့နိုင်ငံများနှင့် မပူးပေါင်းသနည်း။**

## ကြောက်ရွံ့မှုကမ္ဘာမှ လုံခြုံရေး ကုန်ကျစရိတ်

ဒီမိုကရက်တစ်နိုင်ငံများရှိ လူများအတွက် လုံခြုံရေး တိုးမြှင့်ရာ၌ မည်ကဲ့သို့သော ကုန်ကျစရိတ်များ ရှိသနည်း။ အစိုးရများက အကြမ်းဖက်မှုရန်နှင့် လုံခြုံရေးလိုအပ်ချက်တို့ကို အသုံးချ၍လူတို့၏လွတ်လပ်မှုကို မည်သို့ ကန့်သတ်နိုင်သနည်း။ ထိုကဲ့သို့ လုံခြုံရေးနှင့် လွတ်လပ်မှု ညီမျှအောင် ဆောင်ရွက်ခြင်းသည် မြန်မာပြည်ကဲ့သို့သော နိုင်ငံအများတွင် အလုပ်ဖြစ်နိုင်ပါသလား။ မြန်မာနိုင်ငံ၏ လုံခြုံရေးနှင့် လွတ်လပ်မှု ဆက်စပ်မှုအခြေအနေကို ဖော်ပြပါ။

**"အကြမ်းဖက်မှုစစ်ပွဲ"**၏ အကျိုးဆက်အဖြစ် ဒီမိုကရက်တစ်နိုင်ငံအများစုတွင် လွတ်လပ်ရေးနှင့် အခွင့်အရေးဆိုင်ရာ ဆုံးရှုံးမှုများကို ကြုံတွေ့လာရသည်။ ဥပမာ အမေရိကန်တွင် အမေရိကန်ကွန်ဂရက်စ်က ရဲ၊ ထောက်လှမ်းရေးနှင့် အစိုးရအရာရှိများအား အာဏာတိုးမြှင့်ပေးနိုင်

သည့် ဥပဒေများ ("အမေရိကန်---------- ၏အစိတ်အပိုင်းဟု ခေါ်သည်) ကို သဘောတူလာကြ-သည်။ အာဏာသစ်များတွင်

**- ရှာဖွေခြင်း၊ မေးခွန်းထုတ်ခြင်း၊ ဝရမ်းမပါဘဲ သံသယရှိသူများအား အကျဉ်းချခြင်း**

**- ခိုးနားထောင်ခြင်းကို မြှင့်တင်ခြင်း**

**- ပုဂ္ဂိုလ်ရေးအီးမေးလ်များကို ဝင်ကြည့်ခြင်း**

**- ကျောင်း၊ ဆေးရုံနှင့် စာကြည့်တိုက်များတွင် အစိုးရ၏ ကိုယ်ပိုင်နှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ အတင်းအကြပ် ဖြန့်ဝေခိုင်းခြင်းတို့ ပါဝင်သည်။**

အမေရိကန်၊ ဗြိတိန်နှင့် အခြားနိုင်ငံများတွင် အစိုးရကို ဆန့်ကျင်သော နိုင်ငံရေးအဖွဲ့များကို "နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သူ"ဟု အမည်တပ် နိုင်ပြီး ၎င်းတို့၏ လှုပ်ရှားမှု ကို ရပ် တန့်အောင် လုပ်ဆောင်လေ့ ရှိသည်။ ၎င်းတို့၏ အဖွဲ့ဝင်များအား စစ်ဆေးမေးမြန်း၍ တစ်ခါတရံ ထောင်သွင်းအကျဉ်းချကြသည်။ အမေရိကန်တွင် စက်တင်ဘာ ၁၁ ပြီးသည်နှင့် တစ်ပြိုင်နက် အာရတ်လူမျိုးများ၊ မွတ်စလင်လူများ ရာနှင့်ချီကို ပြစ်မှုတစ်စုံ တစ်ရာ ဖော်ပြနိုင်ခြင်း မရှိဘဲ လနှင့်ချီ၍ အကျဉ်း ချခဲ့ကြသည်။ အများစုမှာ ပြစ်မှုတစ်စုံတရာ ကျူးလွန်ခြင်း မရှိဘဲ ပြန်လွတ်လာပြီ ဖြစ်သည်။ အများအပြားမှာ သေးငယ်သော ဗီဇာပြဿနာများကို အကြောင်းပြ၍ ၎င်းတို့၏ ဇာတိနိုင်ငံသို့ ပြန်ပို့ခြင်း ခံခဲ့ကြရသည်။ အများပိုင်နေရာများတွင် ပြည်သူများသည် လက်နက် ပါ မပါ ပုံမှန် အစစ်ဆေးခံကြရသည်။

**"အကြမ်းဖက်မှုစစ်ပွဲ"**မှစ၍ ဒီမိုကရက်တစ်နိုင်ငံများမှ လူများသည် ၎င်းတို့၏ အစိုးရကို ဆန့်ကျင်ပြောရန် ကြောက်ရွံ့လာကြသည်။ အစိုးရက ၎င်းအတွက် အန္တရာယ်ရှိနိုင်သည်ဟု ထင်ရသော သတင်းနှင့် အချက်အလက်များအပေါ် ဆင်ဆာဖြတ်တောက်မှု ပိုများလာသည်။ လွတ်လပ်ရေးကို ထိန်းချုပ်နေသည့် အစိုးရ၏ အကြောင်းပြချက်များမှာ အကြမ်းဖက်သမား အများအပြား ရှိသည်၊ အစီအစဉ် ချနေကြသည်၊ လွတ်လပ်စွာ လှုပ်ရှားနေသော နိုင်ငံများတွင် ၎င်းတို့က ပြစ်မှုကျူးလွန်ကြသည်ဟူ၍။ ထို့ ကြောင့်ဤ **"လွတ်လပ်သည်"** ဟူသော နိုင်ငံများ ၏ အစိုးရများက အကြမ်းဖက်သမားများ လှုပ်ရှားမှု ခက်ခဲစေရန် လွတ်လပ်ရေးကို စတေးရမည်ဟု ယုံကြည်ကြသည်။ ပြည်သူများ အန္တရာယ်ကင်း ဘေးရှင်းစေရန် အစိုးရများက ပိုမို ထိန်းချုပ်ထားသင့်သည့်ဟု ၎င်းတို့က ယုံကြည်ကြသည်။သို့သော် အခြားအကျိုးဆက်တစ်ခုမှာ ပြည်သူအားလုံး လွတ်လပ်ရေး ဆုံးရှုံးခြင်းပင် ဖြစ်သည်။

**ဆွေးနွေးခြင်း**

ဒီမိုကရက်တစ် နိုင်ငံ များမှ ပြည်သူလူထုသည် လုံခြုံရေးစနစ်သစ် နှင့် ပတ်သက်၍ မည်သို့ ခံစားရမည်ဟု သင်ထင်သနည်း။

**ငြင်းခုံခြင်း**

"လွတ်လပ်ရေးထက် လုံခြုံရေးက ပို၍ အရေးကြီးသည်။" ဤအဆိုကို သင် ထောက်ခံပါသလား၊ ကန့်ကွက်ပါသလား။

## ၃. ၆ အကြမ်းဖက်မှုစစ်ပွဲမှ မဟာမိတ်များ

**အဓိကစကားလုံးများ**

| | |
|---|---|
| အာဏာရှင်ဆန်သော | (authoritarian)၊ |
| ဘက်လိုက်သော | (biased)၊ |
| ဥပဒေပြင်ပ | (extra-judicial) |
| အဆက်မပြတ်နှိပ်စက်ခြင်း | (harass)၊ |
| အာဏာရှင် | (tyrant) |

အကြမ်းဖက်မှုကြောင့်ဖြစ်သော စစ်ပွဲ (War on Terror) စတင်ချိန်မှ စ၍ အမေရိကန်အစိုးရသည် ယခင် မဟာမိတ်ဟောင်း နိုင်ငံအချို့နှင့် ရင်းနှီးမှု ပြန်လည်ချည်နှောင်ခဲ့ပြီး မဟာမိတ်နိုင်ငံ အများအပြားနှင့်ပါ ရင်းနှီးမှု တည်ဆောက်ခဲ့သည်။ အထက်ပါ မဟာမိတ်နိုင်ငံများထဲမှ အချို့မှာ စည်းမျဉ်းတင်းကြပ်ပြီး ကြမ်းတမ်းသော အစိုးရများ ဖြစ်ပြီး၊ လူ့အခွင့်အရေး ပိုမိုချိုးဖောက်ကြသည်ဟု လည်း ဂုဏ်သတင်း ကျော်ဇောကြသည်။ သို့ပေမယ့် ယင်းနိုင်ငံများသည် အာဖဂန်နစ္စတန်၊ အီရတ်၊ အီရန်၊ ဆီးရီးယားအပြင် အစ္စရေးနှင့်ပါ နယ်နိမိတ် ထိစပ်လျက် ရှိသည်။ အထက်ပါ အနေအထားကြောင့် အကြမ်းဖက်ဝါဒ ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ယင်းနိုင်ငံများ အဓိက မဟာမိတ်များအဖြစ် အမေရိကန်က ရှုမြင်ထားခြင်း ဖြစ်သည်




စက်တင်ဘာ ၁၁ အကြမ်းဖက်မှုပြီးနောက် အမေရိကန်တို့သည် ၎င်းတို့၏ စစ်အခြေစိုက်စခန်းများကို (အထူးသဖြင့် အရှေ့အလယ်ပိုင်းနှင့် ဗဟိုအာရှ) တို့တွင် တိုးချဲ့ခဲ့သည်။ စစ်အခြေစိုက်စခန်းသစ် များကို ကာတာ၊ ဥဇဘက်ကစ=တန်၊ တာဂျစ်ကစ=တန်နှင့် ဂျော်ဂျီယာတို့တွင် တည်ဆောက်ခဲ့သည်။ ထို့ပြင် စစ်ဘက်အထောက်အပံ့များ ထောက်ပံ့ခြင်းအပြင် ပြည် တွင်း စစ်အခြေစိုက်စခန်းများကို စစ်ဘက်ဆိုင်ရာနှင့် ပတ်သက်၍ မျှဝေကူညီမှုများ စတင်ခဲ့သည်။

အဇာဘိုင်ဂျန်၊ တာမေနစ္စတန်၊ ပါကစ္စတန်၊ အီဂျစ်၊ မော်ရိုကို၊ ဂျော်ဒန်၊ အာရေးဗီးယားနှင့် ကူဝိတ်တို့ကဲ့သို့ နိုင်ငံများနှင့် ကာလကြာရှည် မဟာမိတ်များအဖြစ် ဆက်လက်တည်ရှိနေစေရန် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကို နီးနီးကပ်ကပ် လုပ်ဆောင်ခဲ့သည်။

**ယင်းနိုင်ငံများအားလုံးမှာ ပုံစံအမျိုးမျိုးဖြင့် အောက်ပါ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများအတွက် အပြစ်ရှိကြသည်။**

- **နိုင်ငံရေးအမြင်များကြောင့် လူများအား အမြဲဒုက္ခပေးခြင်းနှင့် ဖမ်းဆီးခြင်းများ လုပ်ဆောင်မှု**
- **ကန့်သတ်ထားသော စာနယ်ဇင်းလွတ်လပ်ခွင့် အနည်းငယ်နှင့် မီဒီယာလွတ်လပ်ခွင့် မပေးထားမှု**
- **ဘာသာရေးအရ နှိပ်ကွပ်ခြင်း**
- **လွတ်လပ်သော အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ပြတ်လပ်မှု**
- **ဘက်လိုက်မှုရှိသော နိုင်ငံရေးအရ ခန့်အပ်ခြင်းခံထားရသည့် တရားသူကြီးများသာ ခန့်ထားမှု**
- **ဥပဒေနှင့် မညီညွတ်သော ကွပ်မျက်ခြင်း (လုပ်ကြံမှုများ)နှင့် ညှဉ်းပန်းနှိပ်စက်မှုများ လုပ်ဆောင်မှု**

အထက်ပါ နိုင်ငံများထဲမှ နိုင်ငံအများအပြားမှာ ကမ္ဘာပေါ်၌ လူ့အခွင့်အရေး အများဆုံးချိုးဖောက်နေသော နိုင်ငံများထဲတွင် ပါဝင်ကြောင်း သတ်မှတ်ခံထားရသည်။ ယင်းနိုင်ငံများအား အမေရိကန်အစိုးရအပါအဝင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) နှင့် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ (Human Rights Watch)ကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများက ပြစ်တင်ရှုတ်ချကြသည်။

## ဆွေးနွေးခြင်း

အကြမ်းဖက်မှု စစ်ပွဲသစ်နှင့်အတူ အချို့သော အစိုးရများသည် လွတ်လပ်မှုအပေါ် ကန့်သတ်ချုပ်ခြယ်ခြင်းနှင့် ပို၍ရက်စက်ခြင်းများ ပြုလုပ်လာကြသည်။ တင်းကျပ်ပြီး ရက်စက်သော အစိုးရများနှင့် အကြမ်းဖက်မှု စစ်ပွဲအား အရှိန်မြှင့်တင်မှုကြား ဆက်သွယ်မှုကို သင် မည်ကဲ့သို့ ရှင်းပြနိုင်သနည်း။


## အဖွဲ့လိုက်လေ့ကျင့်ခြင်း

**(စွမ်းရည်) -** ငြင်းခုံမှု

လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်နေသည့် နိုင်ငံ အများအပြားနှင့် မဟာမိတ်များအဖြစ် အဘယ့်ကြောင့် အမေရိကန် ဖွဲ့စည်းပေါင်းသင်းနေသနည်း။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် အမေရိကန်အတွက် ကောင်းမွန်သော တွေးခေါ်မှုတစ်ခု ဖြစ်ပါသလား။ သင့်အုပ်စုထဲတွင် လူတိုင်းကရော မည်ကဲ့သို့ ထင်မြင်ယူဆကြပါသနည်း။ ငြင်းခုံ၍ဆွေးနွေးပါ။

### မြေပုံလေ့ကျင့်ခန်း

ကမ္ဘာ့မြေပုံပေါ်ရှိ အမေရိကန်၏ အခြေစိုက်စခန်းနှင့် မျှဝေအသုံးပြုသော အခြေစိုက်စခန်းများရှိရာ နိုင်ငံအားလုံးကို ဆေးရောင်ခြယ်ပါ။ ဗြိတိန်၊ ဂျာမနီ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများရှိ ကာလကြာရှည် အမေရိကန် အခြေစိုက်စခန်းများကိုလည်း ဆေးခြယ်ပါ။ အဓိကသော့ချက်ကို ပါဝင်စေပြီး မြေပုံကို ခေါင်းစဉ် ပေးပါ။



## ၃. ၇ အကြမ်းဖက်မှု စစ်ပွဲကို ချဲ့ထွင်ခြင်း



### အဓိကစကားလုံးများ

ကော်မရှင် (commission)၊
စုံစမ်းစစ်ဆေးသည် (investigate)၊
ဆက်နွယ်သည် (link)၊
ခွဲထွက်ရေးသမားများ (separatist)

အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်က ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုဂ္လါအတွက် နိုင်ငံအချို့တွင် တာဝန်ရှိပြီး အကူအညီ ပေးရမည်ဟု ၎င်း၏ အကြမ်းဖက်မှုစစ်ပွဲနှင့် ပတ်သက်ပြီး ၂၀၀၂ ခုနှစ် ဇန်နဝါရီလက ကြေညာခဲ့သည်။ ယင်းပြောကြားချက်တွင် မိစ္ဆာဝန်ရိုးတန်း (axis of evil) နိုင်ငံများဟု သုံးနှုန်းခဲ့ပြီး အီရတ်၊ အီရန်နှင့် မြောက်ကိုရီးယားတို့ကို အန္တရာယ်အရှိဆုံး နိုင်ငံများအဖြစ်

အမည်ပေးခဲ့သည်။ ယင်းစကားလုံးများနှင့်အတူ ယခင် နိုင်ငံရေး ပဋိပက္ခများကို စက်တင်ဘာ ဖြစ်ရပ်၊ အကြမ်းဖက်မှုစစ်ပွဲအသစ်တို့နှင့် ချိတ်ဆက်ရန် ကြိုးစားခဲ့သည်။ သို့သော် စက်တင်ဘာ ၁၁ အယ်လ်ကေးဒါးနှင့် အထက်ပါ သုံးနိုင်ငံတို့ ဆက်စပ်မှု ရှိနေကြောင်း အထောက်အထား မရှိခဲ့ပေ။

အီရတ်ဖြစ်ရပ်တွင်လည်း ဘုရှ်အစိုးရသည် 'ဝန်ရိုးတန်း'အတွေးအခေါ်အသုံးအနှုန်းသည် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲနှင့် မှန်ကန်တရားမျှတကြောင်း အသုံးပြုခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဗြိတိန်နှင့် အမေရိကန်အစိုးရတို့၏ လွတ်လပ်သော ကော်မရှင်များက အီရတ်စစ်ပွဲ မဖြစ်ပွားမီ စုစည်းထားသော သတင်းအချက်အလက်အားလုံး စုံစမ်းထောက်လှမ်းခဲ့ကြသည်။ ယင်းကော်မရှင်အဖွဲ့၏ တွေ့ရှိချက်က အယ်လ်ကေးဒါး၊ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုများနှင့် ဆက်ဒမ်ဟူစိန်အစိုးရတို့ကြား ဆက်သွယ်မှု မရှိကြောင်း ကြေညာခဲ့သည်။ သို့သော် သမ္မတဘုရှ်က အကြမ်းဖက်မှုစစ်ပွဲတွင် အီရတ်ကို အောင်နိုင်မှုတစ်ခုဟု ဆက်လက် ခေါ်ဆိုခဲ့သည်။ ယခုအချိန်တွင် ကမ္ဘာတစ်ဝန်းမှ အစိုးရများကလည်း အကြမ်းဖက်မှု စစ်ပွဲကို အသုံးပြုပြီး ၎င်းတို့၏ စစ်ရေးလုပ်ဆောင်မှုများမှာ လျော်ကန်သင့်မြတ်ကြောင်း စတင်လုပ်ဆောင်ခဲ့ကြသည်။

ရုရှားရှိ ချေချင်းညာပြည်နယ်တွင် နှစ်ပေါင်းများစွာကြာ အမျိုးသားလွတ်လပ်ရေးစိတ် တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့သည်။ လွတ်လပ်ရေးစိတ်ဓာတ် ပြင်းထန်သော ယင်းစစ်ပွဲကို ရုရှားအာဏာပိုင်များက ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှု စစ်ပွဲ အစိတ်အပိုင်းတစ်ခုအဖြစ် မကြာသေးခင်က အမည်တပ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင်လည်း အစိုးရတပ်များနှင့် နှစ်ပေါင်းများစွာကပင် ရှိခဲ့သော မွတ်စလင် ခွဲထွက်ရေးအဖွဲ့ကြား ဖြစ်ပွားခဲ့သည့် ပြောက်ကျားစစ်ပွဲမှာ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုစစ်ပွဲတွင် နောက်ထပ် တိုက်ပွဲတစ်ခုအဖြစ် သတ်မှတ်ခံလာရသည်။

အစ္စရေးအများအပြားက ပါလက်စတိုင်းတို့နှင့် အစ္စရေးတို့ကြား ကာလကြာရှည် အမုန်းတရားများမှာ မွတ်စလင် အကြမ်းဖက်ဝါဒ၏ ဥပမာတစ်ခုဟု အခိုင်အမာ ဆိုခဲ့ကြသည်။ အ တိတ်က လည်း အထက်ပါ ဖြစ်ရပ်ကို မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော တိုက်ပွဲ (သို့) လွတ်လပ်ရေးအတွက် တိုက်ပွဲဟု ရှုမြင်ခဲ့ကြသည်။

ကမ္ဘာပေါ်တွင် စစ်ရေးအင်အား အကြီးဆုံးဖြစ်သော အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်ဝါဒကို ရပ်တန့်ရန် ကြိုးပမ်းရာ၌ အားတက်သရော ပါဝင်သည့် နိုင်ငံများကို စစ်တပ်၊ လက်နက်ပစ္စည်း ကိရိယာ၊ လေ့ကျင့်မှုနှင့် ရန်ပုံငွေ ထောက်ပံ့ပေးမှု စသည့် ပုံစံမျိုးစုံဖြင့် စစ်ရေးအကူအညီ ပေးခဲ့သည်။ ယင်းကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုစစ်ပွဲတွင် တစ်ခုတည်းသော ကမ္ဘာ့စူပါပါဝါ အမေရိကန်နှင့် ပူးပေါင်းခြင်းအားဖြင့် စီးပွားရေးနှင့် နိုင်ငံရေးအကျိုးအမြတ် အများအပြား ရရှိလာနိုင်ကြသည်။

## လေ့ကျင့်ခန်း

**ဇယားအတွင်း ထုတ်ပြန်ချက်များကို အမှန် (သို့) အမှားအဖြစ် အမှတ်အသား လုပ်ပါ။**

**၁။** စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်မှုများအား စီစဉ်ရာတွင် ဆက်ဒမ်ဟူစိန်ပါဝင်ခဲ့သည်။ အထောက်အထားကို လွတ်လပ်ရေးကော်မရှင်က တွေ့ရှိခဲ့သည်။

**၂။** မိစ္ဆာဝန်ရိုးတန်းတွင် ပါဝင်သော နိုင်ငံအများစုမှာ ဒီမိုကရက်တစ်အစိုးရများ ဖြစ်သည်။

**၃။** ချေချင်းညာတွင် ပထမဆုံးစစ်ပွဲ စတင်သောအခါ လူတိုင်းက အကြမ်းဖက်ဝါဒဟု ခေါ်ဆိုခဲ့ကြသည်။

**၄။** အမေရိကန်သည် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံး စစ်ရေးပိုင်ဆိုင်သည့် နိုင်ငံ ဖြစ်သည်။

## ဖတ်ရှုနားလည်ခြင်း

**၁။** မိစ္ဆာဝန်ရိုးတန်းဆိုသည်မှာ အဘယ်နည်း။
**၂။** လွတ်လပ်သော ကော်မရှင်၏ အလုပ်တာဝန်မှာ မည်သည်နည်း။
**၃။** ကမ္ဘာတစ်ဝန်း အစိုးရများအနေဖြင့် အကြမ်းဖက်မှုစစ်ပွဲကို မည်ကဲ့သို့ အသုံးပြုနိုင်ကြသနည်း။

## ဆွေးနွေးခြင်း

**၁။** အမျိုးသားရေးစိတ်ဓာတ်ကြောင့် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ပွဲများကို ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှု စစ်ပွဲ အစိတ်အပိုင်းအဖြစ် အစိုးရအချို့က ပြန်လည် အမည်တပ်ကြသည်ဟု သင်ထင် ပါသလား။

**၂။** အကြမ်းဖက်မှုစစ်ပွဲကို တိုက်ခိုက်ရာတွင် အကူအညီပေးခြင်းဖြင့် မည်ကဲ့သို့သော စီးပွားရေးနှင့် နိုင် ငံရေး အကျိုးအမြတ်များ ရရှိနိုင်သနည်း။

**၃။** အကြမ်းဖက်မှုစစ်ပွဲတွင် အီရတ်ကို အောင်မြင်မှုတစ်ခုအဖြစ် သမ္မတဘုရှ်က အဘယ့်ကြောင့် ခေါ် ဆိုသနည်း။

## ၃. ၈ အဆုံးမရှိ စစ်ပွဲ

**အဓိကစကားလုံးများ**

| |
|---|
| မျှော်လင့်ချက် ကင်းမဲ့ခြင်း (desperation)၊ |
| ယာယီ (interim)၊ |
| လူသိရှင်ကြား (publicly)၊ |
| ဒေါသ (outrage)၊ |
| တပ်သားသစ် (recruit)၊ |
| ပြန်လည်ဖွဲ့စည်းသည် (regroup) |

## ကြိုတင်လေ့လာခြင်း

အကြမ်းဖက်မှုစစ်ပွဲကို အဆုံးမရှိ စစ်ပွဲအဖြစ် ခေါ်ဆိုနိုင်သည်ဟု သင်ထင်ပါသလား။

### လက်ရှိ ဘယ်သူ အနိုင်ရနေလဲ။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်ရပ်နှင့် အမေရိကန်အစိုးရ၏ အကြမ်းဖက်မှုစစ်ပွဲ စတင်ပြီးချိန်မှ စ၍ ၃ နှစ်တာကာလအချိန်သို့ ရောက်ရှိလာသူက ကမ္ဘာကြီးသည် လုံခြုံစိတ်ချရသော နေရာတစ်ခု ဖြစ်ပါသလား။ အချို့ ဖြစ်သည်ဟု ပြောကြားပြီး အများအပြားက မဖြစ်ဟု ဖြေကြားကြသည်။

**အောက်ပါတို့မှ ယခုအချိန်အထိ ရရှိထားသော ရလဒ်အချို့ ဖြစ်သည်။**

- ထိပ်တန်းအယ်လ်ကေးဒါးခေါင်းဆောင်အများအပြား ဖမ်းဆီးခံကြရသည် (သို့) သေဆုံးခဲ့ကြသည်။
- နိုင်ငံအများအပြားရှိ ဥပဒေပြန်လည် အသက်သွင်းရေး အေဂျင်စီများကြား သတင်းဆက်သွယ်ခြင်းများ တိုးတက်လာသည်။
- အကြမ်းဖက်သမားအများအပြား၏ အစီအမံများကို ဖော်ထုတ်နိုင်ခဲ့ပြီး အပြစ်မဲ့ပြည်သူများအား ထိခိုက်စေခြင်းများကို ကြိုတင်ကာကွယ်နိုင်ခဲ့သည်။
- စက်တင်ဘာ ၁၁ ဖြစ်ရပ်ပြီးချိန်ကတည်းကနိုင်ငံနှစ်နိုင်ငံအားအမေရိကန်ကတိုက်ခိုက်ခဲ့သည်။ ယင်းနှစ်နိုင်ငံတွင် အပြစ်မဲ့ပြည်သူ ၂၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ရလဒ်အဖြစ် ထောင်ပေါင်းများစွာသော စစ်သားများ သေဆုံးခဲ့ပြီး ဆက်လက်၍လည်း သေဆုံးမှု မြင့်တက်လာနေသည်။
- အိုစမာဘင်လာဒင်နှင့် အခြား အယ်လ်ကေးဒါးအဖွဲ့ဝင်များကို ဆက်လက်ရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း စက်တင်ဘာ ၁၁ တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ပြစ်ဒဏ် စီရင်ချမှတ်မှု တစ်စုံတရာ မရှိခဲ့ပေ။
- အီရတ်ရှိ အီရတ်နိုင်ငံသားများက အမေရိကန်ထောက်ပံ့ပေးထားသော ယာယီအီရတ်အစိုးရကို ဆန့်ကျင်ကြသည်။ နေ့စဉ်ပုံးခွဲမှုများ၊ အသေခံတိုက်ခိုက်မှုများ၊ ပြန်ပေးဆွဲ ခေါ်ဆောင်မှုများနှင့် နိုင်ငံခြားသား ဓားစာခံများကို လူမြင်ကွင်းတွင် ကွပ်မျက်မှုများ ဆက်လက် ဖြစ်ပွားနေခဲ့သည်။
- အစ္စရေး-ပါလက်စတိုင်း အခြေအနေမှာ နှစ်ပေါင်းများစွာကအတိုင်းပင် ဆက်လက်ဆိုးရွားနေခဲ့သည်။
- အဓိကကျသော အကြမ်းဖက်တိုက်ခိုက်မှုများသည် ဘာလီ (အင်ဒိုနီးရှား)၊ ဂျာကာတာ (အင်ဒိုနီးရှား)၊ လန်ဒန် (ဗြိတိန်)နှင့် မက်ဒရစ် (စပိန်)တို့တွင် ဖြစ်ပွားခဲ့သည်။

**အကြမ်းဖက်မှု စစ်ပွဲကို တုံ့ပြန်ခြင်း**



မွတ်စလင်ကမ္ဘာတွင် အမေရိကန်လုပ်ဆောင်ချက်များအပေါ် အဆုံးစွန် ဒေါသထွက်လျက် ရှိကြသည်။ အရှေ့အလယ်ပိုင်းတွင် အမေရိကန်၏အရေးယူလုပ်ဆောင်မှုကြောင့် အာဖဂန်နစ္စတန်စစ်ပွဲကတည်းက အယ်လ်ကေးဒါးတို့ ပြန်လည်အုပ်စုဖွဲ့ စုရုံးလာကြပြန်သည်။ အယ်လ်ကေးဒါးတို့အနေဖြင့် အဖွဲ့ဝင်သစ်များကို အလွယ်တကူ ရှာဖွေတွေ့ရှိခဲ့ကြသည်။

မွတ် စလင် ကမ္ဘာတွင် အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်များ ပိုမိုပြင်းထန်လာခဲ့ပြီး လူအများအပြားက ယုံကြည်ထားသည်မှာ အိုစမာဘင်လာဒင်သည် သူ၏အရေးအတွက် အထောက်အပံ့ များ ပို၍ရရှိနေသည်ဟု ဆိုကြသည်။

အနောက်နိုင်ငံများတွင်လည်း အီရတ်၌အစုလိုက် အ ပြုံလိုက် သေစေနိုင်သော လက်နက်များ မတွေ့ရှိခြင်း (သို့) အီရတ်၊ အယ်လ်ကေးဒါးနှင့် စက်တင်ဘာ ၁၁ ဖြစ်ရပ်တို့မှာ တစ်စုံတရာ ဆက်စပ်မှု မရှိခြင်း ဆိုသည်ကို သိသိသာသာ တွေ့မြင်လာကြပြီးနောက် အီရတ်စစ်ပွဲအပေါ် လူကြိုက်များမှုနှုန်းမှာ ကျဆင်းသွားခဲ့သည်။ ကမ္ဘာ့ဒေသအများစုရှိ ပြည်သူများမှာ နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်လာမည်ကို ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ၎င်းတို့အစိုးရများကလည်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်ဖွယ် ရှိသည်များကို ပုံမှန် သတိပေးလျက် ရှိသည်။

**အဖွဲ့လိုက်လေ့ကျင့်ခြင်း**

**(စွမ်းရည်) -** ခွဲခြမ်းစိတ်ဖြာခြင်း

လက်ရှိအချိန်အထိ အကြမ်းဖက်မှုကြောင့် ဖြစ်သော စစ်ပွဲ၏ ကောင်းသော ရလဒ်နှင့် ဆိုးသော ရလဒ်များမှာ အဘယ်နည်း။
ဇယားတွင် ဖြည့်ပါ။

| အကြမ်းဖက်မှုကြောင့် ဖြစ်သော စစ်ပွဲ၏ ဖြစ်နိုင်ခြေရှိသော ရလဒ်ကောင်းများ | အကြမ်းဖက်မှုကြောင့် ဖြစ်သော စစ်ပွဲ၏ ဖြစ်နိုင်ခြေရှိသော ရလဒ်ဆိုးများ |
|---|---|
| | |

## အဆုံးမရှိ စစ်ပွဲ

အမေရိကန်သမ္မတဘုရှ်က ၎င်းကြေညာခဲ့သော 'အကြမ်းဖက်မှုစစ်ပွဲ' လုပ်ဆောင်ချက်မှာ ရှင်းလင်းပြီး ယခင်တိုက်ခိုက်ခဲ့ဖူးသော စစ်ပွဲများနှင့် မတူညီဟု ဆိုခဲ့သည်။

ဘုရှ်က ယင်းမှာ အလွယ်တကူ တိုက်ခိုက်နိုင်သော (သို့) အနိုင်ရနိုင်သော စစ်ပွဲ မဟုတ်ကြောင်း၊ ထို့ပြင် အနိုင်ရဖို့ရာ အချိန် မည်မျှ ယူရမည်မှာလည်း ကြိုတင် မခန့်မှန်းနိုင်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန် ဒုသမ္မတနှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူက ယင်းအကြမ်းဖက်မှုစစ်ပွဲမှာ နှစ်ပေါင်းများစွာ ကြည့်ရှုမည်ဟု အများပြည်သူရှေ့မှောက်တွင် အကြိမ်ပေါင်းများစွာ ပြောကြားခဲ့သည်။

အကြမ်းဖက်မှုစစ်ပွဲက ရန်သူသည် ယူနီဖောင်းမဝတ်၊ အလံမရှိဘဲ အမြဲတမ်းလိုပင်

ပြင်းထန်သော မျှော်လင့်ချက် ကင်းမဲ့မှုကို ခံစားရမည်။ ယင်းမှာ အဆုံးမရှိစစ်ပွဲဟု အဓိပ္ပာယ်ရသည်။ အချို့က အကြမ်းဖက်ဝါဒမှာ ရန်သူမဟုတ်၊ ခွဲထွက်ရန် ကြိုးစားသူများ အသုံးပြုသည့် အကြမ်းဖက်မှု နည်းတစ်မျိုးပင် ဖြစ်သည်ဟု ဆိုသည်။ ဆင်းရဲမွဲတေမှုနှင့် တရားမျှတမှု မရှိခြင်းမှာ ကမ္ဘာလူဦးရေ အများစုအတွက် အမှန်တရားများပင် ဖြစ်သည်။ ထို့ပြင် လူအချို့ကလည်း အကြမ်းဖက်ဝါဒသည် ယင်းအနေအထားများကို ပြောင်းလဲပစ်ရန် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်ဟု ဆိုကြသည်။

အကြမ်းဖက်သမားများက ကမ္ဘာတစ်ဝန်း နေရာအများအပြားတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများမှာလက်ခံနိုင်စရာမရှိ၊မျှတမှုမရှိဟုပြောဆိုကြသည်။အကြမ်းဖက်မှုစစ်ပွဲသစ်သည် လွန်ခဲ့သည့် ၃ နှစ်က စတင်ခဲ့သော်လည်း အထက်ပါအခြေအနေများမှာ ဆက်လက် ရှိနေခဲ့သည်။ ကမ္ဘာတစ်ဝန်း အင်အားကြီးနိုင်ငံများအနေဖြင့် ယင်းစိုးရိမ်မှုများကို လက်ခံမှု မပြုခဲ့ကြပေ။ ယနေ့အချိန်ထိ ယင်းပဋိပက္ခကို ဖြေရှင်းရန် အဖြေ ရှာမတွေ့သေးပေ။ စစ်အေးတိုက်ပွဲသည် နှစ်ပေါင်း (၄၀) ကျော် ကြာရှည်ခဲ့သည်။ အကြမ်းဖက်မှုစစ်ပွဲအတွက်မူ အဆုံးတွေ့ရန် မမြင်နိုင်သေးပေ။

## ဆွေးနွေးခြင်း

**၁။** အကြမ်းဖက်မှုစစ်ပွဲတွင် အမေရိကန်၏ အရေးယူလုပ်ဆောင်ချက်များက အယ်လ်ကေးဒါးတို့ တပ်သားသစ်များ ရှာဖွေနိုင်ရန် မည်ကဲ့သို့ အကူအညီပေးသနည်း။

**၂။** အကြမ်းဖက်သမား အများအပြား ပြောသည့် လက်မခံနိုင်ဘူးဟူသည့် အဓိက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများမှာ အဘယ်နည်း။ ယင်းအခြေအနေများက အကြမ်းဖက်မှု စစ်ပွဲတွင်အောင်မြင် မှု (သို့) ရှုံးနိမ့်မှုကို မည်သို့ ရိုက်ခတ်ခဲ့သနည်း။

## လေ့ကျင့်ခန်း

**စစ်အေးတိုက်ပွဲနှင့် အကြမ်းဖက်မှုစစ်ပွဲကြား အသွင်သဏ္ဌာန် တူညီမှုများနှင့် ခြားနားမှုများကို ဖော်ပြပါ။**

| အသွင်သဏ္ဌာန် တူညီမှုများ | ခြားနားမှုများ |
|---|---|
| | |

## လေ့ကျင့်ခန်း

ကမ္ဘာပေါ်ရှိ သြဇာအကြီးမားဆုံး လူပုဂ္ဂိုလ်တစ်ဦးထံပေးစာ အမေရိကန်သမ္မတထံ စာတစ်စောင် ရေးပါ။ အကြမ်းမှုစစ်ပွဲအသစ်နှင့် ပတ်သက်ပြီး သဘောထင်မြင်ထားသည်ကို သူ့ကို ပြောပါ။ ယင်းစစ်ပွဲကြောင့် ကမ္ဘာကြီး ပြောင်းလဲသွားမှုကို သင်မည်သို့ ထင်မြင်ထားသည်ကို သူ့ကို ရှင်းပြပါ။ အကယ်၍ သင် ပိုလုံခြုံစိတ်ချရမှု ရှိလာသည်ဟု ခံစားရလျှင် အဘယ့်ကြောင့် ဤသို့ဖြစ်ရသည်။ မဖြစ်ရသည်ဆိုသည်ကို သူ့ကို ပြောပါ။ ကမ္ဘာကြီးကို ပို လုံခြုံစိတ်ချရရန် မည်သည်များ လုပ်ဆောင်သင့်သည်ဆိုသည့် အချက်အပေါ် သင်မည်ကဲ့သို့ ထင်မြင်သည်ကို သူ့အား အကြံအချို့ ပေးပါ။